www.burmeseclassic.com



www.burmeseclassic.com

# မယ်မင်းဘို

BURMESE CLASSIC .com

အမုန်းပြယ်ဝိုင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## ၁

BURMESE CLASSIC .com

မနက်ခင်း သာသာယာယာမှာ မိသားစုစုံညီစွာဖြင့် ဘရိတ်ဖတ်စ်စားနေကြတာဖြစ်သည်။ သူမက ခပ်ဆိတ်ဆိတ်အနေအထားဖြင့် ရှမ်းခေါက်ဆွဲစားနေချိန်မှာ မေမေ့ဆီမှ စကားသံထွက်လာတာဖြစ်သည်။

"မနေ့က ဘာလို့ အိမ်ပြန်နောက်ကျတာလဲ ယု"

"ဟင် ... အိမ်ပြန်နောက်ကျတယ်၊ ဟုတ်လား ... သမီး၊ ဘာဖြစ်လို့လဲ"

"သူငယ်ချင်းအိမ်မှာ စာအုပ်ဝင်ယူနေလို့ပါ မေမေ၊ အန်တီဒီကိစ္စက စကားထဲထည့်ပြောစရာမလိုပါဘူး၊ ယု နည်းနည်းအိမ်ပြန်နောက်ကျတာ ဘာဖြစ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကျစ် ... ကြားနေကြ ဆူညံသံတွေက လာပြန်ပြီ။ ဗျာက ရှမ်းခေါက်ဆွဲကိုသာ ဆက်စားနေရင်း ကိုယ်နဲ့ မဆိုင်သလို ဘဲ နေလိုက်သည်။ ဒါပေမဲ့ မဆိုင်ဘူးဆိုပေမယ့်လည်း စကားသံ တွေက အတိုင်းသားကြားနေရသောအခါမှာ စိတ်ကတော့ အနှောင့် အယှက်ဖြစ်ရသည်။

"ဟဲ့ ... အန်တီက အိမ်ပြန်နောက်ကျလို့ နောက်ကျတယ် ပြောတာလေ၊ မိန်းကလေးဆိုတာ ပိပိပြားပြားနဲ့ လိမ္မာမှ ပေါ့၊ ယုကို လတ်လျားလတ်လျားနဲ့ အချိန်လျှောက်ဖြုန်း နေမှာစိုးလို့ ပြောတာလေ"

"ဟာ ... အန်တီ စကားပြောတာ မမိုက်ရိုင်းနဲ့၊ ကျွန်မက လတ်လျားလတ်လျားလား၊ ဒီအိမ်မှာ ကျွန်မလည်း ကိုယ့် ဝင်ငွေနဲ့ကိုယ် ရှာနိုင်နေသူပဲ၊ ဘယ်သူက အားယားနေတဲ့ လူပိုလဲ စဉ်းစားပါလား"

"ဘာပြောတယ်၊ အစ်ကို ... ယုယုယကို မပြောတော့ဘူး လား"





"သမီးတော်တော့၊ မိလည်း တော်တော့၊ ဘယ်လိုဖြစ်နေကြ တာလဲကွာ၊ မိသားစု ပျော်ပျော်ရွှင်ရွှင် ဘရိတ်ဖတ်စ်စားရမယ့် အချိန်မှာ၊ ဆူညံတာကို ဖေဖေ မကြိုက်ဘူး ယု၊ နောက်ပြီး မိကို အဲဒီလိုမျိုး ရိုင်းရိုင်းစိုင်းစိုင်း ပြောစရာမလိုဘူး ယု"

"ကျစ် ... ဖေဖေ့ကိုလေ စိတ်မဆင်းရဲစေချင်ပါဘူး၊ ဒါပေမဲ့ အန်တီ့ကိုလည်း ဖေဖေ ပြောထားလိုက်ဦး၊ ယုယုယတို့က ကိုယ်ပိုင်ငွေနဲ့ ရှာနိုင်ဖွေနိုင်နေတာ၊ ဒီအိမ်မှာ အရေးပါတဲ့သူ၊ လူပိုမဟုတ်ဘူး"

ပြောတာတွေက တဆိတ်တရားလွန်လာပြီ ဖြစ်တာ မို့ ဒီစကားဝိုင်းမှာ ဗျာကပါ ဝင်ပါရတော့သည်။

"ဒီမှာယု ... ကိုယ်နဲ့ဆိုင်တဲ့စကားကိုပဲ ပြောပါ၊ ဘေးပတ် ဝန်းကျင်ကိုလိုက်ပြီး မပုတ်ခတ်ပါနဲ့၊ စာသင်ရမယ့်အရွယ် မှာ စာသင်တယ်၊ အချိန်တွေကို သူ့ဇယားအတိုင်းပဲသွား တယ်၊ ဗျာတို့က ပညာနဲ့ပဲ အသက်မွေးဝမ်းကျောင်းလုပ် ချင်တယ်၊ ပေါ့ပျက်ပျက်အလုပ် မလုပ်ဘူး"

"ဘာပြောတယ် ... နင်ကများ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ကြတော့၊ ယုလည်း တော်၊ ဗျာ ... ယုက သမီးကိုပြောတာ မဟုတ်ပါဘူး၊ တစ်မျိုးမတွေးပါနဲ့ သမီး ရယ် နော်"

ဦးမြတ်ခက ကြားထဲက ဝင်တောင်းပန်တာကြောင့် စိတ်လျှော့လိုက်ကာ ခေါင်းညိတ်ပြလိုက်သည်။ ဒါပေမဲ့ စိတ်ထဲမှာတော့ အတော်ဖုံနေတာဖြစ်သည်။ ဆက်ပြောချင်ပေမယ့်လည်း မေမေ့မျက်နှာက ရှိနေသေးတာကြောင့် ဗျာ ဆက်မပြောတော့ဘဲ ရှမ်းခေါက်ဆွဲကိုသာ ဆက်စားနေလိုက်သည်။

ခဏအကြာမှာတော့ ဦးမြတ်ခက ကုမ္ပဏီသွား၊ ယုကလည်း မရှေးမနှောင်းမှာပင် ထွက်သွားလေတော့သည်။ ခပ်အေးအေးနေတဲ့ နေဝန်းကတော့ မနက်အစောကြီးကတည်းက သင်တန်းသွားနေတာမို့ အခု အိမ်မှာ မေမေနှင့် ဗျာပဲ ရှိနေတာဖြစ်၏။ ဗျာက အခန်းထဲပြန်ဝင်ကာ ဝတ္ထုဖတ်နေစဉ်မှာ မေမေက ဗျာ့အခန်းထဲ ဝင်လာ၍ ...

"ဘယ်လိုလဲ သမီး၊ ဒေါသဖြစ်သွားလား"

မေမေ့အမေးကြောင့် ဗျာက ဝတ္ထုစာအုပ်သောချလိုက်ပြီးမှ အပြုံးတစ်ခုဖြင့် ပြန်ဖြေလိုက်လေသည်။





"ဟင်း ဟင်း ... ရိုးနေပါပြီ မေမေရယ်၊ စကားများတိုင်းသာ ဒေါသထွက်ရမယ်ဆိုရင် ဗျာတော့ စိတ်ကြည်တဲ့နေ့ ဘယ်နေ့မှ ရှိတော့မှာ မဟုတ်ဘူး၊ မေမေကလည်း သွားပြောမနေနဲ့လေ၊ ယုယုယက ပြောလို့ရတဲ့ဟာမျိုးမှ မဟုတ်တာ"

"ဗျာရယ် ... သမီး စိတ်ပူမနေနဲ့၊ သမီးကို သူ ထိလို့မရပါဘူး၊ မေမေတစ်ယောက်လုံးရှိတယ်၊ ယုယုယရဲ့အစွယ်ကို မေမေ ရအောင်ချိုးပြမယ်၊ သမီးလေးသာ နေဝန်းခနဲ့ အဆင်ပြေအောင်နေ"

ဗျာက စိတ်ပျက်လက်ပျက်ဖြင့် လေပူတစ်ချက်မှုတ်ထုတ်လိုက်တော့သည်။ မေမေ စိတ်ချမ်းသာပါစေတော့ဆိုတဲ့စိတ်နှင့် မေမေပြောသမျှ ခေါင်းညိတ်နေရတာကို ကြာတော့ ရင်မောလာရသည်။ မေမေဟာ ဗျာ့အတွက် မိခင်ကောင်းဖြစ်ပေမယ့် ယုယုယနှင့် နေဝန်းခအတွက် မိထွေးဆိုတာမျိုး လုံးဝမဖြစ်စေချင်ပါ။

"မေရယ် ... အဲဒီလိုတော့ မလုပ်ပါနဲ့၊ သမီး အေးဆေးနေပါရစေ၊ နေဝန်းကို သမီး စိတ်မဝင်စားဘူး၊ အချစ်မပါတဲ့



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ရေးမျိုး သမီး မတည်ဆောက်ပါရစေနဲ့၊ ပြီးတော့ ဗျာ စာကိုပဲ ကောင်းကောင်းသင်ချင်တယ်”

“ဗျာ … ညည်းကတော့ တကယ့် အသိခေါက်ခက် အဝင် နက်ပဲ၊ မရဘူးနော် … နေဝန်းခဟာ ညည်းယူရမယ့် ယောကျ်ားပဲ၊ မေမေ့မျှော်လင့်ချက်တွေကို တစ်စစီ မရိုက်ချိုးချင်စမ်းပါနဲ့ ဗျာ၊ နေဝန်းခ ချမ်းသာသမျှ စည်းစိမ်တွေက ယုယုယနဲ့ မဆိုင်ဘူး၊ သူသာ တခြားတစ်ယောက်နဲ့ လက်ထပ်လိုက်လို့ကတော့ ဒီစည်းစိမ်တွေ သူများလက် ပါသွားပြီ”

“မေမေရယ် … အခုလည်း မေမေ ချမ်းသာနေတာပဲလေ”

“တော်စမ်း ဗျာ၊ မေမေ့ရည်ရွယ်ချက်တွေကို မဖျက်ဆီးစမ်းနဲ့ မေမေပြောတဲ့အတိုင်း လုပ်စမ်းပါ”

ဗျာ စကားလည်း ဆက်ပြောချင်စိတ် မရှိတော့ပါ။ မေမေဟာ ဗျာ့ကို နေဝန်းနဲ့ မရ,ရအောင် စီစဉ်မှာဖြစ်သည်။ ဘာလို့လဲဆိုတော့ နေဝန်းခဟာ သူ့အဖေ ဦးမြတ်ခရဲ့ညီ ဦးတိုးခရဲ့သားဖြစ်၏။ ငယ်ငယ်ကတည်းက သူ့မိဘတွေ ဆုံးပါးသွားတာကြောင့် ဦးမြတ်ခကပဲ အမွေစားအမွေခံ မွေးစားထားတာဖြစ်သည်။ ဦးတိုးခရဲ့ ရှိသမျှ စည်းစိမ်ဥစ္စာတွေအားလုံးကို ဘဏ်မှာထား၍ အမွေထိန်းရှေ့နေက နေဝန်းခ အသက် နှစ်ဆယ့်ခြောက်နှစ်ပြည့်တာနှင့် အပြီးအပိုင် လွှဲပေးမှာဖြစ်သည်။ ဒါတွေကို အစအဆုံးသိထားတဲ့ မေမေက နေဝန်းခနှင့် ဗျာ့ကို မျက်စိကျနေတာဖြစ်၏။ ဗျာကတော့ မေမေ စိတ်ဝင်စားတဲ့ ကိန်းဂဏန်းတွေကို မက်မောမနေချင်ပါ။

“ဟဲ့ … ဗျာ၊ ငါပြောနေတာ ကြားလား”

မေမေက ဗျာ့ရဲ့ပခုံးကို ဆတ်ခနဲပုတ်ကာ မေးလေလျှင် ဗျာက စကားနည်းရန်စဲ ခေါင်းညိတ်ပြလိုက်ရင်းက …

“အင်းပါ … မေမေရယ်၊ ဗျာ ကြိုးစားပါ့မယ်၊ မေမေ စိတ်မညစ်စေရပါဘူး၊ အခုတော့ ဗျာ သင်တန်းသွားဖို့ အချိန်နီးနေပြီ၊ ဗျာ ပြင်လိုက်ဦးမယ်”

“ဟုတ်ပါပြီ၊ ဒါပဲနော် … မေမေက သမီးလေးကို အရမ်းယုံထားတာနော်၊ ရည်းစားဘာညာ အသံကြားလို့ကတော့ မလွယ်ဘူးမှတ်၊ မေမေ့သမီးဟာ တစ်နေ့တခြား တန်ဖိုး







www.burmeseclassic.com

www.burmeseclassic.com



တက်သုထက်တက်ရမယ်၊ အဖိုးတန်တဲ့သမီးပဲ ဖြစ်နေရမယ်"

ဖျာ့အပေါ်ကို ရည်ရွယ်ချက်ကြီးကြီးထား၍ ပုံသွင်းသည့်အတိုင်း ဖျာကလည်း ပုံစံခွက်ထဲမှာ နေပျော်ခဲ့သည်။ ဖျာအခုလို စိတ်အေးလက်အေး ပညာသင်ကာ အဖိုးတန်သမီး ဖြစ်လာတာဟာ မေမေ့ရဲ့ မေတ္တာစေတနာတွေကြောင့်ပဲဖြစ်သည်။

♥ ✦ ♥





## ၂

"ဟိုမှာ လာနေတာလေ ပန်းဆီရောင် အိန်ဂျီလေး"

ဂါသည် ရဲကို ပြော,ပြောနေတဲ့ တစ်ယောက်ကို လှမ်းကြည့်လိုက်သည်။ မြန်မာ့ချည်ထည် hand made ပန်းဆီရောင် ရင်ဖုံးလေးနှင့် ဝမ်းဆက် ထဘီရှည်ရှည်လေးနှင့် အေးဆေးတည်ငြိမ်စွာ လျှောက်လှမ်းလာတဲ့ ယဉ်တစ်ကိုယ်မယ်လေးကို မြင်ရတာဟာ ရင်ထဲမှာ ရေခဲရေလောင်းခံရသလို စိမ့်ခနဲဖြစ်သွားရလေသည်။

"ဂါ ... ရှိုးလုချည်လား၊ ဘာလဲ ... ဒါလည်း ဟတ်ထိပြန်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ရဲကိုက သူ့ပခုံးကိုဖက်ကာ နောက်ရွတ်ရွတ်ပြောလေလျှင် သူက ဟက်ခနဲ ရယ်မိသွားသည်။ အခုခေတ်မှာ ကောင်မလေးတိုင်းက ဆင်ကြတာမို့ အရမ်းအရမ်းကို လှလာကာ ဘာပဲကြည့်ကြည့် လှနေပါ၏ဆိုသလိုကို ဖြစ်နေသည်။

"မဆိုးပါဘူး၊ အိုး ... အိုး ... ဟော့တယ် မဟုတ်ပေမယ့် Traditional Angel လေးပဲ၊ သူလေးက ဘူလေးလဲ"

"ပျို့ကဗျာတဲ့၊ ဆေးကျောင်းသူလေးလေ၊ ဒါပေမဲ့ I.M (2) က"

"ဟား ... ဂယ်လား၊ ဒါဆိုရင်တော့ ဒါ ငါ့ဖယားလေးပဲ ဖြစ်နေပြီနော်"

"သေလိုက်ပါလား၊ မင်းက ပေါပါတယ် ဂါဂါရာ၊ ဒါလေးက ငါ့အတွက်ထားပါ"

"ငါ့ကို ဦးစားပေးပါ ရဲရာ၊ နှလုံးသားဒဏ်ရာ မြားထိမှန်၍ ပုံသေလစာ (၁၅၀၀)နှင့် ဆရာဝန်မလေး အလိုရှိသည်လို့ ငါ ကြေညာထားတာ ကြာပြီဟာကို၊ ဒါလေးကိုတော့ ရှော်လိုက်ပါ ဘဲကြီးရာ ... နော်၊ ငါ နိုက်သွားလို့"





ဂါက ရဲကိုကို ပြောလျှင် သော်ကြီးကပါ သူ့ဘက်က စစ်ကူပေးလေ၏။

"ဟုတ်တယ် ရဲရေ၊ မင်း ဆေးမီသေးရင် ရှော်ပေးလိုက်စမ်းပါကွာ၊ I.M (1) က ဆော်တွေ သူ့အကြောင်းသိလို့ ဘယ်သူမှ မကြိုက်တော့ဘူး၊ သနားပါတယ်ကွာ"

သော်ကြီးကပါ ဝင်ပြောပေးလျှင် ရဲကိုက သူ့ကို ဘုကြည့်,ကြည့်ကာ ...

"ဟော့ကောင် ... ငါနော် ဟင်း ... ပြီးရောကွာ၊ ငါ လက်ခံလိုက်တာ ပိုးပိုးတုန်းက မင်း ငါ့ကို ကူညီခဲ့ဖူးတဲ့ကျေးဇူးကြောင့်နော်၊ မင်း အီရုံလောက်ပဲဆိုရင်တော့ ငါ လက်မခံဘူး ဟော့ကောင်"

"ဟာ ... Shake လိုက် ရဲ၊ Promise ... တကယ်အတည် ရည်ရွယ်ပါတယ်ကွာ ဂယ်ပြောတာ"

"မင်းကတော့ လုပ်ပြီ၊ ပြီးတာပဲကွာ၊ ရှော်တီလေးကို ရှော်လိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲကို စကားကြောင့် သူက အရမ်းကို ဝမ်းသာသွားကာ ပြုံးမိသွားသည်။ လုံးဝကို အထာကျလှသော မိန်းမချောလေးဖြစ်ပေသည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ အသားအရေအားလုံး အားလုံးဟာ အလုံးစုံ Smooth ပဲဖြစ်၏။ သူဟာကောင်မလေးကို သဘောတွေ အကျကြီးကျလျက် ထိုင်ရာမှဆတ်ခနဲထလိုက်လျှင် ရဲကိုက သူ့လွယ်အိတ်ကြိုးကို လှမ်းဆွဲ၍မေးလေသည်။

"ဟေ့ကောင် ... မင်း ဘာလုပ်မလို့လဲ"

"မင်းစောင့်ကြည့်လိုက်လေ ဘရာသာရဲ့၊ တစ်ချက်တည်းနဲ့ ကောင်မလေး ငါ့ကို မှတ်မိသွားအောင် Creation လေး လုပ်မလို့ကွဲ ... အဟဲ ဟဲ"

ဂါ က ပြုံးစစမျက်နှာထားဖြင့် ရဲကို့ကို မျက်စိတစ်ဖက်မှိတ်ပြကာ အိန်ဂျယ်လေးဆီ ထွက်လာခဲ့သည်။ ပြီးတော့ အဖော်မပါ တစ်ကိုယ်တည်းလွင့်နေတဲ့ ပန်းရောင်လေပြည်လေးကို သူက နောက်ကနေ "ရှတ် ... ရှတ်"ဟု အသံပေးကာ လှမ်းခေါ်လိုက်လေသည်။





"ဒီမှာ ... ဒီမှာ ... အစ်မ"

ကောင်မလေးက လှည့်ကြည့်လို့လာလျှင် သူက သွားအဖြီသားဖြင့် ဟဲခနဲရယ်ပြလိုက်ကာ သူမအနားသို့ တိုးကပ်လိုက်ပြီးနောက် အတည်အတံ့စကား ပြောလိုက်တော့သည်။

"ဟိုဘက် Section မှာ တက်တာမှလား"

သူ့ကို ခေါင်းညိတ်ပြလေသည်။ ဟိ ... လှုပ်လို့ရပြီ။ လှုပ်လို့ရပြီ။ ဂါသည် လည်ချောင်းတစ်ချက်ရှင်းလိုက်ပြီးမှ ...

"အဟမ်း ... ဟိုဘက် Section က ပိတ်တယ်တဲ့၊ trainer မလာလို့ ပိတ်ပေးတာတဲ့"

"အမ် ... မဟုတ်ပါဘူး၊ ဖွင့်ပါတယ်"

မယုံသလိုကြည့်ကာ သူ့ကိုပြန်ပြောသူလေးကို သူက ခပ်တည်တည်ပင် ထပ်ပြောလိုက်ပြန်၏။

"ဩော် ... ကျွန်တော့်ကို သင်တန်းသားအားလုံးကို Class ပိတ်ကြောင်းပြောပေးဖို့ တာဝန်ပေးထားတာဗျ၊ ယုံတာမယုံတာကတော့ ခင်ဗျားအပိုင်းပဲလေ"

ကောင်မလေးသည် သူ့ရဲ့ မှင်သေသေပုံစံဖြင့် ပြောနေပုံကို ယုံသလိုလို ရှိသွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အင်း ... ကျေးဇူးပါပဲနော်"

ပြောပြီးတာနှင့် သူမက အိတ်ထဲက ဖုန်းလေးကိုထုတ်ကာ သူမ ဘော်ဒါတွေဆီကို ဆက်ပြီးမေးမလို့ထင်သည်။ ဂါက ဒီခွင်ကို စောင့်နေတာမို့ သူမအနားက မသွားသေးဘဲ ရပ်စောင့်ပေးနေလိုက်သည်။

"ဟယ်လို ... ဖြူ ... နင် ဘယ်မှာလဲ၊ ဒီနေ့ သင်တန်းပိတ်တယ်နော်"

"... ..."

"ဘာ"

ကောင်မလေးရဲ့ ကြည်နေတဲ့ မျက်နှာလေးသည် စိတ်ဆိုးအံ့အားသင့်မှုကြောင့် အနီဖျော့ဖျော့ကာလာ ရှိန်းသွားလေသည်။

"ဟုတ်ပြီ၊ ငါ အခုပဲ လာခဲ့မယ် ဖြူ၊ ဒါပဲနော်"

ဖုန်းပိတ်ပြီးတာနှင့် သူ့ကို တည်တင်းသောမျက်နှာလေးဖြင့် စ,ကောတော့တာဖြစ်သည်။

"ဒီမှာ ... ရှင် ဘယ်လိုလူလဲ၊ ဘာသင်တန်းမှမပိတ်ဘူးတဲ့၊ ဘာကိစ္စ ဒီလို မဟုတ်တမ်းတရားတွေ လာပြောနေတာလဲ"





"အဟဲ ... ဟဲ ... Peace ပါ ပျို့ကဗျာ၊ ဒီလောက်ဆိုရင် မင်း ကိုယ့်ကို နောက်တစ်ခါထပ်တွေ့ရင် မှတ်မိပြီလို့ထင်ပါတယ်၊ ခင်လို့ စတာနော်၊ စိတ်မဆိုးကြေး"

သူက ပြောပြီးတာနှင့် သူမရှေ့က လှစ်ခနဲ ပြေးထွက်လာခဲ့သည်။ ကျန်နေခဲ့တဲ့ ပျို့ကဗျာမှာ ဒေါသတွေထွက်ပြီး ဆွေ့ဆွေ့ခုန် ကျန်နေရစ်မှာ သေချာပေသည်။ ပြီးတော့ သူ့ကို ကောင်းကောင်းကြီး မှတ်မိသွားသလို ကောင်းကောင်းလည်း အမြင်ကတ်သွားပေလောက်မည်။

အမြင်ကတ်လာရင် ချစ်လာဖို့ နီးစပ်တယ်ဆိုတာ သူ သုံးနေကြ တက်ကနစ်များစွာထဲက တစ်ခုဖြစ်လေသည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၃

"ဗျာ ... ဒီမှာ ဘာရပ်လုပ်နေတာလဲ"

ဗျာ့ဘေးနားမှာ အုံ့မှိုးသွားသည့် အရိပ်ကြောင့် ဗျာက မော့ကြည့်လိုက်လျှင် နေဝန်း ဖြစ်လို့နေသည်။ နေဝန်းက ကားမှတ်တိုင်ကို ဘာလာလုပ်တာပါလိမ့်။ ဗျာ့အတွေးကို သိနေသည့်အလား သူက ဆက်ပြောလေသည်။

"ဒီဘက်မှာ ကိုယ့်အလုပ်သမားတစ်ယောက်ရဲ့အိမ်ကို လာရင်းနဲ့ မှတ်တိုင်မှာ ဗျာ့ကို တွေ့လိုက်လို့၊ ဗျာ ကျောင်းတက်တာ ကားမယူလာဘူးလား"

နေဝန်း မေးတာကိုဖြေဖို့ အဆင်အပြေဆုံး အဖြေတစ်ခုကို ခေါင်းထဲမှာ အလျှင်အမြန်စဉ်းစားပြီး ဖြေလိုက်ရသည်။





"ဟုတ်တယ် ... ဒီနေ့ မယူလာတာ၊ ကားက မောင်းရတာ တစ်မျိုးဖြစ်နေလို့၊ တော်ကြာ လမ်းမှာပျက်တာ ဘာညာ ဖြစ်မှာစိုးတာနဲ့ သူငယ်ချင်းဝပ်ရှော့ပ်ကို ပို့ထားတယ်"

"ဪ ... ဗျာ အိမ်ပြန်မှာမလား"

ဗျာက ခေါင်းညိတ်ပြလိုက်လျှင် သူကပါ ခေါင်းတစ်ချက်ဆတ်ပြရင်း ...

"အဲဒါဆို ငါနဲ့ပဲပြန်လိုက်ခဲ့လေ၊ ငါ အိမ်ပြန်တော့မှာ"

"ဪ ... အင်း ... ကျေးဇူး"

မတတ်နိုင်တော့။ ဗျာ နေဝန်းကားနဲ့ပဲ ပြန်လိုက်လာခဲ့ရတော့သည်။ အိမ်ပြန်ရောက်ရင် မေမေ့ကို ဆက်လိမ်ရဦးမည်ဖြစ်သည်။ အမှန်တကယ်တော့ ဗျာ အိမ်ကထွက်လာတုန်းက ကားပါလာသည်။ ဒါပေမဲ့ ကျောင်းကိုလာရင် ဘယ်တော့မှ ကားကို ကျောင်းအထိ မောင်းမလာဘဲ အချစ်ဆုံးသူငယ်ချင်း ဖြူဖြူ့အိမ်ရှေ့မှာပဲ ရပ်ထားပစ်ကာ ဖြူဖြူနဲ့အတူ Bus နဲ့ ပြန်လာပြီးတော့မှ ဗျာက အိမ်ကို ကားမောင်းပြီး ပြန်လာခဲ့တာဖြစ်သည်။ မေမေသာ ဒီကိစ္စသိရင် မိုးမီးလောင်မှာဖြစ်သည်။ မေမေ



www.burmeseclassic.com

www.burmeseclassic.com



က ဗျာ့ကို အကောင်းဆုံး အမြင့်ဆုံး တန်ဖိုးအကြီးဆုံးတွေကို ဖန်တီးပေးထားကာ လိုတရဘဝမျိုးကို ပေးထားတာဖြစ်သည်။

ဒါပေမဲ့ ဗျာ အဲဒါတွေကို အခန့်သားယူနေရတာ လိပ်ပြာမလုံပေ။ မေမေဟာ ဦးမြတ်ခနဲ့လက်ထပ်လိုက်လို့ ကျိကျိတက်ချမ်းသာသွားတယ်ဆိုတဲ့ စကားသံတွေရဲ့နောက်မှာ သူ့သမီးကတော့ ဘာဟဲ့ ဘယ်လိုဟဲ့ဆိုတာမျိုးတွေလည်း မကြားချင်တာကြောင့် ဗျာ စည်းစိမ်တွေနဲ့ မလှမ်းမကမ်း မြင်နေရုံအကွာအဝေးလောက်မှာသာနေ၏။

"ဗျာ ... ငြိမ်လှချည်လား၊ စိတ်ပြေလက်ပျောက်ဖြစ်အောင် ငါတို့ တစ်ခုခုသွားစားမလား"

နေဝန်းက ဗျာ့ကို လှမ်းစကားပြောမှ ဗျာဟာ အတွေးနယ်မှထွက်လာကာ စိတ်တို့က ပစ္စုပ္ပန်မှာ လာကပ်လေသည်။

"ဗျာကတော့ ဗိုက်မဆာပါဘူး၊ နေဝန်း စားချင်ရင်တော့ စားလေ"

"Ok... ဒါဆိုရင် ပန်းစွယ်တော်ကို မောင်းလိုက်မယ်နော်"





ဗျာက ခေါင်းသာညိတ်ပြလိုက်သည်။ နေဝန်းနဲ့ အခုလို အဆင်တပြေပြေ ရှိနေတာကိုသာ မေမေမြင်ရင် ဒီထက် နှစ်ဆတိုးကာ စိတ်ချမ်းသာ၍ ပိုတောင်နုပျိုလာမည်ထင်သည်။ ဗျာကတော့ မေမေ စိတ်ချမ်းသာစေဖို့ အလိုက်အထိုက်ဆက်ဆံနေရတာပဲဖြစ်သည်။

နေဝန်းနဲ့အတူ ဆိုင်ထိုင်ရင်းက နေဝန်းက တက်တက်ကြွကြွပင် စားစရာတွေ မှာလေသည်။ အားလုံးမှာပြီးပြီဆိုမှ ဗျာကပဲ စကားစပြောလိုက်တော့သည်။

"နေဝန်း လုပ်ငန်းတွေ အဆင်ပြေရဲ့လား"

"အင်း ... ဒီလိုပါပဲ၊ ဈေးကွက်မှာက Electronic ပစ္စည်းဖြန့်တဲ့ကုမ္ပဏီတွေက အများကြီးဆိုတော့ သူတို့ကို ယှဉ်နိုင်ဖို့ အတော်ကြိုးစားရတာပေါ့၊ သိပ်အကောင်းကြီးမဟုတ်သလို၊ အဆိုးကြီးလည်းမဟုတ်ပါဘူး၊ ကိုယ်က အနောက်က ငွေလိုက်နိုင်တော့ ပိုခံသာတာပေါ့ ...

ဗျာနဲ့တောင် စကားအေးဆေးမပြောဖြစ်တာကြာပြီ၊ ဗျာလည်း စာတွေနဲ့နပန်းလုံးနေရတာနဲ့ ပင်ပန်းနေမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဝါသနာပါတာ လုပ်နေရတာဆိုတော့လည်း ပင်ပန်းတယ်မထင်ပါဘူး နေဝန်းရယ်၊ ဒီလိုပဲ ပေြးပြေးလွှားလွှားသွားသွားလာလာပေါ့"

အဲဒီလိုမျိုး ရောက်တတ်ရာရာလေးတွေ ပြောရင်းဆိုရင်း စားကြသောက်ကြဖြင့် ဗျာတို့က အဆင်ပြေလှပေသည်။ နေဝန်းက ယုယုယလိုမဟုတ်တော့ ဗျာနဲ့ Flexibleဖြစ်လှသည်။ ဗျာ့ကိုဆို ဘယ်တုန်းကမှ မနှိမ်။ သူ့အဖေမိန်းမရဲ့ မယားပါသမီးဆိုပြီး နှင်းထိုးဆက်ဆံတာမျိုးလည်းမဟုတ်။ ဗျာ့အပေါ်ကို မောင်နှမလိုသူငယ်ချင်းလို အေးဆေးပေါ့ပါးစွာ ပြောဆိုဆက်ဆံတတ်သူဖြစ်သည်။ မေမေက သူ့နှင့် ဗျာ့ကို ရည်ရွယ်ထားတဲ့အတွက် ဗျာ့ဘက်က သူစိတ်ဝင်စားအောင်၊ ချစ်ခင်ဖွယ်ဖြစ်အောင် နေထိုင်ပြုမူရမယ်ဆိုတဲ့ စကားတွေ ခေါင်းထဲဝင်လာလျှင် ဗျာ တကယ်ပဲအသက်ရှူမဝချင် ဖြစ်ရပါသည်။

ဗျာ့တို့ စားသောက်ပြီးလို့ အိမ်ပြန်ရောက်လျှင် နေဝန်းကားနဲ့အတူ ပါလာတဲ့ ဗျာ့ကို မေမေက ကျေနပ်ပြုံးတစ်ခုပြုံးပြလိုက်ပြီးမှ ...





"အယ် ... ကြည့်စမ်း၊ သမီးနဲ့သားက အတူပြန်လာတာလား၊ မေမေကလေ သမီးလေးကော သားကော ပြန်မလာသေးဘူးဆိုပြီး စိတ်ပူလို့ မျှော်နေတာ၊ သမီးကားကော"

"ဟို ... ပျက်လို့ ဝပ်ရှော့ပ်ပို့ထားတယ် မေမေ"

"ဪ ... အေး အေး၊ သား ... နေဝန်း ... မင်းညီမကိုအခုလို စောင့်ရှောက်ပေးတာ ကျေးဇူးနော်"

"ဟာ ... ရပါတယ် အန်တီမိကလည်း၊ ကျွန်တော် သွားနားလိုက်ဦးမယ်"

"အေး အေး ... သား"

နေဝန်းက သူ့အခန်းထဲ သူဝင်သွားသည်နှင့် မေမေက ဗျာ့လက်ကိုဆွဲကာ အပေါ်ထပ်က ဗျာ့အခန်းထဲသို့ ဆွဲခေါ်သွားကာ ပျော်ရွှင်ကျေနပ်စွာဖြင့် ဗျာ့ခေါင်းလေးကို တစ်ချက်ပုတ်၍ ...

"အမယ်လေး ... တော်လိုက်တဲ့ သမီးလေး၊ နေဝန်းနဲ့သမီး အခြေအနေက ဘယ်လိုလဲ၊ ချစ်သူတွေ မဖြစ်သေးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဖျာက မေမေ့အမေးစကားကြောင့် စိတ်ရှုပ်စွာဖြင့် ကျစ်ခနဲ တစ်ချက်စုတ်သပ်လိုက်၍ ...

“ကျစ် ... မေမေကလည်းကွာ၊ နေဝန်းနဲ့ ဖျာ လမ်းမှာ မတော်တဆ ဆုံမိလို့ သူ့ကားနဲ့ အိမ်ပြန်လိုက်လာတာ၊ ဘာမှ အဆန်းတကြယ်မရှိဘူး၊ ရိုးရိုးလေးပဲ”

“မိဖျာရယ် ... ညည်းဟာလေ၊ ဟွန်း ... ငါမပြောလိုက်ချင်ဘူး၊ နေဝန်းကို နင် စိတ်မဝင်စားလို့မရဘူး၊ နင့်ဘဝမှာ လိုလေသေးမရှိ ကြည်ဖြူနိုင်ဖို့ နေဝန်းကို စိတ်ကိုဝင်စားရမယ်၊ ယုယုယက ငါ့သမီးဆီမှာ လက်ဖြန့်ခံတောင်းတဲ့ဘဝရောက်သည်အထိ နင့်ကို မြှင့်တင်ပေးဖို့အတွက် နင် နေဝန်းခကို စိတ်ဝင်စားရမှာပဲ”

ဟူး ... စိတ်ရှုပ်လိုက်တာ။ ကိုယ့်ခံစားချက်တွေကို ပါးစပ်ကနေ ရေလည်အောင် ထုတ်ရှင်းပြနေလည်း ဘာမှထူးမှာ မဟုတ်ပေ။ ဖျာက ဆံပင်တွေကို စုကာလိမ်၍ ကလစ်နဲ့ ပင့်တင်လိုက်ပြီးမှ မေမေ့ဘက်လှည့်ခေါင်းဆတ်ပြကာ ...





“ဖျာလည်း ယုယုယယကို မကျေနပ်ပါဘူး၊ သူ့ကို မကျေနပ်လို့ အလဲထိုးချင်တာလောက်နဲ့တော့ နေဝန်းကို သမီး စိတ်မဝင်စားချင်ပါဘူး”

“တော်စမ်း မိဖျာ၊ စကားပြောတတ်တိုင်း လျှောက်ပြောမနေနဲ့၊ နင် ဒီလို ဇိမ်ကျကျနေနိုင်ဖို့ နင် ငါ့စကားနားထောင်ရမှာပဲ၊ ပြောရဆိုရ ခက်လိုက်တာ၊ အပြတ်ပြောထားတာနော်၊ နေဝန်းခကိုပဲ လက်ထပ်ရမယ်”

မေမေက အပြတ်ကြိမ်းသွားကာ အခန်းထဲက ထွက်သွားလေသည်။ မေမေ့ရဲ့ တမ်းတမျှော်လင့်ခြင်းတွေ ဖြည့်ဆည်းပေးဖို့ အချိန်တွေက တစ်ရက်ထက်တစ်ရက် နီးကပ်လာသလို ခံစားရလေလျှင် လူတစ်ကိုယ်လုံးဟာ နုံးချိပျော့ခွေလို့ သွားချေသည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၄

မနေ့ညက ကလပ်မှာ ရေလည်ကဲခဲ့တာကြောင့် အိပ်ရာထတော့ ဆယ့်တစ်တောင်ခွဲပြီဖြစ်သည်။ ဂါက မွေ့ရာပေါ်မှာ ငါးမိနစ်လောက် မှိန်းနေလိုက်ရင်း ဗိုက်ထဲက အချက်ပေးလာတာကြောင့် သူက မွေ့ရာပေါ်က ကုန်းရုန်းထကာ မျက်နှာသစ်သွားတိုက်ပြီးမှ မနက်စာစားဖို့ စဉ်းစားရသည်။ အိမ်မှာကလည်း မနေ့က ဟိုကောင်တွေလာလို့ ရှိသမျှ အကုန်းစားသွားတာ ဘာတစ်ခုမှ မရှိတော့။

ဂါသည် ဗိုက်က တော်တော်ဆာနေပြီမို့ သိပ်စဉ်းစား မနေတော့ဘဲ တိုက်ခန်းသော့ပိတ်ကာ လမ်းထိပ်က စားသောက်ဆိုင်ကို ကားနဲ့ပဲ ခပ်မြန်မြန် ထွက်လာခဲ့တော့သည်။





“ပင်လယ်စာ ထမင်းကြော်တစ်ပွဲ၊ ရေသန့်တစ်ဘူးချကွာ၊ မြန်မြန်လုပ်နော်”

ဂါက waiter ကိုမှာပြီးလျှင် သူ့ဖုန်း list တွေကို ထုတ်ကြည့်ရသည်။ မနေ့ညကတည်းက Silent လုပ်ပြီး ပစ်ထားခဲ့သော သူ့ဖုန်းမှာ Missed call က အခုနှစ်ဆယ်ရှိသည်။ အိမ်က ဆက်တာတင် မနည်းမနော။ ကျိုင်ပဲကွာ။ ဂါက ချက်ချင်းပင် ဖုန်းပြန်ခေါ်လိုက်ရသည်။ ဒီအချိန်ဆိုရင်တော့ ဖေဖေကော မေမေပါ အိမ်မှာမရှိတော့ဘူးဆိုတာ သိနေတာကြောင့် သူက ဆိုင်ဖုန်းကို လှမ်းခေါ်လျှင် မေမေက ဖုန်းကိုင်လေသည်။

“ဟယ်လို”

“မေမေ ... သားပါ”

“အမယ်လေး ဂါရယ်၊ စိတ်ပူလိုက်ရတာဟယ်၊ ဘာတွေဖြစ်နေလို့ ဖုန်းက မကိုင်နိုင်ရတာလဲ၊ မေမေ ရန်ကုန်တောင် ဆင်းလာတော့မလို့၊ သား ဘာတွေလုပ်နေတာလဲ”

ဂါက လာချပေးတဲ့ ထမင်းကြော်ကို တစ်လုတ်စား လိုက်ရင်းက ပြန်ဖြေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် … မေမေ၊ သား ညက သူငယ်ချင်းတွေနဲ့ စုပြီး စာကျက်နေကြလို့ ဖုန်းကို Silent လုပ်ထားမိတာ၊ ညက ညဥ့်နက်သွားတာရော ပြီးတော့ ဒီမနက် ပိတ်ရက်ဆိုတော့ အိပ်လိုက်တာ အခုနိုးမှ ဖုန်းဖွင့်ကြည့်မိလို့"

သူက လုလုပပလေး အလျှောက်ကောင်းပြလိုက်လျှင် သူ့အတွက် အေးဆေးဖြစ်လို့သွားလေသည်။

"ဪ … အေးပေါ့၊ အေးပေါ့၊ မေမေကလည်း သား ဘာများဖြစ်သလဲဆိုပြီး စိတ်တွေပူနေတာ၊ စာကျက်တာလည်းကျက်ပေါ့၊ ဒါပေမဲ့ သိပ်ညဥ့်နက်အောင် မကျက်နဲ့နော်၊ သားလေး ကျန်းမာရေးဂရုစိုက်၊ အခုကော ဘာစား ပြီးပြီလဲ"

"အခု လမ်းထိပ်ကဆိုင်မှာ၊ ထမင်းကြော်စားနေတာလေ"

"ဪ … အေး အေး၊ ဒါနဲ့ ဒီနေ့ စနေနေ့ သား ကျူရှင် မရှိဘူးလား"

"မရှိဘူး မေမေ၊ ဆရာကြီးက ခရီးသွားလို့ ကျူရှင်ပိတ်ပေးထားတာ၊ ဟို … အမေ အဲဒါဆို သား ထမင်းစားလိုက်ဦးမယ်၊ နောက်ပြီးမှပဲ ပြန်ဆက်လိုက်တော့မယ်"





"ဟုတ်ပြီ … ဟုတ်ပြီ၊ ဖြည်းဖြည်းစား သား"

မေမေ ဖုန်းချသွားမှ သူဟာ ဟူးခနဲ လေပူမှုတ်ထုတ်နိုင်တော့တာဖြစ်သည်။ ဂါသည် ဖုန်းကို ဘေးချ၍ ထမင်းကြော်ကို အားရပါးရလွေးလေတော့သည်။ တစ်ဝက်နီးနီးကုန်ခါနီးမှပဲ သူ့ဗိုက်က နည်းနည်းနေသာထိုင်သာ ရှိသွားတော့သည်။ မေမေ့ကို လှည့်ပတ်လိမ်ညာပြီး ပြောနေတာတွေကို အမေနဲ့အဖေ သာသိရင် သူ့ကို အသေတောင်သတ်ပစ်မလားမသိပေ။

ရန်ကုန်မှာ တိုက်ခန်းဝယ်ပေးထားကာ သူ့ကို ဒီမှာ ဆေးကျောင်းတက်ခွင့်ပြုထားတာကြောင့် သူက အရမ်းကို ဖလန်းတွေထကာ ကဲလို့ကောင်းတိုင်း စွတ်ကဲနေတာဖြစ်သည်။ သူက ရုပ်ချော၊ ဥစ္စာပေါ၊ သဘောတူ မနောဖြူတဲ့ အမရပူရက လာတဲ့သူမို့ သူ့ကိုဆို Welcome လုပ်သူတွေ ဒုနဲ့ဒေးပင်ဖြစ်၏။

ဂါက စားနေတုန်းမှာ ဖုန်းကလာပြန်တာမို့ သူက လက်နဲ့ဖိဆွဲလိုက်၍ ဖုန်း ပြန်ထူးလိုက်သည်။

"ဟုတ်ကဲ့ အန်တီ ပြောပါ"

"ဘယ်လိုလဲ ရွှေဘုန်းဂါ၊ အခြေအနေ ဘယ်လိုရှိလဲဟေ့"

"ဒီလိုပါပဲဗျ၊ အဆင်ပြေပါတယ် အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောစကားကို တစ်ဖက်က သိပ်အားရပုံပေါ် ဟန်မတူဘဲ ဟင်းခနဲ သက်ပြင်းတစ်ချက်ချ၍ ...

"အန်တီ အကူအညီတောင်းတာပါ သားရယ်၊ အန်တီက မောင်ရွှေဘုန်းဂါကို ယုံကြည်အားကိုးလို့ အကူအညီတောင်းတာပါ၊ ကျေးဇူးပြုပြီး ကူညီပေးပါကွယ်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်လည်း အန်တီ့ကို ကူညီဖို့ ဆုံးဖြတ်ထားပါတယ်၊ ကျွန်တော် တတ်နိုင်သလောက်ပေါ့နော်၊ ဒီနေ့ ကျွန်တော်လာခဲ့မယ်ဆိုတာ သူနဲ့ချိန်းထားပြီးသားပါ၊ ခဏနေရင် သွားလိုက်ပါ့မယ်"

"Ok အဆင်ပြေပါစေ ရွှေဘုန်းဂါ၊ အန်တီ နောက်မှ ထပ်ဆက်ပါ့မယ်"

"ဟုတ်ကဲ့ဗျ"

ဂါက ဖုန်းချလိုက်ပြီးနောက် လေပူတစ်ချက်မှုတ်ထုတ်လိုက်မိသည်။ ဟုတ်တာပေါ့။ သူ ဒီနေ့ချိန်းထားတဲ့ကိစ္စရှိသေးတာပဲ။ ဂါသည် စားစရာတွေကို မြန်မြန်လက်စသတ်ကာ ပိုက်ဆံရှင်ပြီးနောက် သူ အိမ်တစ်ခေါက်ပြန်သည်။ တီရှပ်တစ်ထည်





ကို ဂျင်းဘောင်းဘီနဲ့ ရိုးရိုးလေး ဝတ်လိုက်တာပေမယ့်လည်း မိုက်တာကတော့ မိုက်တာပဲဖြစ်သည်။ သူ့ရဲ့ အဲဒီ ဒီဇိုင်းတွေကြောင့်ပဲ ဒေါ်မိမိချိုဆိုသည့် အမျိုးသမီးက အကွက်မြင်စွာ အကူအညီတောင်းခဲ့တာဖြစ်မည်။ ဂါသည် မှန်ထဲက သူ့ပုံရိပ်ကို ကြည့်ကာ တစ်ချက်ပြုံးလိုက်ပြီးမှ သူ့လတ်တလောခတ်ကျနေသည့် Police ရဲ့ Zippo ရေမွှေးကို လန်းဆန်းနေအောင် ဆွတ်ဖျန်းလိုက်သည်။ အားလုံးပြင်ဆင်ပြီးသွားလို့ သူကားပေါ်တက်ခါနီးမှ ယုယဆီ ဖုန်းလှမ်းခေါ်လိုက်သည်။

"အင်း ... ဂါ မလာသေးဘူးလား၊ ယု စောင့်နေတယ်"

"လာနေပြီ၊ on the way လေ၊ မနေ့က စာကျက်တာများသွားလို့ အိပ်ရာထနောက်ကျပြီး တောက်လျှောက်နောက်ကျသွားတာ၊ ဆောရီးနော် ယု၊ ယုရဲ့တန်ဖိုးရှိတဲ့ အချိန်တွေကို ကိုယ် ဖြုန်းတီးမိသလို ဖြစ်သွားတယ်"

သူ ခပ်ညုညု ပြောလိုက်တာကို ယုယက သဘောတကျ ဟက်ခနဲရယ်၍ ချိုရီပျော့ပျောင်းသော အသံလေးဖြင့် သူ့ကို ခွင့်လွှတ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ဖြစ်ရတယ်၊ ဟင်း ဟင်း ... ဂါကတော့ စကားပြော သိပ်ကောင်းတာပဲ၊ ကဲပါ ... မြန်မြန်လာခဲ့၊ ယုတို့ တစ်ခုခုသွားစားမယ်လေ ယု ကျွေးမှာပါ"

"ဟား ... Designer မမကြီးကို ကျွန်တော်ကပဲကျွေးရမှာပါ"

"အဟက် ဟက် ... ကဲပါ ဒါပဲ၊ ယု စောင့်နေမယ်နော်"

သူက ပခုံးတစ်ချက်တွန့်လိုက်ရင်း ကားကို ဝေဇယန္တာလမ်းမကြီးဘက်သို့ ဦးတည်လိုက်သည်။ ဂါက အခု ယုယရဲ့ Fashionဆိုင်ဆီကို သွားနေတာဖြစ်သည်။ သူနဲ့ယုယရဲ့အခြေအနေဟာ လတ်တလောမှာတော့ တော်တော်လေးကို အဆင်ပြေနေတဲ့ အနေအထားပဲဖြစ်သည်။ သူ့ဘက်က ဖွင့်ပြောလိုက်လျှင် ယုယက ခေါင်းညိတ်လက်ခံမည့်ပုံဖြစ်၏။ အဓိက သူ ယုယနဲ့ ပတ်သက်ဖြစ်သွားတယ်ဆိုတာကလည်း ဒေါ်မိမိချိုရဲ့ အကူအညီတောင်းမှုကြောင့်ပဲဖြစ်သည်။

သူ ဘာလို့ အဲဒီအကူအညီတောင်းခြင်းကို လက်ခံရသလဲဆိုတော့ အဲဒီတုန်းက သူ ရန်ကုန်ရောက်ပြီး တစ်နှစ်လောက်





ပဲရှိသေးသည်။ ဘော်ဒါတွေအဆွယ်ကောင်းလို့ ချိန်းပွဲချ၍ အပြတ်ဝှန်းလိုက်လို့ အချုပ်ထဲရောက်သွားဖူးသည်။ သူတို့ဖြစ်ပျက်နေတာကိုမြင်တဲ့ ဒေါ်မိမိချိုက သူတို့ကို ရဲတွေခေါ်သွားကတည်းက ဘာမဆိုင်ညာမဆိုင် ဝင်ကူညီပြီး အာမခံပေးခဲ့တဲ့ကျေးဇူးရှိသည်။ အဲဒီအတွက် သူက ကျေးဇူးဆပ်ချင်ပါတယ်ဆိုတော့ သူ လိုအပ်မှပဲ အကူအညီပေးဖို့ ပြောထားတာကြောင့် အခု ဒေါ်မိမိချိုက သူ့ကို ယုယုယ နဲ့ တွဲပေးဖို့ အလောတကော အကူအညီတောင်းတာမို့လို့ သူက လက်ခံပေးလိုက်တာဖြစ်သည်။ ယုယနဲ့ကလည်း တိုက်ဆိုင်စွာပင် ယုယနဲ့သူက facebook မှာ မကြာမကြာ chat ဖြစ်သည့် friend တွေဖြစ်နေတော့ အရမ်းကို အဆင်ပြေသွားတာဖြစ်၏။

ဒီနေ့လည်း ယုယနဲ့ ပို Ok စေဖို့ သူဟာ မရှိတဲ့ မင်္ဂလာဆောင်ဖန်တီးကာ အဲဒီအတွက် ယုယချုပ်ပေးတဲ့ ဒီဇိုင်းနဲ့ ပွဲတက်ချင်လို့ဆိုပြီး ဘာညာသာရကာ ရှိုးရှမ်းပြီး လာခေါ်နေတာဖြစ်သည်။ သူ ဆိုင်ရှေ့သို့ရောက်လျှင် ယုယက ကိုယ်တိုင်ထွက်ကာ လာကြိုလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... တကယ်ရောက်လာပြီပဲ၊ တို့က ဂါ
ပုံပြောသွားပြီ မှတ်တာ"

"မပြောပါဘူး၊ ကိုယ်က ပုံ့မပြောဘူး၊ တကယ်ပြော
တာ"

"ကဲ ... လာ ထိုင်ဦး"

သူက ယုယ ခေါ်လာတဲ့ ရုံးခန်းထဲက ဧည့်ခန်း
ဆိုဖာမှာဝင်ထိုင်ပြီး မြင်နေရသည့် ဆိုင်အပြင်အဆင်ကို အကဲခတ်
မိသည်။ အင်း ... အရမ်းကို အကုန်ကျတွေခံကာ ဒီဆိုင်မှာ
အရင်းအနှီးတွေ ထည့်ထားပုံရသည်။ ယုယက နာမည်ကြီးဒီဇိုင
နာတစ်ယောက် သိပ်ဖြစ်ချင်တာဖြစ်သည်။ ဒါပေမဲ့ သူမပုံစံက
တကယ်ဝါသနာပါလို့မဟုတ်ဘဲ currentဖြစ်တဲ့လုပ်ငန်းတစ်ခုကို
အရင်းအနှီးတွေထည့်၍ ဆရာမကြီးအထာ ဖမ်းနေတာမျိုးဖြစ်သည်။
ခေါ်ထားတဲ့ ဝန်ထမ်းတွေ၊ အထည်ချုပ်စက်တွေ၊ ပိတ်လိပ်တွေ
က အများအပြားဖြစ်ပေမယ့် လာအားပေးမယ့်သူက နည်းနေတာ
ကြောင့် သိပ်တွက်ချေကိုက်မယ်မထင်ပါ။

"ရော့ ... အမောပြေ Cokeလေး သောက်လိုက်ပါဦး ...





ဒါနဲ့ ဂါ့သူငယ်ချင်းမင်္ဂလာဆောင်မှာ ဝတ်ဖို့ ယု
ဒီဇိုင်းတွေ Sketch လုပ်ထားသေးတယ်၊ ရုပ်နဲ့ပုဆိုးကိုပဲ
ဒီဇိုင်းဆင်မယ်လေ"

"အင်း ... ကောင်းပါတယ်၊ ကိုယ်ကတော့ သိပ်မသိဘူး၊
ကိုယ်ဖြစ်ချင်တာက ယုယဆင်ပေးတဲ့ ဒီဇိုင်းလေးနဲ့ ပွဲတက်
ချင်တာ၊ အဲဒီလို၊ ယုယ ကောင်းသလိုသာ စီစဉ်လေ
နော်"

သူက ယုသဘော လုပ်ပေးလိုက်လျှင် ယုယက
သဘောကျသွားသော အပြုံးတစ်ခုဖြင့် သူ့ကို ပြန်လည်တုံ့ပြန်လေ
သည်။ ပြီးတော့ သူ့ကိုယ်တိုင်းယူပြီးသွားလျှင် ယုယက ခေါင်း
တစ်ချက်ဆတ်ပြ၍ ...

"Okရပြီ၊ နောက်တစ်ပတ် Mondayရမယ်၊ ဂါ့အတွက်
အထူးစပါယ်ရှယ် ပွဲတက်ဝတ်စုံပေါ့၊ ယု စပွန်ဆာပေးမယ်"

"ဟာ ... မလုပ်ပါနဲ့ဗျာ၊ ကိုယ်က ယုဆီမှာ အားပေးချင်
လို့ကို တမင်လာတာ၊ စပွန်ဆာဆိုရင်တော့ ကိုယ် လက်
မခံဘူးနော် ယုယ"



www.burmeseclassic.com

www.burmeseclassic.com



"ဂါကလည်း ယုက စေတနာနဲ့ပါ၊ ဂါ့ဆီက ပိုက်ဆံလို ချင်တာမှ မဟုတ်တာ"

သူက ငြင်းဟယ်ခုံဟယ်နဲ့ စကားကြောထပ်ရှည်နေမှာစိုးတာကြောင့် ဆက်မပြောတော့ဘဲ ငြိမ်လိုက်တော့သည်။ အဲဒါကို ယုယက ငြိလို့ရပြီအထင်နဲ့ အကျေနပ်ကြီးကျေနပ်နေပုံပဲဖြစ်သည်။ သူတို့ Cafe ဆိုင်ထိုင်ဖြစ်ချိန်မှာ ယုယက သူ့ကို မေးခွန်းထုတ်လေသည်။

"ဂါက ရည်းစားမရှိဘူးဆိုတာ ဟုတ်ပါ့မလား၊ ယုအထင်တော့ ရည်းစားများမယ့်ပုံပါ"

"ဩော် ... အဟော် ... ခက်တာပဲ၊ ကိုယ် တကယ်ပြောတာပါ၊ ကိုယ့်မှာ တကယ်ကြီး ရည်းစားလုံးဝမရှိဘူး၊ အခုမှ ထားရင်ကောင်းမလားလို့လေ၊ ဘယ်လိုသဘောရလဲ ယုယ"

သူက ခပ်အီအီလေး ပစ်သွင်းလိုက်လေလျှင် ယုယကလည်း ဆရာမကြီးပီသစွာ အထာပေါက်လေသည်။

"ဒီလိုမျိုးတွေကတော့ ပြောနေကြတာပါပဲ။ ရည်းစားပဲထားရင်ရတာပေါ့။ ဟင်း ဟင်း ... ယုကတော့ ရင်ခုန်သံ





ချင်းညီမှပဲ ချစ်မှာ။ ကိုယ့်ကို နားလည်ပြီး ကိုယ့်ရဲ့အားနည်း အားသာချက်တိုင်းကို ဝေမျှခံစားပေးတတ်တဲ့ သူမျိုးကိုဆို ချစ်မိမယ် ထင်တာပဲ"

"အင်း ... သေချာမှတ်ထားရမယ်"

သူက နောက်သလိုလိုလေး ပြောလိုက်၏။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် စကားလုံးလှလှလေးတွေ ကဗျာဆန်ဆန် သလိုသုံးရင်း ဟိုရောက်လိုက် ဒီရောက်လိုက် တောင်စဉ်ရေမရ အကြောင်းအရာတွေကို ပြောကြရင်းနဲ့ပဲ အချိန်ကုန်စေ၏။

ဂါ့အတွက်တော့ ဒါဟာ အကူအညီပေးရသည့် ချစ်ခြင်းဖန်တီးမှု ဖြစ်သည့်အတွက် လက်ရာမြောက် သေသပ်လှပချင်ပါသည်။

♥✦♥



www.burmeseclassic.com

www.burmeseclassic.com



## ၅

"ဟာ ... ဟော့ ... ဟော့ ... မင်း ပျို့ကဗျာ ဟုတ်တယ်မှလား"

ဗျာသည် ကိုယ့်ကိုလှမ်းခေါ်တာကြောင့် ဘယ်သူလဲ ကြည့်လိုက်လျှင် ရုတ်တရက်တော့ သူ့ကို ဘယ်သူလဲ မမှတ်မိပေ။ ပြီးတော့မှ ဟိုတစ်နေ့က ဗျာ့ကို လာကျပ်သွားတဲ့ လူရုပ်ဆိုတာ မှတ်မိသွားရသည်။ တောက် ... ဒီဆေးရုံထိ ဘာလာရှုပ်တာပါလိမ့်။

"ဟော့ ... မမှတ်မိဘူးလား။ ဟိုတစ်ခါ သင်တန်းပိတ်တယ်လို့ပြောတဲ့ တစ်ယောက်လေ"

ဖယားလာကပ်နေတဲ့ အရုပ်ထုပ်ကို သူက ဇာတ်လမ်းမရှည်ချင်တာကြောင့် ဘုပိတ်ပြောလိုက်သည်။





"မမှတ်မိဘူး"

"ဟာ ... မှတ်မိပါတယ်၊ ခင်ဗျား မှတ်မိလို့ ကျွန်တော့်ကို ဒေါ်ကန်နေတဲ့ အကြည့်တွေနဲ့ ရှိုးတာပေါ့၊ ဟုတ်တယ်မှလား"

ဟာ ... ကွိုင်ပဲကွာ။ ဗျာက ကျစ်ခနဲ တစ်ချက်စုပ်သပ်ရင်း သူ့ကို မေးတစ်ချက် ဆတ်ပြကာ ...

"ဘာလဲ ... ဘာကိစ္စလဲ"

"အဟော် ... မှတ်မိပါတယ်။ ခင်ဗျား ဒီကိုဘာလာလုပ်တာလဲ"

"ဟား ... ဘာလုပ်လုပ် ရှင့်အပူလား"

"အဟဲ ... ကျွန်တော် ဆရာဝန်တစ်ယောက်ပါ။ ဘာများကူညီရမလဲလို့"

ပုံစံကိုက နောက်ရွတ်ရွတ် ပြောင်ချော်ချော်နှင့် လုံးဝကို ထောင့်မကျိုးဘူး။ လာပြီး ပေါက်ကရပြောနေသေးတယ်။ သူ့ကိုယ်သူများ ဆရာဝန်တဲ့။ ဗျာက အရုပ်ထုပ်ကို ဆက်မပြောဘဲ မှုန်တေတေ တစ်ချက်ကြည့်လိုက်ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... လာကြောင်မနေနဲ့။ စိတ်မဝင်စားဘူး။ ရှင် ကျွန်မနောက် ဆက်လိုက်လာရင်တော့ Securityခေါ်လိုက်ရမှာပဲ"

ခပ်တည်တည်နှင့်ပြောက်ကာ ဗျာက လှည့်ထွက်လာခဲ့တော့သည်။ ဟူး ... ဒီနေ့တော့ ပြဿဒါးပဲ ထင်တယ်။ ဗျာက ဒီနေ့ အိမ်ကထွက်လာတော့ မေမေက ဖွတ်ကော အတင်းကော နေ့ဝန်းကားနှင့် ဗျာ့ကို သွားဖြစ်အောင် စီစဉ်၍ သွားရသည်။ အခု ဒီရောက်ပြန်တော့လည်း ဖွတ်ဝင်ရောနေတဲ့ အရုပ်ထုပ်ကတစ်မှောင့်။

ဗျာက စိတ်တိုတာတွေ၊ ညစ်နေတာတွေ မေ့ဖျောက်ပြီး ဆရာမရဲ့အခန်းထဲကို ဝင်လာခဲ့လိုက်တော့သည်။

"ဆရာမ ... သား ရောက်ပါပြီ"

ဗျာ့အနောက်က အသံကို ကြားဖူးတာကြောင့် လှည့်ကြည့်မိလျှင် သူပဲဖြစ်လို့နေသည်။ သူက ဗျာ့ကို မမြင်ချင်ယောင်ဆောင်ကာ ဗျာ့ဘေးကခုံမှာပဲ ခပ်တည်တည် ဝင်ထိုင်လေသည်။ သူက ဆရာမပေးရှုန့်လ်ပဲ နေမှာပါ။





"ကဲ ... ရောက်လာပြီလား။ သမီး ... ဗျာ၊ ဒါ ဆရာမရဲ့ တပည့်လေးဖြဲ့ ရွှေဘုန်းဂါတဲ့။ သူကလည်း သမီးလိုပဲ စာလာမေးချင်လို့လေ။ ဆရာမကလည်း ကျောင်းသွားရတာ၊ ဆေးရုံသွားရတာနဲ့ဆိုတော့ အချိန်က မင်းတို့ကို ခွဲပေးလို့ မလွယ်ဘူး ဖြစ်နေတာ။ အဲတော့ကွာ တီချယ်က မင်းတို့ကို ဆတ်တဒေး၊ ဆန်းဒေးတွေဆို ညနေသုံးနာရီလောက်ကစပြီး တောက်လျှောက် အချိန်ပေးမယ်။ မင်းတို့မေးချင်တဲ့ နားမလည်တဲ့ အပိုင်းတွေကို စုထားလိုက်လေ၊ နှစ်ယောက်စလုံးက တီချယ့်တပည့်တွေဆိုတော့ တီချယ်က မင်းတို့ကို အဆင်ပြေအောင် ညှိပေးထားတာ။ ရလား ... အဲဒီလိုဆို"

မြတ်စွာဘုရား။ သူကလည်း ဆေးကျောင်းသားပဲတဲ့။ ဗရုတ်သုတ်ခကောင်က အိုး ... မထင်ရက်စရာ။

"ကျွန်တော်ကတော့ ရပါတယ် တီချယ်ရဲ့။ ကျွန်တော်က စာလိုချင်တဲ့သူဆိုတော့ ဘယ်လိုဖြစ်ဖြစ် ရပါတယ်။ တီချယ်က မအားတဲ့ကြားက အခုလို သီးသန့်အချိန်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



တောက် ... ပြောတဲ့ပုံကိုက အနှောင့်အသွားမလွတ်။ ဗျာ့ကို လာခလုတ်တိုက်နေမှန်း သိသာပေသည်။ ဗျာက ဆရာမ ရှေ့မှာမို့ ဘာမှမပြောတော့ပေ။ ဗျာတို့ကို စေတနာနဲ့သင်ပေးမယ် ဆိုတာကို ဗျာက ဘာလို့ ညာလို့ဆို ဗျာ့ပဲ ပညာမရှမှာဖြစ်သည်။ အဲဒီတော့ ဗျာက လက်ခံသဘောတူလိုက်ရပါသည်။

"ရပါတယ် ဆရာမ။ ဖြစ်ပါတယ်"

"ဟုတ်ပြီ ... ဟုတ်ပြီ။ ဒါဆို သမီးတို့နှစ်ယောက် အချိန်ညှိပြီး လာမေးပေါ့။ ဒီနှစ်က အရေးကြီးတဲ့နှစ်ဆိုတော့ ပေါ့လို့မဖြစ်ဘူး"

"ဟုတ်ကဲ့ ... ဆရာမ။ သမီး သေချာကြိုးစားမှာပါ။ ဟို ... အဲဒါဆို ခုလာမယ့်စနေ ညနေသုံးနာရီ ဆရာမအိမ် လာခဲ့ရမှာပေါ့နော်"

"အင်း ... ဟုတ်တယ် သမီး၊ သားကော ရလား"

"ဟာ ... ဖြစ်ပါတယ် တီချယ်"

"Ok ... ဒါဆို ဆက်တဒေးမှ ဆုံတာပေါ့။ ကဲ ... ဟုတ်ပြီ၊ တီချယ့်ပေးရှုန့်လ်တွေ ရှိသေးလို့ roundလိုက်ဦးမယ်"





ဆရာမက on duty မို့ သိပ်အချိန်မပေးနိုင်ဘဲ စကားမြန်မြန်ဖြတ်ကာ round check ထွက်သွားလေသည်။ ဗျာက အပြင်ပြန်ထွက်လာလျှင် သူကပါ ဗျာ့ဘေးက လိုက်လာကာ ဗျာ့ကို ဖောရှောလာရိုက်လေသည်။

"မင်းကို ကျောင်းမှာ တစ်ခါမှ မတွေ့ဖူးဘူးနော်။ ကိုယ်က လမ်းမတော် I.M(1) ကလေ၊ မင်းကကော"

"(၂)က"

"သြော် ... ဒီလိုကိုး။ အဲဒါဆို စနေနေ့ကျရင် မင်းနဲ့ငါ ချိန်းပြီးသွားမယ်လေ"

ဗျာက ဒေါသထွက်လာပြီမို့ လျှောက်နေတာကို ရပ်၍ သူ့ဘက်ကိုလှည့်ကာ ခပ်ဆတ်ဆတ် ကောပစ်လိုက်တော့သည်။

"ဒီမှာ ... ရှင် ဘာဖြစ်နေတာလဲ။ ကိုယ့်လမ်းကိုယ်သွား"

"ဟား ... ဗျို့ကဗျာရယ် ပြေပြေလည်လည်ပေါ့ကွာ။ ဆော်ဒါတွေပဲဟာ။ ဒီလောက် ဒေါသကြီးပုံမျိုးနဲ့ဆို ဆရာဝန်ဖြစ်ရင် မင်းပေးရှုန့်လ်တွေကို ဘယ်လိုစိတ်ရှည်နိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ... အဲဒါ ရှင်နဲ့မဆိုင်ဘူး။ ရှင်က အခု ဘာဖြစ်ချင်နေတာလဲ ပြော"

ဗျာက နဂိုကတည်းက စိတ်မကြည်လာတဲ့ အခံရှိသူပီပီ သူ ဘာပြောပြော ဓောက်ထိုးဖြစ်နေတာပဲဖြစ်၏။ ဗျာ့ရဲ့ ရှုတည်တည်မျက်နှာပေးဖြင့် အမေးကို သူက အပြုံးတစ်ခုဖြင့် ခေါင်းဆတ်ပြရင်း ပြောလေသည်။

"သံတမန်ဆက်ဆံရေး။ မင်းနဲ့ ကိုယ်က တီချယ်ဒေါ်တင်မြဆီမှာ စာသွားမေးကြမယ့် သူတွေလေ။ ခင်ခင်မင်မင် ညှိညှိနှိုင်းနှိုင်းတော့ ရှိသင့်တာပေါ့ ...

ပျို့ကဗျာကို ဟိုရက်က နှောက်ခဲ့မိတဲ့အတွက် တောင်းပန်ပါတယ်၊ ကျေပါနော်"

ဗျာက လက်ခံနိုင်လောက်တာမို့ ခေါင်းတစ်ချက်ညိတ်ပြလိုက်လျှင် သူက သဘောကျသွားဟန်ဖြင့် လက်ဖျောက်တစ်ချက်တီးကာ ...

"Ok ... ကိုယ့်နာမည် ရွှေဘုန်းဂါပါ၊ ဒါဆို အဆင်ပြေသွားပြီနော်"





"ဟုတ်ပါပြီ၊ ရှင် ပြောချင်တာ ဒါပဲမှလား"

သူက ခေါင်းဆတ်ပြသည်။ ဗျာက ပခုံးတစ်ချက်တွန့်လိုက်ရင်း သူ့ရှေ့က ထွက်လာခဲ့လိုက်တော့သည်။ ကျေးဇူးတင်စရာတစ်ခုကတော့ ဗျာ့အနောက်ကို ဆက်မလိုက်လာတော့ပေ။ ဗျာသည် Taxi ငှားကာ အိမ်ပဲပြန်လာခဲ့တော့သည်။

ဩော် ... ဒုက္ခ။ ဗျာ့ကို လာနှယ်ချင်နေတဲ့ ရွှေဘုန်းဂါလည်း ကွိုင်ပဲနော်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



မေမေနှင့် ဦးမြတ်ခက ဒီနေ့ ဒင်နာတစ်ခုသွားတာ
မို့ အိမ်ပြန်နောက်ကျမည်ဖြစ်သည်။ နေဝန်းကတော့ ထုံး
အတိုင်း သူ့ဆိုင်မှာပဲ ဖြစ်လိမ့်မည်။ အဲဒါကြောင့် အိမ်မှာ ဗျာ
ရယ်၊ ယုယုယရယ်နှင့် ကောင်မလေးတွေပဲရှိသည်။ ဗျာက
ပြဿနာမဖြစ်ချင်တာကြောင့် ယုယုယနှင့် မျက်နှာချင်းမဆိုင်
စဉ်းစားထားကာ သူ့ အပေါ်ထပ်မှာမို့ အောက်ထပ်ဆင်းကာ T
ထိုင်ကြည့်နေလိုက်သည်။

ဗျာက ရှောင်ပေမယ့်လည်း ယုယုယက ခေါင်းချ
ဆိုင်လာတော့ ရင်ဆိုင်ရုံပဲရှိ၏။ Sky Netက Liveလွှင့်နေသ
showပွဲ တစ်ပွဲကို ထိုင်ကြည့်နေစဉ်မှာ ယုယုယက အောက်ထ
ဆင်းလာကာ ဗျာ့ဘေးတစောင်းက ဆိုဖာမှာ ဝင်ထိုင်လိုက်ရ
စကားစပြောလေသည်။





"ပျို့ကဗျာ ... ငါ့ကို ကော်ဖီတစ်ခွက် ဖျော်ပေးစမ်းပါ၊ ခိုင်းစရာလူ မရှိလို့"

"ဘာ"

ဗျာသည် ကြားကြားချင်း ဒေါသသွေးက နားထင်ကို ဆောင့်တက်လာကာ ဘာ,ဆိုပြီး အကျယ်ကြီး အော်ပစ်လိုက်မိသည်။ တောက် ... ဒီမိန်းမတော့ကွာ။

"ဟဲ့ ... ဘာလဲ။ ငါပြောနေတာ မကြားဘူးလား။ ကော်ဖီ ဖျော်ပေးပါဆို"

ဗျာသည် အသက်ကို ပြင်းပြင်းရှူရင်း ယုယုယကို ခပ်နက်နက် စိုက်ကြည့်ပြီး ပြန်ချေပလိုက်သည်။

"နင့်လက်နှစ်ဖက်က ပြတ်နေလို့လား။ ဒါမှမဟုတ် နုနာ ဝဲစွဲနေလို့လား"

"ဘာ ... ဘာပြောတယ်။ ဒီမှာ ပျို့ကဗျာ ... နင် သူများ အိမ်မှာ နေနေတာနော်။ အိမ်ရှင်ကျေနပ်အောင်တော့ လုပ်ပေးရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ယုယုယ ... လေသိပ်မကျယ်နေနဲ့။ နင် ငါ့ကို ဒီလိုလေသံမျိုးနဲ့ စကားပြောစရာ အကြောင်းမရှိဘူး။ ရှေးရှေးတုန်းက ပုံပြင်တွေထဲက မင်းသမီးတွေလို ငါက သနားစရာကောင်းပြမှာလည်း မဟုတ်ဘူးနော်။ လူကြီးတွေမရှိလို့ နင်က အကဲစမ်းနေတာလား ယုယုယ။ နင် ဘာဖြစ်ချင်သလဲ"

ဗျာက ပေါ်တင်ချဲလင်းလုပ်လိုက်လျှင် ယုယုယက ဟက်ခနဲ တစ်ချက်ရယ်ကာ ခြေထောက်ချိတ်ထိုင်လိုက်ရင်း ဗျာ့ကို အေးဆေးပြန်ဂိုးသွင်းလေ၏။

"နင်လည်း ငါ့ကို ချဲလင်းလုပ်မနေနဲ့။ ယုယုယကို လာထိရင် မီးပွင့်သွားမှာပေါ့၊ ငါပြောတာက ရှင်းရှင်းလေးပဲ။ ဒေါ်မြက မီးပူတိုက်နေတယ်။ မိတိုးက မနက်အတွက် ဟင်းတွေ လုပ်နေတယ်။ တစ်ယောက်မှ မအားဘူး။ ဒီတော့ အဖေပြောတဲ့ မိသားစုစိတ်ဓာတ်နဲ့ပဲ ငါက နင့်ကို ကော်ဖီဖျော်ခိုင်းတာလေ။ နင် ဘာလို့ ဒီလောက် ကက်ကက်လန်နေရတာလဲ။ နင့်ကိုယ်နင် ဘာလဲဆိုတာကို စဉ်းစားဦး။ နင် အခုနေတာ ငါ့အဖေအိမ်မှာဆိုတာ မမေ့နဲ့"





ဗျာက နာကြည်းစွာဖြင့် တစ်ချက်ရယ်လိုက်မိသည်။ ယုယုယဟာ ပြဿနာမတက်,တက်အောင် မီးခွက်ထွန်းရှာနေတာဖြစ်သည်။ ဗျာ့ကို နည်းမျိုးစုံနှင့် တိုက်ခိုက်နေတဲ့သူဖြစ်၏။ အခုလည်း ကြည့်လေ။ ဒေါ်မြနဲ့ မိတိုး မအားလို့ ခိုင်းစရာလူမရှိလို့ ဗျာ့ကို ကော်ဖီဖျော်ခိုင်းတယ် ဆိုကတည်းက ဗျာက ဘယ်အဆင့် ရောက်သွားပြီလဲ။ ဗျာ့ခေါင်း လာပုတ်တဲ့သူကို ဗျာလည်း သည်းညည်းမခံတတ်ပေ၊

"ဒီမှာ ယုယုယ၊ နင့်အဖေယူထားတာ ငါ့အမေ။ ငါ့အမေရှိတဲ့အိမ်မှာ ငါရှိမှာပဲ။ အပိုစာသားတွေ လာပြောမနေနဲ့။ ငါလို ပညာတတ်တစ်ယောက် နင်တို့အိမ်မှာရှိနေလို့ နင်တို့ ဂုဏ်တက်နေရတာပါ၊ ပညာဆိုတာ လူ့တန်ဖိုးပဲလေ။ ဒါဆိုရင် နင် ငါ့အတွက်တောင် ကော်ဖီဖျော်ပေးသင့်နေပြီ ယုယုယ"

ဗျာက ပညာဂုဏ် မောက်ပြလိုက်လျှင် ယုယုယက ဗျာ့ကို မီးဝင်းဝင်းတောက် မျက်လုံးတွေနဲ့ အားမနာတမ်းစူးစိုက်ကြည့်နေတော့သည်။ အဲဒါဟာ ယုယုယရဲ့ အားနည်းချက်ပဲဖြစ်



www.burmeseclassic.com

သည်။ ဗျာ ဒီအိမ်ကြီးကို ကိုးတန်းတက်တဲ့နှစ်မှာ ရောက်ခဲ့တာ ဖြစ်သည်။ အဲဒီတုန်းက ယုယုယကော နွေဝန်းခကော ကိုးတန်းပဲ ဖြစ်၏။ ယုယုယက အင်မတန်မှ ဆရာဝန်ဖြစ်ချင်သူဖြစ်၏။ ဆယ်တန်းနှစ်မှာ အကောင်းဆုံး ဈေးအမြင့်ဆုံး ဆရာတွေ ခေါ် သင့်သော်လည်း မကြိုးစားဘဲ လက်လျှားလတ်လျား လုပ်တော့ ဖြစ်ချင်တဲ့ ဆရာဝန်ဘဝနဲ့ဝေးစွ ဆယ်တန်းတောင် မအောင်ပေ။

ဗျာက မရည်ရွယ်ဘဲနှင့် ဆေးကျောင်းတက်ခွင့်ရ ခဲ့တာမို့ ဗျာ့ကို မနာလိုတဲ့စိတ်တွေက ယုယုယကို အရမ်းထိုးနှက် စေကာ ဗျာ ပညာဂုဏ်မောက်လိုက်တာဟာ ယုယုယရဲ့အရှိက်ကို သွားထိတာပဲဖြစ်သည်။

"ဟင်း ... ဟင်း၊ နင်က ဟာသပဲ။ မနိုင်,နိုင်ရာ ဆွဲထည့် တော့တာပဲနော်၊ နင့်ကို ကော်ဖီဖျော်ခိုင်းတဲ့ ကိစ္စကနေ လမ်းကချော်သွားပြီ၊ ဒီမှာ ... နင် ဘဝင်သိပ်မြင့်မနေနဲ့၊ နင် ဘယ်လောက်ပဲ လက်မထောင်ထောင် နင့်ရဲ့ပညာသင် စရိတ်က ငါတို့စီးပွားထဲက ထွက်တာဆိုတာ မမေ့နဲ့။ ကျေးဇူးရှင်ဟဲ့ ပျို့ကဗျာရဲ့။ ပေါက်လား"





"နင်နဲ့ငါ ထိပ်တိုက်မတွေ့ချင်ဘူး ယုယုယ။ ငါ့ကိုကြော သလိုလို ပုံစံတွေနဲ့ လာဆက်ဆံမနေနဲ့၊ ထိပ်ပုတ်ရင် အစွယ်ထုတ်ပြဖို့ ငါဝန်မလေးဘူး။ ကော်ဖီတစ်ခွက်က နင်နဲ့ငါရဲ့ ရန်ငြိုးတစ်စ ဖြစ်ချင်တယ်ဆိုရင်တော့ နင့် သဘောပဲ"

ဗျာနှင့် ယုယုယတို့က တစ်ယောက်နဲ့တစ်ယောက် အစိုင်အခဲများစွာဖြင့် လုံးဝကိုမကျေလည်ကြပါပေ။ လူကြီးတွေ မရှိတဲ့အချိန်မှာ ဗျာတို့ဟာ ခွန်းကြီးခွန်းငယ် ရန်ထဖြစ်လည်း ဖြစ်နေရုံပဲ ရှိမှာမို့ သူမကို ထားခဲ့ကာ အပေါ်တက်လာခဲ့တော့ သည်။

အခန်းထဲမှာ စာယိုင်ဖတ်နေတုန်းမှာ ဒင်နာကပြန် လာတဲ့ မေမေက ဗျာ့အခန်းထဲ ဝင်လာကာ အလောသုံးဆယ် လေသံဖြင့် မေးလေသည်။

"ကဲ ... ဘာဖြစ်ကြတာလဲ ဗျာ။ မိတိုးက ပြောတယ်။ နင် တို့ စကားများကြတယ်ဆို"

www.burmeseclassic.com



"ဟုတ်တယ် ... မိုင်နာပါ မေမေရာ။ ခေါင်းထဲထည့်ထား မနေပါနဲ့။ သမီး ဒီကိစ္စလောက်တော့ ရှင်းလိုက်ပါတယ်။ ဘာလဲ ... မေမေနဲ့ ဦးမြတ်ခကို ပြန်တိုင်လို့လား"

"မတိုင်ပါဘူး။ ငါတို့ ပြန်လာတော့ မျက်နှာက ရှစ်ခေါက် ချိုးနဲ့လေ။ အဲဒီ ယုယုယကို ဘယ်လိုမှ ကြည့်လို့မရတော့ ဘူး။ ကဲ ... သမီးအတွက် မေမေ ကီးမားဝယ်လာတယ်။ မိတိုးကို ပို့ခိုင်းလိုက်မယ်နော်"

ဗျာက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။ မေမေ က ဗျာ့ကို Good Night လုပ်ကာ ထွက်သွားလေတော့သည်။ ဟူး... ဗျာ့စိတ်တွေ့ အရမ်းကို ငြိမ်းချင်တယ် မေမေ။ ဒါပေမဲ့ လည်း ဗျာ့ပါးစပ်က ပြောမထွက်ပါချေ။ ဗျာ့ကို ဒီအချိန်ထိ မကြောင့်မကြ မတောင့်တဘဲ စိတ်ချမ်းသာအောင် လိုလေသေးမရှိ ဖန်တီးပေးနိုင်တဲ့ မေမေ့ကို ဗျာ အားမခံရဲပေ။ ဗျာ့ကြောင့် မေမေ က ဦးမြတ်ခကို လက်ထပ်လိုက်တယ်ဆိုတာ ဗျာသိတာပေါ့။ ချို့တဲ့ယိုယွင်းလာပြီဖြစ်တဲ့ ဗျာတို့သားအမိရဲ့ ရပ်တည်မှု အတွက် မေမေ အမှီသဟဲပြုမှုအပေါ်ကို ဗျာ နားလည်ပေးလို့ ရပေသည်။





ဦးမြတ်ခဟာ ဗျာ့အတွက် ဖခင်မဖြစ်နိုင်ပေမယ့် ဖခင်နှင့်တူသောပထွေး ဖြစ်ခဲ့ပါသည်။ ယုယုယနဲ့ ဗျာသာ အဆင်ပြေမယ်ဆိုရင် သိပ်ကောင်းမှာပဲ။

ဗျာက ရောက်တတ်ရာရာတွေးကာ ရှေ့ဆက်ဖြစ် လာမယ့် အနာဂတ်ကို ရင်မောရလေသည်။

♥ ◆ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၆

တီချယ့်အိမ်မှာ သူ နားမလည်တဲ့စာတွေမေးပြီး အပြန်မှာတော့ ဂါသည် ပျို့ကဗျာနှင့် ရင်းနှီးချင်တာကြောင့် သူမကားပေါ်တက်ခါနီးလေး လှမ်းပြောလိုက်သည်။

"ဟေး ... ပျို့ကဗျာ၊ ကိုယ့်ကားပါမလာလို့ လမ်းမတန်း အထိ ကားကြုံလိုက်စီးပါရစေ"

သူ့ကားက ဒီနေ့ ဘော်ဒါတစ်ယောက် ယူသုံးတာမို့ သူက ကားမပါလာတာကို အကျိုးရှိရှိ အသုံးချ၍ ဝွင်ဖန်တာဖြစ်သည်။ သူ့ကို အမြင်ကတ်နေပုံပေါ်တဲ့ ပျို့ကဗျာက ပေစောင်းစောင်းမျက်နှာပေးဖြင့် စိုက်ကြည့်ကာ ...

"ရှင် ဒီကို ဘာနဲ့လာတာလဲ"





"Taxi နဲ့ လာတာလေ"

"အေး ... တက္ကစီလာတဲ့အထိ စောင့်စီးလိုက်"

သူက အဲဒီ ဘုတောပြောတတ်ပုံလေးကို သဘောတကျ ဖြစ်ရတာဖြစ်သည်။ တစ်ခါတစ်ရံမှာ အရမ်းကို မြန်မာဆန်၍ ကျက်သရေရှိနေတတ်သလို၊ တစ်ခါတစ်ရံကျပြန်တော့လည်း ကိုရီးယားနတ်သမီးလေးအလား ဆွဲဆောင်အားက ရှိနေပြန်ပါသည်။ ပျို့ကဗျာက အရမ်းထူးထူးခြားခြား ပြောစမှတ်ပြုစရာ မရှိပေမယ့် တစ်မျိုးစိတ်ဝင်စားဖို့ကောင်းတဲ့ ကောင်မလေးပဲဖြစ်သည်။

"မင်းကလည်းကွာ ... ဘော်ဒါစိတ်ဓာတ်လေးနဲ့ ကူညီပေးပါကွာ။ ငါ သွားစရာရှိသေးလို့ပါ။ ဒီမှာ Taxi စောင့်ရင် ကြာနေမှာစိုးလို့။ မင်းကားနဲ့ လမ်းမအထိ ကားကြုံစီးတာပါကွာ။ ပိုက်ဆံပေးဆိုလည်း ပေးပါ့မယ်"

"တောက် ... ရှင် သိပ်ရှုပ်တာပဲ။ ကဲ ... တက် ကားပေါ်"

ရက်(စ်)။ တစ်ဆင့်တော့ အဆင်ပြေသွားပြီ။ ဂါသည် သူမရဲ့ Suzuki Swift ကားအနီရောင်လေးရဲ့ ရှေ့ခန်းမှာပဲ မိန့်



www.burmeseclassic.com

www.burmeseclassic.com



မိန့်ကြီး ဝင်ထိုင်ကာ သူမမောင်းတာကို အခန့်သားထိုင်စီးရုံ တင်မက စကားရော ဖောရောဖြင့် ဝင်ဖောရှောလုပ်နေသေးသည်။

"ကားလေးက ချစ်စရာလေးနော်။ လူအတိုင်းပဲ။ လူနဲ့ ကားနဲ့ match ဖြစ်တယ်။ သွင်းတာလား။ show room က ဝယ်တာလား"

"ဒီမှာ ... ရှင် ပါးစပ်ပိတ်ပြီး အေးဆေးလိုက်လာခဲ့။ ကျွန်မ နားငြီးမခံနိုင်ဘူး"

"အဟက် ... အဟက် ... ဟက် ... မပြောတော့ပါဘူး ဗျာ။ မင်းက ကားပိုင်ရှင်ဆိုတော့ ဘဝင်မြင့်တာပေါ့လေ။ ဒါနဲ့ တစ်ခုခု သွားစားကြမလား။ ကိုယ် ဝယ်ကျွေးမယ်လေ"

"ကိုရွှေဘုန်းဂါ ... ကားပေါ်က ဆင်းတော့မလား"

သူ့ကို စိတ်ဆိုးမာန်ဆိုးဖြင့် ဒေါသတကြီး ပြောဟန်လေးကိုက ချစ်စရာလေးပဲဖြစ်သည်။ ဂါသည် ချစ်စရာကောင်းတဲ့ ကောင်မလေးများစွာထဲကမှ သူကလေးကလည်း ချစ်စရာလေးအဖြစ် သတ်မှတ်ထားတာကြောင့် သူမနဲ့အမုန်းမပွားစေဖို့





သူက ပါးစပ်ပိတ်ကာ လမ်းမထိပ်အထိ လိုက်လာခဲ့လိုက်သည်။ ပြီးတော့ ကားပေါ်ကဆင်းခါနီးမှာ သူ့ကျောပိုးအိတ်ထဲက ipod လေးကိုထုတ်ကာ သူမကားမှာ တမင်တကာကို ထားခဲ့လိုက်လေသည်။ Ok... ဒီလောက်ဆို ဇာတ်လမ်းဆက်လို့ အရမ်းရတာပေါ့။

ဂါက ကိုယ့်အတွေးနှင့်ကိုယ် သဘောတွေကျ၍ ခပ်ပြုံးပြုံး မျက်နှာထားနှင့်ပဲ သူမကို ကျေးဇူးစကားဆိုလိုက်သည်။

"thank you ပျို့ကဗျာ။ အခုလို ကားကြုံစီးခွင့်ပေးတဲ့အတွက် ဖြေသမျှစာမေးပွဲတိုင်းမှာ ကျက်ထားသမျှစာတွေပဲ ပါပါစေဗျာ"

"မလိုပါဘူး။ ကြိုးစားတဲ့သူဆို စာမေးပွဲမဖြေနိုင်စရာ ဘာအကြောင်းမှ မရှိပါဘူး"

ဘောက်ဆတ်ဆတ်ပြောကာ သူမက ကားကိုဝေါ ခနဲမောင်းထွက်သွားလေတော့သည်။ ဂါက ကျန်နေတဲ့ ipod လေးအတွက် ဆက်စရာဇာတ်လမ်းရှိနေသေးတာမို့ အသာပြုံးနေလိုက်တော့သည်။ သူက သူ့အတွေးနဲ့သူ ပြုံးမိနေတုန်း ဖုန်းဝင်လာလျှင် အတွေးတို့ကိုဖျောက်ကာ ဖုန်းကိုင်လိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ရွှေဘုန်းဂါလား။ အန်တီပါ"

"သြော် ... ဟုတ်ကဲ့ခင်ဗျ၊ အန်တီ ပြောပါ"

"မောင်ရင် အချိန်ရမယ်ဆိုရင် Coffee Circles ကို လာခဲ့ပေးနိုင်မလား။ အန်တီ စကားအေးဆေးပြောချင်လို့။ ဖြစ်မလား ရွှေဘုန်းဂါ။ လာခဲ့ပေးပါ သားရယ်"

သူက အားနေတာကော၊ အားနာတာကော နှစ်ခုပေါင်းကာ သွားတွေ့ဖို့ ဆုံးဖြတ်လိုက်တော့သည်။

"ဟုတ်ကဲ့ ... အဲဒါဆို လာခဲ့လိုက်ပါ့မယ်။ ကျွန်တော် နောက်ဆယ့်ငါးမိနစ်အတွင်း အရောက်လာခဲ့ပါ့မယ်"

သူကဖုန်းချပြီးတာနှင့် လမ်းမကလာနေတဲ့ Taxi တစ်စီးကို ဖမ်းတားလိုက်ကာ Coffee Circles ကို မောင်းခိုင်းလိုက်တော့သည်။ သူ အဲဒီကိုရောက်လျှင် ထောင့်ကျကျဆိုဖာတစ်လုံးမှာ စမတ်ကျကျထိုင်၍ မဂ္ဂဇင်းထိုင်ဖတ်နေသော ဒေါ်မိမိချိုကို တွေ့ရလေသည်။

"အန်တီ ... ကျွန်တော် ရောက်ပြီဗျ"





"သြော် ... ထိုင်လေ။ ဘာမှာမလဲ"

"ရေတစ်ဘူးဆို ရပါပြီ"

ဒေါ်မိမိချိုက သူ့ကို စကားပြောဖို့အတွက် သူမရဲ့ ကော်ဖီခွက်ကို မ,ယူကာ ကော်ဖီအရင်သောက်လိုက်ပြီးမှ ...

"ဘယ်လိုလဲ ရွှေဘုန်းဂါ။ မင်းနဲ့ ယုယ အခြေအနေ"

"ဒီလိုပါပဲဗျ။ ကျွန်တော်တို့ တရင်းတနှီးတော့ ရှိကြပါတယ်"

"မင်းကို အန်တီ အကူအညီတောင်းထားတာပဲ နှစ်လကျော်နေပြီ။ မင်းတို့ ရည်းစားတွေ အခုချိန်ထိ မဖြစ်သေးဘူးလား"

အဲဒီစကားကြောင့် သူက စိတ်ထဲမှာ နည်းနည်းတော့ ဖုသွားရသည်။ ဘာလဲကွ ... သူ့ကို စေလိုရာစေ လုပ်နေတဲ့ အထာကြီးလား။ ဒီကိစ္စမှာ သူ ယုယကို ပတ်သက်တယ်ဆိုတာ ဒေါ်မိမိချိုကို ကျေးဇူးဆပ်တယ်လို့ပဲ သဘောထားပြီး တွဲကြတာမျိုးဖြစ်သည်။ သူမတို့ရဲ့ပတ်သက်မှုကို သူ detail ကျကျမသိရသေးတာကြောင့် အရင်ဆုံး မေးလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေထက် ပိုအရေးကြီးတာရှိတယ်။ အန်တီ ဘာလို့ ယုယုယကို ကျွန်တော်နဲ့ ရည်းစားဖြစ်စေချင်နေတာလဲ။ ကျွန်တော့်အကြောင်းကိုတောင် အန်တီ သေချာသိမယ်မထင်ဘူး။ အဲဒီလိုလူနဲ့ ဇွတ်ဖြစ်အောင် ဖန်တီးပေးနေတယ်ဆိုကတည်းက အန်တီ့ရည်ရွယ်ချက်က သေးမယ်မထင်ဘူး။ ယုယုယနဲ့ အန်တီရဲ့ရန်စကို ကျွန်တော်သိရမှ ရှေ့ဆက်ဖို့ သင့်မသင့် ဆက်ဆုံးဖြတ်ရမှာ"

သူ့မေးခွန်းက ဘွားတော်ကို ဟတ်ထိသွားစေသည်ထင်၏။ ဒေါ်မိမိချိုက သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ သူ့ကိုလေ့လာအကဲခတ်နေပုံရသည်။ ပြီးတော့မှ အေးအေးဆေးဆေး ပြန်ဖြေလေသည်။

"မင်းရဲ့အကြောင်းကို တိတိပပတော့ ငါမသိဘူး။ ဒါပေမဲ့ မင်းဟာ လူရမ်းကားတစ်ယောက်၊ လူမိုက်တစ်ယောက် မဟုတ်ဘူးဆိုတာ ငါသိတယ်။ မင်းတို့ အချုပ်ထဲရောက်သွားတုန်းက ငါ မင်းတို့ကို အာမခံလိုက်ပေးခဲ့တာဟာ မင်းတို့လူမိုက်တွေ မဟုတ်ဘူးဆိုတာ ယုံလို့ပဲ။ ယောကျ်ားလေးတစ်ယောက်ဟာ လူရမ်းကား လူမိုက်မဟုတ်ဘူးဆို





အမြင်တင့်တယ်တာပဲလေ။ အဲဒီအချက်တစ်ချက်နဲ့ပဲ မင်းကို ယုံယုံကြည်ကြည်နဲ့ ဒီအကူအညီ တောင်းခဲ့တာပဲ ရှေ့ဘုန်းငါ"

အမျိုးသမီးက စကားစကို ခဏရပ်လိုက်သည်။ ကြည့်ရတာ ဂျီဆီက ကြားလာမယ့် response တစ်ခုခုကို လိုချင်ပုံရပါသည်။

"ဟုတ်ကဲ့ ... ဆက်ပါဦး"

"မင်းကို အန်တီ ဥပမာတစ်ခုနဲ့ နှိုင်းပြောပြမယ်နော်။ ဆိုပါတော့ကွာ၊ မင်းဆီမှာ အရမ်းတန်ဖိုးထားရတဲ့ ပစ္စည်းတစ်ခုရှိတယ်။ အဲဒီပစ္စည်းလေးကို တန်ဖိုးထားတဲ့အတွက် မင်းကို သူများတွေက တရစပ်ပြစ်တင်ထိုးနှက်နေမယ်။ မင်းထက် မင်းတန်ဖိုးထားတဲ့ ပစ္စည်းလေးကိုပဲ မလိုတမာတွေကြီးပြီး တစ်ချိန်လုံး နှိမ်ချထိုးနှက်လာရင် အဲဒီလူကို မင်း ဘာလုပ်ချင်သလဲ"

တကယ်ခံစားပြီးမေးတဲ့ မေးခွန်းဖြစ်တာကြောင့် ဂါက ပြီးစလွယ်မဖြေဘဲ သေချာ သူ့စိတ်နှင့်နှိုင်း စဉ်းစားပြီးမှ ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူလည်း ခံစားရအောင် တစ်ခုခု လုပ်ပစ်လိုက်မယ်။ ကျွန်တော်က ကျွန်တော့်ကို တစ်ချက်ထိရင် နှစ်ချက်ထိရမှ ကျေနပ်တဲ့လူစားမျိုးဗျ။ ဒါ ကျွန်တော့်ဗီလင်ကို ပြောပြ တာနော်"

"Excellent ! တကယ် ကောင်းပါတယ်။ ဒါဆိုရင် မင်း အန်တီ့ကို ကူညီပေးနိုင်မယ်လို့ အန်တီယုံကြည်သွားပြီ။ ယုယုယက အန်တီ့ခင်ပွန်းရဲ့သမီးပါ"

ဪ ...။ သူက ခေါင်းဆတ်ပြကာ ဆက်နား ထောင်နေလိုက်သည်။

"အရှင်းဆုံးပြောရရင်တော့ ယုယုယ အတွက် အန်တီက မိထွေးပေါ့။ မင်းကို ပြောချင်တာက ယုယုယဟာ ပုံပြင် ထဲက စင်ဒရဲလား မဟုတ်သလို အန်တီကလည်း အဲဒီ ပုံပြင်ထဲက ဆိုးသွမ်းကောက်ကျစ်တဲ့ မိထွေး မဟုတ်ပါ ဘူး ...

သူက အန်တီ့ကို တော်တော်လေးကို တိုက်ခိုက် တယ်။ အန်တီ တန်ဖိုးထားတဲ့ အရာကိုလည်း အမြဲတမ်း နှိမ်ချဆက်ဆံတယ်။ သူ့စိတ်ထဲမှာ အန်တီ့ကို မုန်းနေတာ





အထိ လက်ခံပေးလို့ရတယ်။ ဒါပေမဲ့ သူက မုန်းတာထက် ဆိုးတဲ့ နာကြည်းချက်နဲ့ သစ်ရင်လစ်သလို ချေမှုန်းနေ တာ ...

ဒါကြောင့်မို့ အန်တီ သူ့အဖေနဲ့ တိုင်ပင်ကြည့်တယ်။ ယုယကို အိမ်ထောင်ပြုပေးမယ်လို့ အန်တီအကြံပေးတာကို သူ့အဖေက မပေးစားရက်ဘူးဆိုပြီး ငြင်းနေတယ်။ ဒီတော့ ယုယုယ အိမ်ထောင်ပြုဖို့အတွက် သူ့မှာ ချစ်သူရှိဖို့လိုပြီ လေ။ မင်းနဲ့သူ့ကို ရည်းစားဖြစ်စေချင်တဲ့ အကြောင်းက တော့ အဲဒါပဲ ...

ယုယုယနဲ့မင်း ရည်းစားဖြစ်ဖို့ အဓိကကွာ။ အိမ် ထောင်ရေးဆိုတာကတော့ ထားပါတော့။ ဒါက မင်းတို့ ခံစားချက်အပိုင်း ဖြစ်သွားပြီ။ အရေးကြီးတာက ယုယုယ ကို ရည်းစားရသွားစေချင်တာ။ အဲဒါပဲ။ မင်း ကူညီနိုင် မလား ရွှေဘုန်းဂါ။ သူ အချစ်ဆိုတာ နားလည်ရင်ရပြီ"

ဂါကာ ဘာမှပြန်မဖြေသေးဘဲ ရေတစ်ခွက် ငှဲ့သောက် လိုက်သည်။ ဒေါ်မိမိချို ပြောတာတွေဟာ အကြောင်းပြချက် ကောင်းပေမယ့် နောက်ဆုံး အကြောင်းရင်းက မပြည့်စုံသေးပေ။



www.burmeseclassic.com

www.burmeseclassic.com



ယုယုယကို ပ,ထုတ်ချင်တဲ့ ရည်ရွယ်ချက်ကို ဖျောက်ထားပြီး သူ့ကို ဝှက်ဖဲထားသွားတာဖြစ်သည်။

"ဘာလို့ ကျွန်တော့်ကို ရွေးချယ်တာလဲ"

"ပြောပြီးပြီလေ။ မင်းဟာ လူမိုက်လူရမ်းကား မဟုတ်ဘူး။ မင်းချမ်းသာတာ ဆင်းရဲတာ စာတတ်တာ မတတ်တာ အရေးမကြီးဘူး။ အန်တီ ပွင့်ပွင့်လင်းလင်း ပြောမယ်နော်။ မင်းကို ဂျစ်ပစီလေးလို့ သတ်မှတ်ထားလို့ အန်တီ ယုယုယ နဲ့ တွဲစေချင်တာ။ အင်မတန်ဘဝင်မြင့်တဲ့မိန်းမရဲ့ ချစ်သူ ဟာ ဘာဂုဏ်ဒြပ်မှ မရှိလေ အန်တီ သူ့ကို အနိုင်ယူနိုင် လေပဲ"

"အဲဒါဆိုရင်တော့ နောက်ကျသွားပြီ အန်တီ။ ကျွန်တော် က Final part-I တက်နေတာပါ။ ကျွန်တော့်မိဘတွေက အမရပူရမှာ ရက်ကန်းနဲ့ ပိုးထည်လုပ်ငန်း လုပ်ပါတယ်။ ယုယုယလို မိန်းကလေးတစ်ယောက်က ကျွန်တော့်ကို ဒီလိုရင်းရင်းနှီးနှီး ဆက်ဆံတယ်ဆိုတာ သူလည်း အနာဂတ် ကို ကြိုတွေးထားလို့ personality ရှိတဲ့ လူမျိုးကိုပဲ စဉ်းစား မှာပါ"





"ဘာ ... မင်းက ဆေးကျောင်းသား ဟုတ်လား။ မင်း တစ်ခါမှ မပြောဖူးပါဘူး"

ဂါက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီးမှ ခေါင်း တဆတ်ဆတ်ညိတ်ပြရင်းက ...

"အန်တို့ကို မပြောဖြစ်သလို အန်တီကလည်း မထင်မိတာ က ကျွန်တော်နဲ့ စဆုံတော့ အန်တီက အာမခံလိုက်ထုတ် ပေးရတယ်။ ပြီးတော့ ကျွန်တော့်ကောင်မလေးနဲ့ ကွိုင်တက် နေတဲ့အချိန်မှာတွေ့တယ်။ အဲဒီလိုကြောင့် ကျွန်တော်က ဂျစ်ပစီလို့ သတ်မှတ်ပြီး ရွေးချယ်လိုက်တာလား အန်တီ"

"အမှန်ပဲ ရွှေဘုန်းဂါ၊ မင်းကို ခပ်ဆိုးဆိုး လွင့်နေတဲ့ ကောင်လေးလို့ ထင်လို့ လုပ်ခိုင်းတာ။ အခုမှတော့ နောက်ဆုတ်လည်း မထူးဘူး။ ဒါဟာ ယုယုယ ကုသိုလ် လို့ သတ်မှတ်တာပေါ့ ...

ကဲ ... ဘယ်လိုလဲ ရွှေဘုန်းဂါ၊ မင်း အန်တို့ကို ဆက်ကူညီနိုင်ဦးမလား"

"ဘာလဲ ... ယုယနဲ့ ရည်းစားဖြစ်ဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ဂါက လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။ သီချင်းသံသဲ့သဲ့လေး ကြားနေရသောကြောင့် စိတ်အာရုံတို့က လန်းလို့နေချေသည်။ ဒါကြောင့် ကျေနပ်လောက်မည့် အဖြေတစ်ခုပေးဖြစ်သွားသည်။

"အာမ,မခံဘူး။ ဒါပေမဲ့ try ကြည့်မယ်၊ ကူညီဖြစ်တယ်ဆိုလည်း ဒါဟာ အန်တီ့ controlထက် ကျွန်တော့်ရဲ့စိတ်သဘောအတိုင်း လုပ်မယ်ဆိုတာတော့ ကြိုပြောထားပါရစေ။ Ok ... သဘောတူလား"

အမျိုးသမီးက သဘောကျ ကျေနပ်ဟန်ဖြင့် ခေါင်းဆတ်ပြသည်။ သူ့ကိစ္စပြီးပြီမို့ ပြန်ဖို့နှုတ်ဆက်ပြီး ထွက်တော့မည့်အပြုမှာ ဒေါ်မိမိချိုက တစ်ခုလှမ်းမေးလေသည်။

"ရှေ့ဘုန်းဂါ ... ဒါနဲ့ မင်း အခုကျောင်းက ဘယ်မှာတက်လဲ"

သူက ဘွားတော်ကို လည်ပြန်တစ်ချက် လှည့်ကြည့်၍ဖြေပြီး ထွက်လာခဲ့တော့သည်။





"I.M(1) လေ"

သူ ပြန်ထွက်အလာမှာ မိုးလေးက ခပ်ဖွဲဖွဲလေးရွာတာမို့ ဒီအချိန်ဆို အိမ်မှာ ipod လေး နားကြပ်တပ်၍ ကော်ဖီသောက်လိုက်ရင်ဖိမ်ပဲ တွေးမိသွားသောအခါ ကဗျာလေးတစ်ပုဒ်က ရင်ဘတ်ထဲ အလိုလို ရောက်လာလေသည်။

♥ ✦ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"



www.burmeseclassic.com

www.burmeseclassic.com



## ၇

"နေဝန်း ... ဒါက ဘယ်သွားမလို့လဲ"

ယုယက လှမ်းလျှောက်လာရင်း မေးခွန်းထုတ်လေသည်။ ဗျာက ဂရုမစိုက်ဟန်ဖြင့် မျက်နှာကြောကို ရိုက်ပေါက်ဒီဇိုင်းဖမ်းထားလိုက်၏။ နေဝန်းကတော့ အေးအေးဆေးဆေးပြန်ဖြေလေသည်။

"Junction Squrare သွားမလို့လေ။ ငါနဲ့ ဗျာ shopping သွားမလို့။ ဘာမှာမလို့လဲ ယု"

"နင်တို့နှစ်ယောက်တည်း သွားမှာလား"

ဟွန်း ... မေးတဲ့ပုံစံကိုက ရိုက်ပေါက်။ ဗျာက ကြာရင် ကျိုင်တော့မယ်ဆိုတာ သိနေတာကြောင့် ခပ်ဆဆ ခြေ





လှမ်းတို့ဖြင့် ကားဆီကိုပဲ သွားလိုက်သည်။ ဗျာ ထွက်သွားတာနှင့် ယုယက နေဝန်းရဲ့လက်မောင်းကို ဖျတ်ခနဲ ရိုက်လိုက်ရင်းက ...

"နေဝန်း ... shopping ကို ဘာကိစ္စ နင်က သူ့ခေါ်သွားရတာလဲ"

"ဟာ ... ယုကလည်းဗျာ၊ သက်သက်မဲ့ ရစ်နေတယ်။ ကျွန်တော်နဲ့သူ သွားတာပဲ ဘာဆန်းလို့လဲ"

"နေဝန်းခ ... ကျစ် ... နင်နော် ... သူနဲ့ နင်ကဘာမှမတော်ဘူးဆိုတာ သဘောပေါက်ထားဟဲ့။ စွပ်ပြီး စေတနာတွေ ရေစီးကမ်းပြိုမနေနဲ့"

နေဝန်းက ပေါက်ပေါက်ဖောက်နေသော ယုကို စိတ်ပျက်စွာဖြင့် လေပူမှုတ်ထုတ်လိုက်ကာ ဘုတောလိုက်သည်။

"သိတယ်လေဗျာ ... ဘာမှမတော်လို့ ဒီလိုစေတနာတွေ ထားနေတာပေါ့ဗျ"

"ဘာ ... နင်"

နေဝန်းက ယုယကို ခေါက်ထားခဲ့လိုက်ကာ ကားပေါ်တက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"sorry ပဲ ဗျာရယ်၊ ယု အကြောင်းတော့ သိတယ်မှလား။ ထုံးစံအတိုင်း ပွားကျန်ခဲ့တယ်လေ။ ကဲ ... သွားရအောင်နော်"

ဗျာက ပြုံးပြုံးလေးပဲ ခေါင်းညိတ်ပြလိုက်လျှင် နေဝန်းက ကျေနပ်စွာဖြင့် ကားမောင်းထွက်လာခဲ့တော့သည်။ မေမေကတော့ ဒီဖြစ်ရပ်အတွက် ကျေနပ်နေပေလိမ့်မည်။ အခုတလောမှာ ဗျာနှင့် နေဝန်းဟာ စကားပြောရဆိုရတာ အတော်အဆင်ပြေနေတာဖြစ်သည်။ ဖြစ်နိုင်တာကတော့ ဗျာ့ဘက်က စကားလုံးဆိုကောင်းတာတွေပဲ ရွေးပြောလို့ပဲ ဖြစ်ရမည်။ သူနှင့် ဗျာဟာ Junction Square မှာ shopping လုပ်ရင်း မျက်လုံးထဲမှာ မြင်သမျှထဲက အမိုက်စားတွေကို ဝယ်ကြသည်။ နေဝန်းက ဗျာဝယ်သမျှ စရိတ်စကအားလုံးကို soponsar ပေးထားတာဖြစ်သည်။

နေဝန်းရဲ့မိဘတွေ ထားခဲ့ပေးထားတဲ့ အမွေတွေဟာ အတော်လေး များပေသည်။ သူ့ရဲ့ကိုယ်ပိုင်ဝင်ငွေကလည်း မက်လောက်စရာမို့ မိန်းကလေးတိုင်းရဲ့အိပ်မက်မင်းသား ဖြစ်လေသည်။

"ဗျာ ကြိုက်တာ ဝယ်နော်၊ ကိုယ့်ကို ဘာမှအားမနာနဲ့သိလား"





"ဪ ... ရပါတယ် နေဝန်းရယ်၊ ဗျာက အရမ်းအားနာနေတာ"

"ဘာအားနာစရာရှိလဲကွာ၊ ကိုယ်တို့က သူစိမ်းတွေမှမဟုတ်တာ"

ဗျာက အဲဒီစကားကြောင့် ဟက်ခနဲ တစ်ချက်ရယ်ရင်း အင်္ကျီတွေကို ရွေးနေလိုက်သည်။

"ဟား ... တူပါတယ် ကြည့်နေတာ။ လက်စသတ်တော့ တကယ့် ပျို့ကဗျာ အစစ်ကြီးပဲ"

ဗျာ့ကို လာနှုတ်ဆက်သူကို ဗျာကော နေဝန်းကပါ ကြည့်လိုက်မိသည်။ ဟင်း ... တွေ့ပြန်ပြီ။ ဆံပင်က one way နားမှာက စိန်နားကပ်တစ်ဖက်တပ်လို့၊ မျက်မှန်က တပ်ထားသေးသည်။ ပန်းရောင် Baby pink ကာလာ၊ တီရှပ်ကို အပေါ်ကနေ sopt လုံးပါတဲ့ အော်တာရှပ်အပြာလက်တို ထပ်ဝတ်ပြီး ဘောင်းဘီက skinney မိုးပြာရောင်ဖြစ်ပြီး ဖိနပ်က supra ဖြစ်သည်။ အပြတ်အသတ်ကို ပဲတွေစွတ်ပေးထားတဲ့ ရုပ်တွေ စွတ်ဖွင့်ထားတဲ့ ကောင်လေးက ဗျာ့ကို လာနှုတ်ဆက်တဲ့အတွက် နေဝန်းက အခဲခတ်နေပုံ ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... shopping လာတာလား"

"အင်း ... ဟုတ်တယ်။ ဒါနဲ့ ဟိုနေ့က ရှင့် ipod လေး ကျန်နေခဲ့တယ်နော်။ အခုတော့ မပါလာဘူး။ နောက်မှ ယူပေါ့"

"အာ ... ရတယ်။ အဟဲ ... ကိုယ်က ကျန်လို့ကျန်ခဲ့မှန်းတောင် မသိဘူး။ Ok ... အဲဒါဆို ကိုယ်လည်း သွားလိုက်ဦးမယ်။ See You "

ရွှေဘုန်းဂါက ဖျာ့ကို နှုတ်ဆက်ကာ ထွက်သွားပြီးတာနှင့် နေဝန်းက ဖျာ့ကိုမေးလေသည်။

"ဖျာ ... သူက ဖျာ့မိတ်ဆွေလား"

"အင်း ... ဟုတ်တယ် နေဝန်းရဲ့။ သူက တီချယ်ဒေါ်တင်မြဆီမှာ စာလာလာမေးရင်းက ဖျာနဲ့သိသွားတာလေ။ ဘာဖြစ်လို့လဲ"

"သြော် ... ဘာမှမဟုတ်ပါဘူး။ မေးကြည့်တာပါ။ ကဲ ... ဖျာ ကြည့်လေ"

"တော်ပြီ ... ဖျာဝယ်တာတွေ များနေပြီလေ။ ကဲ ... ဖျာ တစ်ခုခု သွားစားရအောင်လေ ... လာ"





ဖျာနဲ့ နေဝန်းက စားသောက်တန်းမှာ သွားစားလိုက်ကြသေးသည်။ ဖျာ့ရင်ထဲမှာ နည်းနည်းကျေနပ်သွားပေသည်။ နေဝန်းခ တစ်ယောက်တော့ ရင်ထဲမှာ ရှုပ်ခနဲထိသွားပြီဖြစ်သည်။ ရွှေဘုန်းဂါ တစ်ယောက် ဖျာ့ကို နှုတ်ဆက်ခြင်းအားဖြင့် နေဝန်း ဖျာ့ကို ပိုသတိတရ ဖြစ်သွားပြီဆိုတာ သေချာနေပါသည်။

♥✦♥



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဘယ်လိုလဲ ကြည့်ပါဦး၊ ကိုယ်လှရဲ့လား ယု"

fitting room ထဲက ထွက်လာသော ဂါ့ကိုမြင်လိုက်ရလျှင် ယုယ ငေးခနဲဖြစ်သွားရသည်။ wow ... ဒီ,ဒီဇိုင်းဟာ ယုယရဲ့ master piece လို့တောင် သတ်မှတ်ရပေမည်။ ရွှေဖလားရောင် လည်ကတုံးရှပ်အပေါ်မှာ အလှဆင်ထားသော ကျောက်ဒီဇိုင်းလေးတွေက တစ်မျိုးဆန်းကာ အဲဒီအင်္ကျီလေးက ဂါ ဝတ်လိုက်လျှင် ပိုလို့တောင် တန်ဖိုးတက် ခန့်ထည်ရလေသည်။ ရွှေဖလားရောင်ပုဆိုးနှင့် ကတ္တီပါဖိနပ်လေးကတော့ ဂါ့ကို အရမ်းခန့်ထည်စေသည်။ ယုယ ဖန်တီးခဲ့တဲ့ ဒီဇိုင်းတွေထဲမှာ ဒီ,ဒီဇိုင်းကတော့ ချစ်သောစိတ်ဖြင့် ဖန်တီးတာကြောင့် အရမ်းကိုလက်ရာမြောက်တာဖြစ်မည်။

"ဘယ်လိုလဲ။ ကိုယ်ကတော့ အရမ်း gent ဖြစ်သွားသလိုပဲ။ ဒီဇိုင်နာမမရဲ့လက်ရာက အရမ်းမိုက်တယ်ဗျာ"





ဂါ့ရဲ့ချီးမွမ်းမှုကို ယုယက ကျေနပ်စွာဖြင့် ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ...

"သိပ်မမြှောက်ပါနဲ့ ဂါရယ်၊ ယုတောင် မနေတတ်တော့ဘူး။ ဒါပေမဲ့ အဲဒီ,ဒီဇိုင်းလေးက အရမ်းလိုက်တယ် သိလား၊ ဂါ့ကို ဘောင်းဘီနဲ့ ဟော့ရှော့မြင်နေကျမို့လို့လား မသိဘူး။ ပုဆိုးနဲ့ရှပ်က အရမ်းအမြင်ဆန်းပြီး ဂါနဲ့လည်း အရမ်းလိုက်တာပဲ"

"ဟုတ်လား ... ယုယက ကိုယ့်ကို ပုဆိုးနဲ့ရှပ် ဝတ်စေချင်ရင် ကိုယ်ဝတ်မှာပေါ့။ ယုယ အဲဒါဆို ကြိုက်မှာလား ဟင် ... ဟင် ? "

ယုယကို စိုက်ကြည့်ပြီး တိုးရှရှလေး မေးလိုက်လျှင် ယုယ ရင်ခုန်သံတို့ဟာ တထိတ်ထိတ် ခုန်လို့သွားသည်။ ဂါဟာ ယုယ အတွက်တော့ အဆင်သစ်လေးပဲဖြစ်သည်။ ဂါနဲ့ပတ်သက်ခဲ့တဲ့ အချိန်လေးက တိုတောင်းပေမယ့် ယုယအတွက်တော့ အမှတ်ရစရာတွေချည်းပဲဖြစ်သည်။ ယုယ အနားက ယောက်ျားတွေထက် ဂါက ယုယကို ဆွဲဆောင်နိုင်သည်။ အခုလည်း အဲဒီအမေးက



www.burmeseclassic.com

www.burmeseclassic.com



ယုယကို ကြွေကျသွားစေပါသည်။ ယုယက ရှက်ပြုံးလေးတစ်ခု ဖြင့် တိုးသက်ညင်သာစွာ ပြန်ဖြေလိုက်သည်။

"ဂါ့သဘောပါ။ ဂါက ဘာပဲဝတ်ဝတ် ကြည့်လို့ကောင်း တာပဲဟာ"

"ဟား ... ဒါဆိုရင်တော့ လုံးဝ ကိုယ့်ကိုယ်ကိုယ် confidence (ယုံကြည်မှု) ရှိသွားပြီကွာ။ ကဲ ... ကိုယ် သွားလဲလိုက်တော့မယ်။ ပြီးရင် ကိုယ်တို့ တစ်ခုခုသွားစား ကြရအောင်လေ"

"အင်း"

ယုယက သူ အင်္ကျီပြန်သွားလဲတဲ့အချိန်မှာ ခပ်မြန် မြန်လေး Estae Lauder powder cake ကို မျက်နှာမှာ ပုတ်လိုက် ပြီး Justbitten ဆိုးထားတဲ့ နှုတ်ခမ်းပေါ်မှာ gloss အကြည်လေး ပါးပါးသုတ်လိုက်သည်။ ပြီးတော့မှ အိတ်ဆောင်ရေမွှေးလေးကို ထုတ်ဆွတ်လိုက်သည်။ ဂါ အဝတ်လဲပြီး ထွက်လာတော့ ယုယက အပြင်သွားဖို့ အဆင်သင့်ဖြစ်နေပြီလေ။

"ယုယ ... အဝတ်အစားအတွက် ..."





သူ ဘာပြောမယ်ဆိုတာ ယုယက သိနေတာကြောင့် ဂါ့စကားမဆုံးခင် လက်ကာပြလိုက်ကာ ခေါင်းပါယမ်းလိုက် ရင်း ...

"ယုတို့နှစ်ယောက်ကြားမှာ ငွေစကားပြောစရာလား။ ဒါ ယု စေတနာပါပါနဲ့ သေချာချုပ်ထားတာ။ ဒီဇိုင်းဆွဲကတည်း ကိုက ဂါ့အတွက်ဆိုပြီး ရည်ရွယ်တာ။ ယု စေတနာကို နားလည်ပါနော်"

ယုယက ဖွတ်ကြီးပြောနေတာကြောင့် သူက မငြင်း ချင်တော့ပေ။ ခေါင်းအသာဆတ်ပြရင်းက ...

"thanks million ပါ ယုယ။ ကိုယ် အရမ်းအားနာရတယ်"

"Noproblem ဂါက ယုကို ဘာမှအားနာစရာမလိုဘူး။ ကဲ ... သွားကြစို့လေ"

သူနဲ့ ယုယက Romantic ဆိုင်မှာ စားရင်းသောက် ရင်း စကားအေးဆေးပြောဖြစ်ကြသည်။

"ယုယကို ကိုယ် ပြောချင်တာလေးတွေရှိတယ်။ ယုယ နားထောင်ပေးမလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ ... ဘာပြောမလို့လဲ"

ဂါက ယုယရဲ့မျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်လိုက်သည်။ သူနဲ့အကြည့်ချင်းဆုံသွားတာကြောင့် ပြုံးစစမျက်နှာဖြင့် ယုယက မျက်လွှာချသွားလေသည်။ ယုယ သူ့ကိုချစ်နေပြီလို့ သူ ယုံထားသည်။

"ကိုယ် ဒီစကားကို စတွေ့ကတည်းက ပြောချင်တာပါ။ ဒါပေမဲ့ အခုထိမပြောဘဲ မျိုသိပ်ထားရတာ။ ကိုယ် အဲဒီလို အုံ့ပုန်းဖီလင်ကြီးကို မကြိုက်ဘူး။ ကိုယ်ပြောပါရစေနော်။ ယုယကို ကိုယ်ချစ်တယ်"

"ရှင်"

"ကိုယ်ကတော့ ကိုယ့်ခံစားချက်ကို ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်ပြီ။ ယုယနဲ့ facebook မှာ စသိကတည်းက ရင်ထဲမှာ ငြိနေခဲ့တာ။ ယုယကကော ဘယ်လိုသဘောရလဲဟင်"

ယုယက တစ်ခုခုပြောဖို့အတွက် သူ့ကိုမျက်လုံးတစ်ချက်လှန်ကြည့်သည်။

"ယုကို ဘယ်လိုဖြေစေချင်သလဲ"





"ဘယ်သူမဆို ကိုယ် ချစ်တယ်လို့ ဝန်ခံထားတဲ့ မိန်းကလေးဆီက အချစ်ပဲ လိုချင်တာပေါ့။ ဒါ သဘာဝပဲလေ"

"အဟင်း ... ယုလည်း ဂါ့ကို ရင်ခုန်ပါတယ်"

အဖြေက ရသွားပြီဖြစ်သည်။ သူနဲ့ယုယ ဒီကနေ့ဒီအချိန်ကစလို့ ချစ်သူတွေ ဖြစ်သွားပြီဖြစ်သည်။ ယုယကို propose လုပ်လိုက်တာဟာ သူ့စိတ်ဆန္ဒက 20% ဆို ဒေါ်မိမိချို့ဆန္ဒအရ 80% ဖြစ်သွားပြီး မြန်မြန်ချစ်ခွင့်ပန်လိုက်တာပဲဖြစ်သည်။ ချစ်သူဖြစ်စွာ သူက စားပွဲပေါ်မှာတင်ထားတဲ့ ယုယရဲ့လက်ဖမိုးလေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်စဉ်မှာပဲ ဖုန်းကဝင်လာ၍ စိတ်နှောက်စွာဖြင့် ဖုန်းကိုင်လိုက်ရလေသည်။

"ဟယ်လို"

"ဟုတ်ကဲ့ ... ဒါ ကိုရွှေဘုန်းဂါရဲ့ဖုန်း ဟုတ်ပါသလား"

သူက မိန်းကလေးသံ ဖြစ်တာကြောင့် ဘယ်သူများပါလိမ့်လို့ တွေးလိုက်ရင်းက ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ ... ကျွန်တော် ပြောနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရွှေဘုန်းဂါ ... ကျွန်မ ပျို့ကဗျာ။ ဘယ်လိုလဲ ... ရှင့် ipod ကို ကျွန်မ လွှင့်ပစ်လိုက်ရတော့မှာလား။ လာလည်း မယူဘူး။ ကျွန်မ ရှင့်ဖုန်းနံပါတ်ကို တီချယ့်ဆီကမေးပြီး လှမ်းဆက်ရတာ။ ဘယ်လိုလဲ ... မယူတော့ဘူးလား"

ဝိုး ... ပျို့ကဗျာက သူ့ဆီ ဖုန်းစဆက်တယ်ဆို တော့ သူ နည်းနည်းဂုဏ်ယူသွားရသည်။ အကယ်၍ သူ့ဘေးနား မှာ ယုယသာရှိမနေဘူးဆို သူက ပျို့ကဗျာကို ဒေါသထွက်အောင် စ,ဦးမှာဖြစ်သည်။ ဒါပေမဲ့ အခုမှဖြစ်ခါစ ဆော်ရှေ့မှာမို့ သူက ရိုးသားတဲ့ ဖိုးသခွားအထာ ဖမ်းရလေသည်။

"အဟား ... ဆောရီးပါ။ ကျွန်တော် မေ့သွားလို့ဗျ။ ကျွန် တော် ဘယ်လာရမလဲ"

"အခုတော့ လာမယူနဲ့ဦး။ မနက်ဖြန် ကိုးနာရီလောက် ကျွန်မ ဆေးရုံကြီး လာဖို့ရှိတယ်။ ရှင် ကျောင်းတက်မယ် ဆိုရင်တော့ ဝင်ပေးလိုက်မယ်"

"Ok ... Ok အဲဒါဆို ရတယ်။ ကျွန်တော် စောင့်နေမယ်"





"ပြီးရော ... ကျွန်မ ရှင်တို့ကျောင်းထဲရောက်ရင် ဖုန်းဆက် လိုက်မယ်"

ပျို့ကဗျာက ဖုန်းချလို့သွားလေသည်။ ဂါက သူ ဖုန်းပြောတာ စောင့်ပေးနေတဲ့ ယုယကို အားနာစွာဖြင့် ဟဲခနဲ သွားဖြဲပြလိုက်ကာ ...

"ဆောရီး ... ကျောင်းကိစ္စ ဖုန်းလာလို့။ ယုယ စားလေ"

"အင်း ... ဂါလည်း စားလေ"

"အင်း ... ဩော် ... ယုယ ... ကိုယ်တို့ ချစ်သူတွေနော်"

သူ့စကားကြောင့် ယုယက အပြုံးတစ်ခုဖြင့် ခေါင်း ညိတ်ပြသည်။ ရည်းစားဆိုတာ ထားဖူးနေကြဖြစ်၍ ဒီရည်းစား ကလည်း သူ့အတွက် ရည်းစားတွေထဲက ရည်းစားပဲဖြစ်သည်။

ဒါပေမဲ့ ယုယုယကတော့ ရည်းစားဖြစ်ရသည့် အကြောင်းအရင်း ရှိတာကြောင့် ယုယနဲ့ ရည်းစားဖြစ်ရခြင်းဟာ အဓိပ္ပာယ်ရှိသည်ဟု သူက ယူဆမိပါသည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



❖ ၈ ❖

"လာပါ ပို့ကဗျာရဲ့။ ကျွန်တော်တို့ဆီ လာလည်တာကို ညှိဝတ်ကျေပါရစေ။ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ် လာပါ"

သူက အတင်းကာရောကြီး အဖော်ရှာလွန်နေတာ ကြောင့် ဗျာကော ဖြူဖြူကပါ ကြာတော့ အားနာတာကြောင့် သူနဲ့အတူ ကန်တင်းလိုက်ထိုင်ဖြစ်သည်။ သူက သူ့သူငယ်ချင်း နှစ်ယောက်နဲ့ ဗျာတို့ကို မိတ်ဆက်ပေးလေသည်။

"ဟေ့ကောင်တွေ ... ဒါက ပို့ကဗျာတဲ့။ သူက ဖြူဖြူ မိုးအေးတဲ့။ ဆေး(၂)က ငါတို့နဲ့ အတူတူပဲ။ ပို့ကဗျာ ... ဖြူဖြူ မှတ်ထားနော်၊ ဒီကောင်တွေကို။ သူက မျိုးရဲရင့်ကို





The Early Bird BOOK RENTAL HOUSE

သူက သော်ကောင်းဆက်။ Info. Tech မှာတက်တာ၊ ဒီ ကောင်တွေလည်း ပါတယ်လေ။ အခုဆို ကျွန်တော်တို့ သူငယ်ချင်းတွေ ဖြစ်သွားပြီနော်"

"အင်းပေါ့ ... ဗျာကို အားလုံးက ဗျာလို့ပဲခေါ်တယ်၊ ရင်း ရင်းနှီးနှီးပေါ့"

"ဟုတ်ကဲ့ ဗျာ။ ဗျာတို့နဲ့ ခင်သွားပြီဆိုတော့ နောက် ဘယ်မှာတွေ့တွေ့ လှမ်းခေါ်မှာနော်။ ကျွန်တော်တို့ကို မသိချင်ယောင် မဆောင်ရဘူးနော် ... အဟဲ ... ဟဲ"

"သြော် ... ခင်သွားပြီပဲဟာ။ ဘာလို့ မသိချင်ယောင်ဆောင် ရမှာလဲ"

ဗျာတို့နဲ့ သူတို့ ဘော်ဒါတွေ ဖြစ်သွားကြတော့ စကားပြောရတာ flexible ဖြစ်လာသည်။ သူတို့အုပ်စုက လုံးဝကို ဆေးကျောင်းသားလို့ ထင်ရက်စရာမရှိအောင်ကို ဗရုတ်ကျသူတွေ ဖြစ်သည်။

ဗျာတို့ ကန်တင်းထိုင်ပြီး ပြန်တော့မယ်ဆိုတော့ သူတို့က ဗျာတို့ကားရပ်ထားသည့်နေရာအထိ လိုက်ပို့ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်လည်း ဗျာတို့ ဖြူဖြူတို့ကို လာလည်ဖို့ ဖိတ်ခေါ် ပါတယ်။ ကျွန်တော်တို့လည်း ဗျာတို့အခြမ်းကို လာလည် မှာနော်"

"လာခဲ့ပါ။ ဗျာတို့ ကြိုဆိုပါတယ်။ တခြားသူငယ်ချင်း တွေနဲ့လည်း မိတ်ဆက်ပေးမယ်လေ။ ကဲ ... အဲဒါဆို သွားတော့မယ်"

ဗျာတို့က အားလုံးကို နှုတ်ဆက်ကာ ထွက်လာခဲ နီးမှာတော့ ရွှေဘုန်းဂါက ဗျာ့ကို လှမ်းပြောလေသည်။

"အခုလာမယ့် စနေ တီချယ့်အိမ် လာဦးမှာမှလား ဗျာ အဲဒီမှာ ဆုံမယ်နော်"

ဗျာက ခေါင်းဆတ်ပြရင်းက ကားမောင်းထွက်လာ ခဲ့သည်။ ဆေးကျောင်းဝန်းထဲက ထွက်လာတာနှင့် ဖြူဖြူက ဗျာ့ ကို မှတ်ချက်ပြုလေတော့သည်။

"အဲဒီ ရွှေဘုန်းဂါက နင့်ကို ကြွေနေတဲ့ အဆင်ပဲနော်"

"အပိုတွေ။ ဟို ... သော်ကောင်းဆက်ကသာ နင့် အကြည့်တွေ လွှတ်နေတာ"





"အမယ်လေး ... နေစမ်းပါဟာ။ အဲဒါကြီးဆိုရင်တော့ ကန်တော့ဆွမ်းပဲဟေ့။ ဟား ဟား ... အခု ဘာလဲ၊ ကျောင်းပြန်မှာလား"

"အေးလေ... ပြန်ရမှာပေါ့။ တစ်ခွဲ ကျူတိုရီယယ် ရှိတယ် လေ"

ဗျာက ကားကိုသာ အာရုံစိုက်၍ မောင်းလာခဲ့တော့ သည်။ ဗျာ ကျောင်းရောက်တော့ ဗျာ့ကိုစောင့်နေတဲ့သူက ရှိလေ သည်။ တကယ်ကို မထင်မှတ်ထားစွာ နေဝန်းက ဗျာ့ကိုစောင့် နေတာဖြစ်သည်။ ကားပါကင်မှာ စောင့်နေတာ တော်တော်ကြာပြီ ထင်သည်။ ဗျာ့ကိုမြင်တော့မှ လှမ်းခေါ်၍ ဗျာ့မှာ အံ့ဩနေရတာ ဖြစ်သည်။

"နေဝန်း ... ဒီကို ဘာလာလုပ်တာလဲ"

"ဗျာ့ဆီလာတာ။ ကိုယ် ဆယ်ခွဲကတည်းက ကျောင်း ရောက်နေတာ။ ဗျာ့အတန်း သွားမေးတော့ ဗျာမလာဘူး တဲ့။ ဖုန်းဆက်တော့လည်း ဗျာ ဖုန်းမကိုင်ဘူး။ ဒီနေ့ ဗျာ test ဖြေရမှာ သေချာပေါက်လာမယ်လို့ အတန်းထဲက



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပြောလိုက်လို့ စောင့်နေတာ။ ဘယ်သွားနေတာလဲ ဗျာရယ်"

"ဆေး(၁)က သူငယ်ချင်းတွေဆီ သွားလည်နေတာ။ ဟုတ်တယ် ... ဗျာ ဖုန်းကိုအိတ်ထဲထည့်ထားတော့ အသံမကြားတာဖြစ်မယ်။ ဟို ... နေပါဦး။ နေဝန်းက ဘာလို့ ဗျာ့ကို စောင့်နေတာလဲ"

ဗျာ့အမေးကို မဖြေခင်မှာ သူက ဗျာ့ဘေးက ဖြူဖြူကို လှမ်းကြည့်လေလျှင် အလိုက်သိတဲ့ ဖြူဖြူက ရှောင်ပေးလေသည်။

"စကားပြောကြဦးလေ။ ဗျာ ... ကျူတိုရီယယ် တစ်ခွဲနော်။ ငါ class ဝင်လိုက်မယ်။ အဲဒီမှာ စောင့်နေမယ်"

"အင်း ... အင်း"

ဖြူဖြူ ထွက်သွားလျှင် နေဝန်းနဲ့ ဗျာက ကန်တင်းဘက်သို့သွားကာ စကားပြောဖြစ်ကြသည်။

"ပြောစရာရှိလို့လား နေဝန်း။ အိမ်မှာပြောလည်း ရနေတာပဲ။ အချိန်ကုန်ခံ စောင့်နေရတယ်လို့"





နေဝန်းက ဗျာ့ကို ဘာမှမပြောသေးဘဲ ငေးသာကြည့်နေသည်။ သူ့အကြည့်တွေက ထူးနေတာမို့ ဗျာ တစ်ခုခုကို တွက်ဆမိသွားလေစဉ်မှာပဲ သူက စကားစပြောလာ၏။

"ဗျာ့ကို ကိုယ်ပြောချင်တာက ရှိပြီးသားပါ။ ကိုယ်တို့တွေ ကိုးတန်းလောက်ကတည်းက တစ်အိမ်တည်းမှာ အတူနေခဲ့ကြတဲ့အတွက် သံယောဇဉ်ကတော့ တစ်ယောက်နဲ့တစ်ယောက် ရှိပြီးသားပါ။ ဗျာ့ကိုလေ ဒီစကားပြောချင်နေတာ ကြာပြီဖြစ်ပေမယ့် ကိုယ့်စိတ်ကို မသေချာတာကြောင့် မပြောဖြစ်ခဲ့ဘူး။ ဟိုတစ်နေ့က ဗျာ့ကို လာနှုတ်ဆက်တဲ့ တစ်ယောက်ကို ဗျာနဲ့တွေ့ရတော့ ကိုယ့်ရင်ထဲမှာ ဗလောင်ဆူသွားတယ်။ အဲဒါ အချစ်ပဲ ဗျာ ...

ငယ်သံယောဇဉ်နဲ့ ချစ်တာမျိုး မဟုတ်ဘူး။ ဗျာ့ကို ကိုယ်ချစ်မိသွားတာကို ဗျာ့ကို ဝန်ခံတာပါ"

အဲ့ ... ဗျာတော့ အခက်ပဲ။ တကယ်ကြီးကို နေဝန်းက ရည်းစားစကား လာပြောနေပြီဖြစ်သည်။ ဒီကိစ္စကို မေမေသာသိရင် ဘယ်လောက်များ ကျေနပ်လိုက်လိမ့်မလဲ။ မေမေ ကျေနပ်တာ မှန်ပေမယ့် ဗျာ့အနေနဲ့ကျပြန်တော့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကိုယ့်ကို စိတ်မဆိုးပါဘူးနော်။ ကိုယ် နောက်က
သွားမှာစိုးလို့ ဗျာ့ကို အရဲစွန့်ပြောရတာပါ"

ဗျာ တစ်ခုခုပြောသင့်တယ်လို့ ထင်သည်။ ဘာပြေ
ရမှန်း ဗျာ မသိချေ။

မေမေ့မျက်နှာကြောင့် ဗျာ အပြတ်ငြင်းပစ်လို့ မ
သလို ဗျာ့စိတ်ဆန္ဒကြောင့် လက်ခံပေးလို့လည်း မရချေ။ အသင့်
တော်ဆုံး စကားလုံးကို ရွေးသုံးတတ်ပါမှ ဗျာ ရှောထားနိုင်မှ
ဖြစ်ပေသည်။

"ဟို ... နေဝန်းက အခုလိုကြီး ပြောလိုက်တော့ ဗျာ
ဘယ်လိုပြောရမှန်းတောင် မသိတော့ဘူး။ ဟို ... ဗျာတို့
က ..."

"ဒီကိစ္စကို ဖေဖေနဲ့ အန်တီ နားလည်မှာပါ။ ဗျာသာ
လက်ခံမယ်ဆို ကိုယ် သူတို့ကို ခွင့်တောင်းပြီး ဗျာ့ကို
လက်ထပ်မယ်"

"ဟို ... ဟို ... အဲလို မလောပါနဲ့။ နေဝန်းကို ဗျာ
သံယောဇဉ် ရှိပါတယ်၊ ချက်ချင်းကြီးကျတော့လေ ဗျာ





ဘက်က အရမ်း ဆပ်ပ်ပရိုက်စ် ဖြစ်တာရော၊ ကိုယ့်ကိုယ်
ကိုယ် သေသေချာချာ မဆုံးဖြတ်နိုင်တာတွေပါရောပြီး
ဖြေရကက်နေတယ်။ နေဝန်းရဲ့ propose ကို ဗျာ အသိ
အမှတ်ပြုပါတယ်။ ဗျာ့ဘက်ကလည်း နေဝန်းကို ဦးစား
ပေးပြီး လေးလေးနက်နက် စဉ်းစားပေးပါ့မယ် ...
ဟို ... ဒါပေမဲ့ ... နေဝန်း ဒီကိစ္စကို လူကြီးတွေ
ကို သွားမပြောဖူးလို့ ကတိပေးရမယ်"

ဗျာ့စကားကြောင့် သူက တက်ကြွသွားကာ သဘော
တွေအကျကြီးကျလျက် လက်ခံခေါင်းညိတ်သည်။

"ဟာ ... promise ။ ကိုယ် ကတိပေးတယ်။ ဗျာ့ဆီက
အခုလို မျှော်လင့်ချက်ပေးတာလေးကိုပဲ ကိုယ်ကကျေနပ်
လှပြီ"

ဗျာက ခေါင်းညိတ်ပြလိုက်ကာ နာရီတစ်ချက်
ငုံ့ကြည့်လိုက်ပြီး စကားစဖြတ်လိုက်တော့သည်။

"အင်းပါ ... ကဲ ... နေဝန်း၊ ဗျာလည်း class ဝင်ရတော့
မယ်။ သွားရအောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းက ဗျူှာစကားအတိုင်း လိုက်နာပေသည်။ အင်း ... ဗျူှာအတွက် ဒီအချင်းအရာဟာ ကံကောင်းတာလား၊ ကံဆိုးတာလား မခွဲခြားတတ်အောင် ကံက အကောင်းလွန်နေခဲ့ပါသည်။

♥ ✦ ♥





"ဟာ ... ဒါ မင်္ဂလာပဲ။ တကယ့် ကောင်းသတင်းပဲ။ နောက်ဆုံးတော့ မေမေ့မျှော်လင့်ချက်တွေ အရောင်တောက်လာခဲ့ပြီ၊ သမီးလေး သိပ်တော်တယ်"

မေမေက ဗျူှာပခုံးကို တင်းတင်းဖက်၍ ဝမ်းသာနေတာကို မြင်ရတော့ ဗျာ စိတ်ချမ်းသာရပါသည်။ ဒါပေမဲ့ တစ်ဖက်မှာလည်း ဗျာ စိတ်ညစ်နေရသည်။ ဗျာ မေမေ့ကို ဖွင့်ပြောမိတာ မှားများမှားသွားလား။

"သမီး သူ့ကို ဘယ်တော့ အဖြေပေးမှာလဲ"

"မေမေ ... ဗျာ အမှန်တိုင်း ပြောတာနော်။ ဗျာ သူ့ကို မချစ်ဘူး။ အချစ်ကို ဗျာ ကိုးကွယ်တာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဗျာ မချစ်တဲ့သူကို လက်မထပ်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... ဗျာ၊ မေမေ ပြောမယ်။ အဲဒီအချစ်က မေမေနဲ့ သမီးဘဝကို ဘာတွေများ အရောင်ထွက်စေခဲ့သလဲ။ အရေးကြီးတာ ငွေပဲ။ နေဝန်းခရဲ့ပိုင်ဆိုင်မှု ဘာတွေရှိတယ်ဆိုတာ သမီး သိနေတာပဲ။ အခုဆို ကိုမြတ်ခတို့ စီးပွားရေးက အရင်လိုမကောင်းတော့ဘူး။ အရှုံးမပေါ်အောင် မနည်းထိန်းနေရတာ။ ဒီကြားထဲ ဟိုဟာမ ယုယုယက ဆိုင်ခွဲတွေထပ်ဖွင့်ပြီး မွဲဆေးဖော်နေတာ။ သမီးအတွက် နေဝန်းခဟာ အကောင်းဆုံး ခြေကုပ်တစ်ခုပဲ။ နေဝန်းကိုသာ သမီး control လုပ်ထားနိုင်တာနဲ့ ယုယုယက အလိုလို မေမေတို့ကို ဒူးထောက်ရပြီ။ ယုယုယကို တစ်ချက်တည်းနဲ့ အပြတ်လုပ်နိုင်တဲ့ နည်းပဲလေ"

မေမေပြောတာက လက်ခံနိုင်စရာတွေပဲ ဖြစ်ပေမယ့် ဗျာ့အနေနဲ့ ခက်ခဲမှုဖြစ်သည်။ ကိုယ် တစ်သက်လုံး ပေါင်းသင်းရမယ့် ယောကျ်ားဆိုတာ သူ့မှာ ငွေကြေးဥစ္စာရှိရုံနဲ့ ပက်ခနဲယူလို့ရတာမဟုတ်ပေ။





"ချက်ချင်းကြီး အဖြေပေးလို့လည်း မရပါဘူး မေမေရယ်။ သမီး စာပဲစိတ်ဝင်စားပါရစေနော်။ နေဝန်း ကြည့်ရတာ သမီးကို တမ်းတမ်းစွဲပါ။ ဘာရှော့ခ်မှ မရှိပါဘူး။ သူ့ကို အချိန်ဆွဲထားလိုက်ပါ့မယ်"

"ဗျာ ... လျှော့မတွက်နဲ့။ ဒါဟာ မေမေ့ရဲ့မျှော်လင့်ချက်နော်။ ဘယ်လိုနည်းနဲ့မှ ပျက်သွားလို့မဖြစ်ဘူး။ ဒီအမွေတွေဟာ မေမေတို့ပဲ ပိုင်ဆိုင်ရမယ် ဗျာ"

"အင်း ... ကဲပါ မေရယ်။ သမီး သိပါတယ်။ ဗျာလည်း ကျောင်းကပြန်ရောက်လာကတည်းက နားရသေးဘူး၊ ဗျာ ရေချိုးတော့မယ်နော်"

"အေး ... အေး ... စကားလွဲတာက အမြဲတမ်းတော့မရဘူးနော်ဗျာ။ သမီး ကောင်းကောင်းစဉ်းစားတတ်မယ်လို့ မေမေ ယုံကြည်နေမယ်။ ကဲ ... သွား ... ရေမြန်မြန်ချိုး။ ပြီးရင် ထမင်းစားဖို့ မိတိုးကို ခေါ်ခိုင်းလိုက်မယ်"

မေမေ အခန်းထဲက ထွက်သွားမှ ဗျာ့က လေပူတစ်ချက် မှုတ်ထုတ်ကာ အိပ်ရာထက်မှာ ကန့်လန့်ဖြတ် လှဲချရင်း



www.burmeseclassic.com

www.burmeseclassic.com



အပေါ်က ကောင်းကင်မျက်နှာကြက်ကို ငေးကြည့်နေရင်းက စိတ်တွေမှာ နည်းနည်းပေါ့သွားသလိုရှိသည်။ ဗျာ ... ဘယ်လိုလုပ် ရမလဲ မစဉ်းစားချင်တော့။ ဘာလုပ်သင့်တယ်ဆိုတဲ့အတွက် ဗျာ ခေါင်းညိတ်ရတော့မှာလား။

ဘဝမှာ အခန့်သားထိုင်နေရတဲ့ ငွေပုံကြီးပေါ်ကနေ ခုန်မဆင်းဝံ့တဲ့ အတွေးဝင်လာလျှင် ဗျာသည် မျက်စိစုံမှိတ်၍ စိတ်တွေ မွန်းကျပ်မိနေပါသည်။

♥ ✦ ♥





အရိုးဆေးရုံမှာ သူက postin ကျနေတာဖြစ်သောကြောင့် သူဟာ အလုပ်များတာ အကြောင်းပြ၍ ယုယနဲ့ သွားမတွေ့ဖြစ်သေးခင်မှာ ယုယက သူ့ဆီရောက်လာတာဖြစ်သည်။ အဲဒီတော့ brake ပေးချိန်မှာ သူနဲ့ ယုယက ကားပေါ်မှာပဲ ထိုင်စကားပြောဖြစ်၏။

"ဂါ့ဆီ ဖုန်းဆက်တော့လည်း စက်ကပိတ်ထားတယ်။ အဲဒါကြောင့် ယု ကျောင်းမှာစုံစမ်းပြီး ဂါရှိတဲ့ဆီ လိုက်လာရတာ"

"စက်ပိတ်ထားတာနဲ့ ကြုံသွားလို့ဖြစ်မယ် ယုယရဲ့။ ဆရာဝန်ကြီး round တဲ့ အခါမျိုးမှာ ကိုယ်တို့က ဖုန်းပိတ်ထားလိုက်တယ်။ ဒါမှ အနှောင့်အယှက် ကင်းမှာလေ။ အဲဒါကြောင့်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဂါ့စကားက ဘာသဘောလဲ။ ယုက အနှောင့်အယှက်လား"

ဂါက ဟက်ခနဲ တစ်ချက်ရယ်လိုက်ကာ ခေါင်းယမ်းပြလိုက်ရင်း ...

"ယုယက ကိုယ့်ရည်းစားလေ။ အနှောင့်အယှက်မှ မဟုတ်တာ။ ကိုယ်က ဖုန်းပိတ်ထားတဲ့အကြောင်းကို ပြောတာပါ။ ကိုယ် ဒီညနေတောင် ယုယဆီ လာမလို့ပါ"

သူ့စကားကြောင့် ယုယက ကျေနပ်သွားပုံရလေသည်။ ဆက်မပြောတော့ဘဲ တခြားအကြောင်းအရာ ပြောလေ၏။

"ဂါ့ကို သတိတွေရနေတာ၊ ယုယတို့ ချစ်သူဖြစ်ပြီးကတည်းက အေးဆေးကို မတွေ့ရသေးဘူး၊ ဂါနဲ့ပြောစရာတွေကော တိုင်ပင်စရာတွေကောရှိတယ်"

"အင်း ... ကိုယ် မနက်ဖြန်လောက် လာမယ်လေ၊ အဲဒီကျရင် အေးဆေးပြောပေါ့ ... နော်"

"ပြီးရော ... ပြန်ပြီနော် အဲဒါဆို၊ ဩော် ... ဂါ ဘယ်သူနဲ့မှ ရှုပ်ရှုပ်ယှက်ယှက် မကြားချင်ဘူးနော်"





ချစ်တတ်သောမိန်းကလေးများ၏ ရစ်တတ်သောထုံးစံကို အကြောင်းသိနေတာကြောင့် ဒီစကားတွေအတွက် စိတ်ထဲမှာ ဘယ်လိုမှမနေပေ။ အချစ်ဆိုတာ donut မုန့်တစ်ခုလို စ,စားတုန်းကသာချိုပြီး ကြာတော့လည်း အီသွားတတ်တဲ့ သူ့စိတ်ကို သူက သိနေတာကြောင့် ဘာမှ ခံစားနေဖို့မလိုချေ။ ခေါင်းညိတ်လိုက်တာနဲ့ ကျေနပ်သွားတဲ့ ယုယဟာ သူ့ကိုတော့ တော်တော်လေး ချစ်ရှာပါသည်။

ဂါသည် လိုလိုမယ်မယ် ရှိသောအချစ်ဒိုင်လေးတွေ ပြောပြီးနောက် ယုယ ပြန်သွားတာနှင့် သူက ရင်ထဲက ပန်းပွင့်လေးဆီ လစ်တော့တာပဲဖြစ်သည်။ သော်ကြီး ကျေးဇူးအကြောင်းပြု၍ သူဟာ ပျို့ကဗျာနဲ့ နှစ်ယောက်တည်း တွေ့ခွင့်ရမှာဖြစ်သည်။ သူ့ဘော်ဒါ သော်ကြီးက ပျို့ကဗျာရဲ့သူငယ်ချင်း ဖြူဖြူနဲ့ ဒီနေ့တွေ့ဖို့ချိန်းထားတာမို့ သူကော ပျို့ကဗျာကောက အဖော်အနေဖြင့်လိုက်လာပြီး တစ်ဝိုင်းသပ်သပ် ထိုင်ခွင့်ရခဲ့တာဖြစ်သည်။

"ဗျာ ထပ်မှာပါဦးလား၊ ဘာစားဦးမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ ... ရပြီ၊ ပြည့်စုံပါတယ် ကိုရွှေဘုန်းဂါ၊ ဒါနဲ့ ရှင့်ကို မေးမလို့မေ့နေတာ၊ တီချယ်က ပြောတယ်၊ ရှင်က နယ်ကနေ ဒီကို ထရန်စဖာလုပ်လာတာဆို"

"ဟုတ်တယ်ဗျာ၊ အင်း ... ဟုတ်သားပဲ၊ ကျွန်တော့်အကြောင်း ဗျာ့ကို မပြောဖြစ်တာ၊ ကိုယ်က အရင် မကွေးဆေးမှာတက် တာလေ၊ နေတာက အမရပူရ၊ ဒါပေမဲ့ မကွေးမှာက ကိုယ့်ဘကြီးရှိတော့ အဲဒီမှာတက်တာ၊ တက်ရင်းက အဖေက ငါ့သား ရန်ကုန်မှာတက် ဒါမှ ပိုအမြင်ကျယ်မယ် ဆိုပြီး ပို့လိုက်တာ၊ ဒီမှာ ကျွန်တော် တစ်ယောက်တည်းနေတယ် လေ"

"သြော်"

ပျို့ကဗျာ ဘာမှဆက်မပြောဘဲ ကော်ဖီပဲ သောက်နေ တာကြောင့် ဂါက လိုအပ်တာထက် ပိုရင်းနှီးချင်တဲ့အတွက် စကားမရှိစကားရှာ ပြောနေရတာဖြစ်သည်။

"ဟို ... ဗျာကော ရန်ကုန်ကပဲလား"





"အင်း ... ဟုတ်တယ်၊ ဗျာက ရန်ကုန်သူလေ၊ ဒါပေမဲ့ ငယ်ငယ်တုန်းကတော့ ကျောက်ဆည်မှာ နှစ်နှစ်ခွဲလောက် နေခဲ့ဖူးတယ်"

"အင်း ... ငယ်ငယ်တုန်းကဆိုတော့ ဇာတ်လမ်းတွေ ဘာ တွေ ဘယ်ရှိခဲ့မလဲနော်"

သူက စကားအစ်သလိုလို ဘာလိုလိုဖြင့် တောက် ကြည့်တာကို ဗျာကလည်း သဘောပေါက်ဟန်တူသည်။ သူမေးတာ ကို ချက်ချင်းမဖြေသေးဘဲ ခပ်တိုးတိုး တစ်ချက်ရယ်ရင်းက ...

"ကျွန်မမှာ ချစ်သူရှိပါတယ်၊ ဇာတ်လမ်းဟောင်းတွေရှိနေ ခဲ့ရင်လည်း မေ့လိုက်ပါပြီ"

အင်း ... ဗျာ့မှာ ချစ်သူရှိပါတယ်တဲ့။ သူဟာ ဘာရယ်မဟုတ်ဘဲ နှလုံးသားတစ်ခုလုံး စူးမျက်အောင့်သွားသလို ခံစားရလေသည်။

ဒါပေမဲ့ သူက ဟန်မပျက်ပင် သဘောတကျပြုံးနေစဉ် မှာပဲ သူမက ဆက်စကားဆိုလေသည်။

"ကိုရွှေဘုန်းဂါလည်း ချစ်သူရှိတယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



ဂါက ဘာပြန်ဖြေရင်ကောင်းမလဲ အကြံအိုက်သွား တာကြောင့် သူလုပ်နေကျအတိုင်း စပ်ဖြဲဖြဲမျက်နှာပေးဖြင့် ရယ် လိုက်ရင်း ...

"အဟက် ... ဟက် ... အ ... ဟက် ... ရည်းစားတော့ ရှိပါတယ်၊ ဒါနဲ့ ဗျာနဲ့သူက ရည်းစားဖြစ်တာကြာပြီလား"

"မကြာသေးပါဘူး၊ ရှင်က ဘာလို့ စပ်စပ်စုစု မေးနေ တာလဲ"

မင်းကို ကြိုက်နေလို့ပေါ့။

သူက စိတ်ထဲကနေ ခပ်ကျယ်ကျယ် အော်ပြောလိုက် ပေမယ့် အပြင်မှာတော့ ပေါ်တင်ကြီး သွားမပြောရဲသေးပေ ဒါပေမဲ့ သူ့အာရုံထဲမှာ ဖျတ်ခနဲ သွားငြိမိတဲ့အကွက်ကို သွားမြင် မိလေသည်။ ဟား ... မဖြစ်ဘူး မေးကြည့်ရမှာပဲ။

"အဟဲ ... ဘော်ဒါအချင်းချင်း အချစ်အကြောင်း Sharing လုပ်တဲ့သဘောပါ၊ ဩော် ... ဟိုတစ်ခါ Junction Square မှာ ဗျာနဲ့ တွဲတွေ့တဲ့ ဘဲကြီးလား"

"အိုး ... ဟုတ်ပါဘူး၊ ရှင်ကလည်း ဘော်ဒါအကာနဲ့ပျ ချင်တာလား၊ အခုမှခင်တဲ့သူကလည်း စပ်စုလိုက်တာ





ဂါက ရှက်ရယ်တစ်ချက်ရယ်ကာ ခေါင်းအသာဆတ် ပြလိုက်သည်။ ဗျာက ထင်ထားတာတက် ပိုစိတ်ဝင်စားစရာကောင်း ပြီး ဆွဲဆောင်မှုရှိသူဖြစ်ပါသည်။ ပုံစံလေးက traditional လေး ဖြစ်ပေမယ့် ထုံအအ ပိန်းတိန်းတိန်းလေးမဟုတ်ပေ။ brave ဖြစ် ပြီး စကားပြောကောင်းသူလေးမို့ သူက ဘာရာဗိုတွေ စွတ်ပေးနေမိ ချိန်မှာ ရည်းစားရှိတယ်ဆိုတာကတော့ သူ့အတွက် ပလပ်ကျွတ် သလိုပဲဖြစ်၏။

"မစပ်စုတော့ပါဘူး၊ ကိုယ်က သိချင်လို့ မေးကြည့်ရုံပါ၊ ဗျာနဲ့ အခုလို ခင်ခွင့်ရတာကိုပဲ ကျေးဇူးတင်နေပါပြီ"

ဂါနဲ့ သူမဟာ အဲဒီတစ်ခဏမှာ ဖျတ်ခနဲ အကြည့် ချင်းဆုံသွားလျှင် သူ ရင်ခုန်သွားတာကို သတိထားမိသွားသည်။ ကြည့်စမ်း ... ဒါ ထူးဆန်းတယ်။ ဘယ်ရည်းစားကိုမှ ရင်မခုန်ခဲ့ တဲ့သူဟာ အခုကျတော့ ရင်ခုန်တတ်နေပါလား။

စာတွေအများကြီးတတ်ထားပေမယ့် အလစ်ရိုက်တဲ့ unseen မေးခွန်းတစ်ခုလို သူ့ရင်ခုန်သံတိုးတိုးဟာ ဘာလဲဆိုတာ အဖြေထုတ်ရခက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာရေ ... သွားရအောင်လေ"

ဗျာ့သူငယ်ချင်းက သွားဖို့လောဆော်တော့မှ ဗျာက ထိုင်ရာမှထရပ်လိုက်ကာ အားလုံးကို နှုတ်ဆက်လေသည်။

"ကဲ ... ကိုသော်ကောင်းဆက်၊ ကိုရွှေဘုန်းဂါ သွားလိုက်ပါဦးမယ်"

"ကိုဂါ Thank you နော်၊ ဖြူ့သူငယ်ချင်းကို အဖော်ပြုပေးတဲ့အတွက်ပါ"

"ဟာ ... ရပါတယ်၊ ကျွန်တော်က ခင်ဗျားတို့စုံတွဲတွေ့တိုင်း ကျွန်တော်တို့ကို အဖော်ခေါ်ပါစေ ဆုတောင်းနေတာလေ ...ဟဲ ဟဲ"

သူ့ဆိုလိုရင်းက ဘာဆိုတာ သဘောပေါက်တဲ့ သူမက ကားဆီသို့ ထွက်သွားလေပြီဖြစ်သည်။ ဂါသည် ချစ်စရာကောင်းလေသော သူမနဲ့ နီးစပ်ဖို့ရန်အတွက် အနှောင့်အယှက်တွေ ရှင်းထားဖို့ တေးထားလိုက်သည်။

♥ ✦ ♥





## ၉

အခန်းထဲဝင်လာကတည်းက မေမေ အရေးတကြီး တစ်ခုခုပြောချင်နေတယ်ဆိုတာ ဗျာ ကြိုသိနေတာကြောင့် ဗျာက မေမေ့ကို ဦးအောင်မေးလိုက်သည်။

"အရေးတကြီး ပြောစရာရှိလို့လား မေမေ"

မေမေက ဗျာ့ခုတင်မှာ ဝင်ထိုင်ကာ ခေါင်းညိတ်ပြရင်းမှ ရေးကြီးသုတ်ပျာပုံစံဖြင့် ပြောလေ၏။

"ကြီးတယ် သမီးရေ၊ မနေ့က ကိုမြတ်ခက မေမေ့ကို ပြောတယ်၊ နေဝန်း ကြည့်ရတာ သမီးဗျာကို သဘောကျ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့ပုံပဲတဲ့၊ အဲဒါ မေမေ့ကို ဒီကိစ္စ တကယ်ဖြစ်လာမယ် ဆို ဘယ်လိုလဲ သဘောတူလားဆိုပြီး သူ့သားအတွက် လာတီးခေါက်နေတာ၊ ဧကန္တတော့ နေဝန်း သူ့အဖေကို ပြောထားတယ်ထင်တယ်”

ဖျာက ပခုံးတစ်ချက်သာ တွန့်ပြလိုက်သည်။ ပြီးတော့မှ ဆက်မေးလိုက်သည်။

“မေ ဘာပြန်ဖြေလိုက်လဲ”

“ဩော် ... ဘာပြောရမလဲ၊ သူတို့လူငယ်ချင်း အဆင်ပြေကြတယ်ဆိုရင် ဘာမှ ပြောစရာမလိုဘူး၊ ဘာညာပေါ့အေ၊ ကိုမြတ်ခက ဒီကိစ္စ သိသွားပြီဆိုရင်တော့ ဖျာရေ မေမေတို့ အစီအစဉ် ပိုဖြစ်မြောက်သွားတာပေါ့၊ ယုယ ခြေငြိမ်နေတုန်း မေမေတို့ အနှောင့်အယှက်ကင်းကင်း စီစဉ်စရာရှိတာ စီစဉ်မှ ဖျာ၊ အချိန်သိပ်ဆွဲမနေတော့နဲ့”

မေမေ့စကားကြောင့် ဖျာ့ရင်ထဲမှာ မွန်းကျပ်သွားရလေသည်။ ဖျာ့စိတ်ထဲမှာ ဘယ်လိုတွေရှိသလဲဆိုတာ မစဉ်းစားပေးပေ။





“မေမေ ... ဖျာ နေဝန်းကို ဒီထက်ပိုပြီး မပတ်သက်ချင်ဘူး၊ တော်ပါတော့ မေမေရာ၊ ဖျာ ကိုယ့်စိတ်ဆန္ဒမပါဘဲ ဖန်တီးထားရတဲ့အပြုံးမျိုး မပြုံးချင်ဘူး၊ ပြီးတော့ ယုယုယနဲ့ သမီး မတည့်ချင်ဘူး၊ သမီးတို့ကို ဘာခြေလှမ်းလှမ်းတယ်ဆိုပြီး အပြောမခံနိုင်ဘူး”

“အမယ်လေးဟဲ့ ... ဖျာရယ် ဘာတွေ တွေးနေတာလဲ၊ ဘဝတစ်သက်တာအတွက် လက်ခမောင်းခတ်ဖို့ အချိန်ရောက်ပြီဟဲ့၊ နေဝန်းက လိုလိုလားလားနဲ့ သမီးကို မျှော်လင့်နေတယ်ဆိုတာကိုက ကိုယ်က စင်ပေါ်ရောက်သွားပြီ”

“လုံးဝအဓိပ္ပာယ်မရှိဘူး မေမေ၊ သမီး အခုပြောနေတာက မေမေ့ကို against လုပ်တာမဟုတ်ပါဘူး၊ ဒါပေမဲ့ နေဝန်းကို သမီး လက်ခံချင်စိတ်မရှိသေးဘူး၊ ဒီအခြေအနေမှာ ဇွတ်ဖန်တီးရင် သမီး စိတ်ဆင်းရဲရမှာ အမှန်ပဲ ...

မေမေ့သဘောကျ အမြဲနေပေးခဲ့တဲ့ သမီးပါ၊ ဖျာ ငြင်းနေတာ မဟုတ်ဘူး၊ မေမေ ခံစားရသလို သမီးလည်း ခံစားရပါ တယ်၊ ချို့ချို့ငဲ့ငဲ့နဲ့ ဖြတ်သန်းရတဲ့ဒုက္ခကိုလည်း သမီး သိတယ်၊ ဖျာ ယုယုယကို အနိုင်လိုချင်တာလည်း



www.burmeseclassic.com

www.burmeseclassic.com



မှန်တယ်၊ ဒါပေမဲ့ ဗျာ ကိုယ့်ရဲ့စိတ်ချမ်းသာမှုကို စဉ်းစားပေးရဦးမယ်၊ မေမေ့ကို ဗျာ ပြောပြမယ်၊ ဗျာ အခု ဇိမ်နဲ့ နေရ စားရ ပညာသင်ရပေမယ့် ဗျာ့ရင်ထဲမှာ ဖြစ်နေတဲ့ သိမ်ငယ်မှုကို အခုထိဖျောက်မရနိုင်ဘူး၊ နေဝန်းကိုရလို့ လက်မထောင်နိုင်ပေမယ့် ဗျာ သိမ်ငယ်နေရမှာလား မသိသေးဘူး၊ ဗျာ့ကို စဉ်းစားခွင့်ပေးပါ၊ ဗျာ တောင်းပန်နေတာပါ"

ဗျာက အခုမှ ပေါက်ကွဲခွင့်ရတာမို့ မျက်ရည်တွေ ဝဲတက်လာ၍ မေမေ့ကို ဗျာ့ခံစားချက်တွေကို ဖွင့်ပြောပြလိုက်တော့ မေမေက ဗျာ့ကို ကရုဏာသက်စွာဖြင့် ဗျာ့ဆံပင်လေးတွေကို ပွတ်သပ်ပေးရင်းက ...

"မေမေ့ဘဝမှာ သမီးလေးကို အရမ်းမျှော်လင့်ထားတာတွေ အားလုံးက မေမေ့အတွက်ဆိုပေမယ့် သမီးကို စိတ်ချမ်းသာစေရပါမယ်၊ နေဝန်းကို ရွေးခိုင်းတာ ဘာကြောင့်ဆိုတာ သမီးသိပြီးသားပဲ၊ မေမေတို့ ငွေမရှိတုန်းက စိတ်ချမ်းသာခဲ့လား၊ ပျော်ချင်တာတောင် မဝံ့မရဲနဲ့ ကျိတ်ပျော်ခဲ့ရတာကိုတော့ သမီးမှတ်မိလား"





မေမေ့စကားအဆုံးမှာ ဗျာဟာ ဘာမှ ဆက်ပြောချင်စိတ်ကို မရှိတော့ပေ။ ထိုင်ရာမှထကာ မေမေ့ကို ကျောခိုင်းထားလိုက်ကာ အပြင်ထွက်မယ်အပြုမှာ မေမေက ဗျာ့ကို လှမ်းမေး၏။

"ဘယ်သွားမှာလဲ ဗျာ"

"ဗျာ စိတ်ပြေလက်ပျောက် လမ်းထွက်လျှောက်မလို့ပါ၊ ဗျာ သေချာပေါက် ပြန်လာမှာပါ၊ ဗျာ နားလည်ပါတယ် မေမေ"

ဗျာက ထွက်လာခဲ့ကာ အိမ်ပြင်သို့ထွက်လာတော့သည်။ လူရှင်းတဲ့ လမ်းမကြီးမှာ ဗျာတစ်ယောက်တည်း တလေဆန်စွာ လျှောက်နေရတာဟာ ခံစားနေရလွန်းလို့ဖြစ်သည်။ ဗျာဟာ အဲဒီအိမ်ကြီးရဲ့ သူစိမ်းလူဖြစ်သည်။ ဗျာမဆိုင်၊ ဗျာမပိုင်တဲ့ ဒီစည်းစိမ်တွေကို မေမေက ဗျာနဲ့ဆိုင်လာအောင် စီစဉ်တယ်ဆိုတာလည်း နားလည်သည်။ ဒါပေမဲ့ နေဝန်းကို ခေါင်းမညိတ်ချင်ပေ။

"တီ တီ ... တီ ... တီ တီ"



www.burmeseclassic.com

www.burmeseclassic.com



ဗျာသည် အနောက်ကနေ တီးနေတဲ့ဟွန်းသံကြောင့် ဘေးသို့ ယို့ပေးထားသော်လည်း ဆက်တီးနေတာကြောင့် ဗျာက လှည့်ကြည့်လိုက်လျှင် ဗျာ့ဘေးနားသို့ ကားကို မှေးရပ်ကာ ပိတ်ထားတဲ့မှန်က ပွင့်လာကာ ကားထဲကလူက ကိုယ်ကို ညွှတ်ကာ လှမ်းမေး၏။

"ဗျာ ... ကားပေါ်တက်လေ၊ ကိုယ် လိုက်ပို့ပေးမယ်"

ပုံမှန်အတိုင်းဆို ဗျာ ခေါင်းခါမှာပဲဖြစ်သည်။ ဒါပေမဲ့ ဘာလို့မှန်းမသိ ဗျာဟာ သူ့ကားပေါ်ကိုတောင် တက်ထိုင်လိုက်ပြီဖြစ်သည်။ သူက ကားမထွက်သေးဘဲ ဗျာ့မျက်နှာကို တစ်ချက်အကဲခတ်ရင်းက ...

"တစ်ခုခုဖြစ်လာတာလား ဗျာ၊ ကိုယ် ဘယ်လိုကူညီပေးလို့ရမလဲ"

"ဗျာ့ စိတ်တွေ မွန်းကျပ်နေတယ် ကိုရွှေဘုန်းဂါ၊ ဗျာ အရမ်းခံစားနေရတယ်"

"ကျွန်တော် ဗျာ့စိတ်တွေ Relax ဖြစ်အောင် ကူညီပေးနိုင်ပါတယ်၊ ကျွန်တော့်ကို ဗျာ့ရဲ့အရင်းနှီးဆုံး သူငယ်ချင်းအဖြစ် သဘောထားပါနော်"





ဗျာက ဘာမှ ဆက်မပြောဘဲ ကားမှန်ကနေတစ်ဆင့် အပြင်ကို ငေးကြည့်နေလျှင် သူက ဘာမှ ထပ်မပြောတော့ဘဲ ကားမောင်းထွက်လာခဲ့သည်။ ဗျာ့ရဲ့မွန်းကျပ်စိတ်တွေ ပြေလျော့စေဖို့ သူက ကမ်းနားဘက်သို့ ခေါ်သွားလေသည်။ သူနှင့်ဗျာဟာ ကမ်းနားက ခုံတန်းလျားမှာ နှစ်ယောက်အတူတူ ထိုင်နေကြပေမယ့် ဗျာကော သူကော ဘာစကားတစ်ခွန်းမှ မဆိုမိကြသေးပေ။ ကမ်းနားက တဖြူးဖြူး တိုက်ခတ်လာတဲ့ လေအေးအေးတွေကို ခံစားနေချိန်မှာ သူက မေးခွန်းထုတ်လေသည်။

"ဗျာ ဘာတွေခံစားနေရတာလဲ၊ ဗျာ့ကိုကြည့်ရတာ Stress တွေ ပိနေသလိုပဲ၊ ဘာလဲ ... patho တွေ ခေါင်းခဲနေလို့လား၊ အင်း ... ဒါလည်း မဟုတ်နိုင်ဘူး ထင်တယ်"

ဗျာက အပြုံးနုနုတစ်ခု ပြုံးရင်းက သူ့မျက်နှာကို ဆတ်ခနဲကြည့်လိုက်သည်။ ရှင်နဲ့ဗျာက ရွယ်တူတွေဖြစ်ပေမယ့် ဗျာ့ဆီမှာ ရှင့်လို ပျော်ရွှင်မှုတွေမရှိဘူး ကိုရွှေဘုန်းဂါ။

"ဒီလိုပါပဲ၊ ကျွန်မ personal လေးတွေပါ၊ ဒါနဲ့ ရှင်ကော ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင် ... ဟော် ... အင်း ... ကိုယ့်သူငယ်ချင်းဆီ လာတ
ပါ၊ အဲဒါ လမ်းမှာ ဗျာ့ကိုတွေ့လိုက်လို့လေ"

"သြော်"

ဗျာက ဘာမှဆက်မပြောဘဲ အဝေးကိုသာ ငေးကြည့်
နေမိတော့သည်။ ဗျာ နေဝန်းကို တကယ်လက်ထပ်ရတော့မယ
ပေါ့။ ဗျာ ကျောင်းလည်း မပြီးသေးဘူး။ ဒါပေမဲ့ မေမေက
နေဝန်းနဲ့ အရမ်းကို လောဆော်နေသည်။

"ဗျာ ... မင်း ဘာဖြစ်နေတာလဲ ဆိုတာ ကိုယ်မသိပေမယ
မင်းစိတ်တွေညစ်နေတယ်ဆိုတာ မင်းမျက်နှာမှာ ပေါ်လွ
နေတယ်၊ စိတ်မညစ်ပါနဲ့ ဗျာရယ်၊ လောကမှာ လူတိုင်း
သူတို့ဘာသာ စိတ်ညစ်စရာတစ်ခုမဟုတ်တစ်ခု ရှိနေတ
ကြပါတယ်၊ ဗျာ့မှာ အချစ်ရေးကြောင့် စိတ်ညစ်နေရတယ
ဆိုရင် ဒါဟာ လူငယ်တိုင်းဖြစ်တတ်တယ်လို့ စိတ်သွ
ထားလိုက်ရင် Ok ပြီ"

"အဟင်း ... thank you ။ ဗျာလည်း နည်းနည်းစိတ်ရှ
သွားတဲ့ သဘောပါ။ ကဲ ... ပြန်တော့မယ်။ ဗျာ Ta
နဲ့ပဲ ပြန်တော့မယ်"





ဗျာက ချက်ချင်းကြီး ထပြန်တော့မယ် လုပ်တော့
သူကပဲ တားရလေသည်။

"ဟာ ... Taxi နဲ့ပဲ ပြန်ပါတော့မယ်၊ ကျွန်မစိတ်တွေ
နည်းနည်း Relax ဖြစ်သွားပါပြီ၊ ကျေးဇူးပါပဲ ကိုရွှေဘုန်းဂါ"

ဗျာက သူ့ကို ကျေးဇူးတင်စကားပြောပြီး ထွက်
လာခဲ့သည်။ သူကတော့ ခုံတန်းလေးမှာ ဆက်ထိုင်နေတုန်းပဲဖြစ်
သည်။ အိမ်ကိုပြန်ဝင်ရင် ဗျာ့မှာ စိတ်ညစ်စရာတွေနှင့် ရင်ဆိုင်ရ
ဦးမည်။ ဟင်း ... ဗျာက Taxi ငှားမယ်စဉ်းစားတော့မှ ဗျာဟာ
သွားပြီဆိုတာ သတိရလိုက်သည်။ ကျစ် ... ကျွိုင်ပဲကွာ။

ဗျာက ခုံတန်းလေးမှာထိုင်နေတဲ့ သူ့ကို တစ်ချက်
လှည့်ကြည့်ကာ သူ့ဆီသို့ လေးကန်တဲ့ခြေလှမ်းတွေဖြင့် နောက်တစ်
ခေါက် ထပ်လျှောက်သွားလိုက်လျှင် သူက ထိုင်နေရာမှထကာ ...

"ဗျာ ... ဘာဖြစ်လို့လဲ"

ဗျာက ပြောရခက်စွာ ခေါင်းတစ်ချက် ကုတ်လိုက်
ပြီးမှ အားနာနာနဲ့ပဲ သူ့ကို ပြောရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ဟိုဟာ ... ကျွန်မကို Taxiခ ပိုက်ဆံချေးပါလား၊ မနက်ဖြန် ကျွန်မ ပြန်ဆပ်ပါ့မယ်"

"အဟား ... ဘာများလဲလို့ ဗျာရယ်၊ ကိုယ်လိုက်ပို့ပေးပါ့မယ် ဆိုတာကို"

"မ ... မလိုက်ပို့ပါနဲ့၊ ဖြစ်နိုင်ရင် Taxiခပဲချေးပါ၊ သုံးထောင်လောက်ဆိုရပါပြီ ကိုရွှေဘုန်းဂါ"

"Ok ... Ok ဒီလောက်ဆို ကိုယ်နားလည်ပါပြီ ဗျာရယ်"

သူက ဝေါလက်ထဲက ငါးထောင်တန်တစ်ရွက်ကို ထုတ်ပေးလေသည်။ ဗျာက ဆတ်ခနဲယူကာ ဘောင်းဘီအိတ်ကပ်ထဲ ထည့်လိုက်ပြီးမှ ...

"thank youကိုရွှေဘုန်းဂါ၊ ရှင့်ကို တကယ်ကျေးဇူးတင်ပါတယ်၊ မနက်ဖြန် ရှင် အရိုးဆေးရုံမှာပဲ postin ရှိတယ်မှလား"

"အင်း"

"ဗျာ လာခဲ့မယ်၊ brake timeကျရင် ဗျာ လာခေါ်မယ်လေ၊ Lunch ကျွေးချင်လို့"





သူ့မျက်နှာဟာ သိသိသာသာကို ဝင်းလက်သွားတာ ဖြစ်သည်။ ဗျာက သတိထားမိပေမယ့်လည်း မသိသလိုပဲ နေရသည်။ တကယ်တော့ ပျို့ကဗျာဆိုတာ အချစ်မပါဘဲ လူလုပ်မယ့် သူမျိုးပါ။ ရင်ခုန်ခြင်းဆိုတာ ဗျာနဲ့မဆိုင်ပါဘူးလေ။ ဗျာနဲ့သက်ဆိုင်တာက ငွေပုံကြီးရဲ့ပိုင်ရှင် နေဝန်းခပါ။

"အခုလိုမျိုး ဗျာနဲ့ နားလည်မှုရသွားတာ အရမ်းဝမ်းသာတယ်၊ မနက်ဖြန်ဟာ ကိုယ့်အတွက်တော့ အထူးခြားဆုံး နေ့လေးပဲ"

"အဟင်း ... ဟုတ်ပါပြီ၊ သွားပြီနော်"

ဗျာက လှည့်ထွက်လာလျှင် သူက ဗျာ့အနောက်က အပြေးလိုက်လာကာ ဗျာ့ကိုလှမ်းခေါ်လေသည်။ ဗျာက ဘာလဲ ဆိုသောသဘောဖြင့် သူ့ကို မေးဆတ်ပြလိုက်တော့ သူက သူကိုင်ထားတဲ့ ကတ်ထူအိတ်လေးကို ဗျာ့ရှေ့သို့ ကမ်းပေးလိုက်လျှင် ဗျာက အံ့သြသွားတာကြောင့် မေးဆတ်ပြလိုက်သည်။ သူက အပြုံးချိုချိုတစ်ခုဖြင့် ဗျာ့ကို ပြန်ဖြေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကိုယ်တို့ရက်ကန်းက ထုတ်တာပါ၊ ဗျာက မြန်မာဆန်ဆန်လေးတွေဝတ်တတ်လို့ ကိုယ်က ဒီကြိုးချိတ်ကို လက်ဆောင်ပေးတာပါ၊ အမှန်က ဒီချိတ်ကို တစ်စုံတစ်ယောက်ကို မကောင်းတတ်လို့ ပေးရမယ်ဆိုပြီး ကိုယ် အိမ်ကိုလှမ်းမှာလိုက်တာ၊ ဒါပေမဲ့ အခုတော့ သူ့ကို မပေးတော့ဘူး၊ လက်ဆောင်ဆိုတာ စိတ်စေတနာပါလို့ ပေးတာကမှ ပိုအဓိပ္ပာယ်ရှိတာလေ၊ ကိုယ် ဗျာ့ကိုတော့ တကယ်စေတနာရှိတယ်၊ ကိုယ့်စေတနာကို လက်ခံတယ်ဆို ဒီလက်ဆောင်ကို လက်ခံပေးပါနော်"

ဗျာက သူ့ကို နားမလည်စွာဖြင့် ပြူးကြည့်မိသွားသည်။ သူက ဘာကိစ္စ ဗျာ့ကို ဒီလက်ဆောင်တွေ လာပေးနေရတာလဲ။

"စေတနာကို နားလည်ပါတယ်၊ ဒါပေမဲ့ ကျွန်မ လက်မခံပါရစေနဲ့"

"လက်ခံပါ ဗျာရယ်၊ ခင်လို့ပေးတာပါ၊ ဒီအဆင်လေးက ဗျာနဲ့ အရမ်းလိုက်ဖက်မယ်လို့ ကိုယ်ထင်တယ်၊ ကျေးဇူး





ပြုပြီး လက်ခံပါ၊ လက်မခံဘူးဆိုရင်တော့ အဲဒါ ကိုယ့်ခင်မင်မှုကို အသိမှတ်မပြုတာဘဲ"

"ကျစ် ... ရှည်ပါ့၊ ပြီးတာပဲ လက်ခံလိုက်ပါ့မယ်၊ အားလုံးအတွက် Thank you"

ဗျာက သူပေးတဲ့ အိတ်လေးကို လှမ်းယူလိုက်ပြီး ကျောခိုင်းလိုက်ကာ လာနေတဲ့ Taxi တစ်စီးကို တားလိုက်လျှင် သူကပဲ Taxi လိုက်ငှားပေးတာဖြစ်သည်။ ဗျာ့ရဲ့စိတ်တွေလည်း အခုဆို တော်တော်လေး Normal ဖြစ်သွားပြီမို့ စိတ်တွေ အရမ်းညစ်နေတာမျိုးတော့ မရှိပါ။

ဗျာ အိမ်ပြန်ရောက်တော့ ဧည့်ခန်းမှာ အရင်ဆုံးတွေ့ရတာကတော့ ယုယုယပဲဖြစ်သည်။

"ဘယ်တွေသွားနေတာလဲ၊ အန်တီ သူအိမ်ပြန်နောက်ကျတယ်နော် ...

ကိုယ့်သမီးကို အရင်နိုင်အောင်ထိန်း"

နောက်ဆုံးကစကားက မကြားတကြား တိုးတိုးပြောတာမို့ ဗျာလည်း ချဲလင်းလုပ်မနေချင်တော့ပေ။ ဗျာက တမင်



www.burmeseclassic.com

www.burmeseclassic.com



တကာပင် ဂရုမစိုက်တဲ့ အချိုးအချိတ်မျိုးဖမ်းကာ မေမေ့နားသို့ ဝင်ထိုင်လိုက်လျှင် ဦးမြတ်ခက အလိုက်တသိပင် ရှောင်ပေးသွားသည်။ ဟိုမိန်းမကတော့ ဘာပြောသလဲ စောင့်နေသည့်ပုံနဲ့။

"ဟော ... မေမေ့ကို ပြရဦးမယ်၊ ဒီမှာကြည့်စမ်းပါဦး၊ ဟယ် ... လှလိုက်တဲ့အဆင်လေး"

ဗျာက ကိုရွှေဘုန်းဂါပေးထားတဲ့ ကြိုးချိတ်ဝမ်းဆက် အထည်စကို အခုမှ ထုတ်ကြည့်လိုက်လျှင် လှလွန်းလို့ အံ့အားသင့်ရလေသည်။ ကြည့်တာနဲ့ ဈေးကြီးမှန်းသိတဲ့ ချိတ်အဆင်မျိုးဖြစ်သည်။ အရောင်ကလည်း ဗျာ့အကြိုက်ကောင်းကင်ပြာရောင်။ ဗျာက အခုမှ လက်ဆောင်လေးကို တန်ဖိုးထားနှစ်သက်မိသွားရသည်။

"ဟုတ်ပ၊ လှလိုက်တာ သမီးရယ်၊ ဒီဟာက ဘယ်လိုက ဘယ်လိုပါလာလဲ၊ သမီး ဘာများဖြစ်လဲ"

မေမေက မေးတာထက် ဟိုမိန်းမ စိတ်ဝင်တစားရှိပြီး မေးလိုက်တာက ပိုအံ့သြဖို့ကောင်းလေသည်။

"ဒါ နင် ဘယ်ကဝယ်လာတာလဲ ပျို့ကဗျာ"





ဟား ... thank you ကိုရွှေဘုန်းဂါရေ။ ဗျာ့ကို စိတ်ဝင်တစားမေးတယ် ဆိုတည်းက ဒါ သူ့ သိပ်ကြိုက်လွန်းလို့ဖြစ်ရမည်။ ဗျာသည် အနိုင်နဲ့ပိုင်းလိုတာကြောင့် ချိတ်ထည်စကို အိတ်ထဲပြန်ထည့်ကာ မတ်တတ်ရပ်လိုက်ရင်းက ခပ်မောက်မောက်လေသံဖြင့် ပြောပစ်လိုက်၏။

"ဆောရီး ... နင်မေးတာကို ငါ မဖြေချင်ဘူး၊ ကဲ ... ခမေ သမီး သွားနားလိုက်ဦးမယ်"

ဗျာက ခနဲ့တဲ့တဲ့ ဒီဖိုင်းဖမ်းကာ အပေါ်ထပ်သို့ မြောက်ကြွကြွ တက်သွားလေလျှင် ဗျာ့ရဲ့နောက်ကျောဘက်ကနေ တောက်ခေါက်သံတိုးသဲ့သဲ့ ကြားလိုက်ရသည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



၁၀

"ရော့ ... ဒါက မနေ့က ချေးလိုက်တဲ့ ပိုက်ဆံငါးထောင်၊ ပြီးတော့ ဒါက ချိတ်လက်ဆောင်အတွက် ကျေးဇူးတင်လို့ လက်ဆောင်ပြန်ပေးတာ"

သူက ဘာမှပြန်မပြောဘဲ အသာလက်ခံထားလိုက်သည်။ သဘောကတော့ ဗျာ့ကို စိတ်ချမ်းသာစေအောင် သူက လက်ခံလိုက်ခြင်းဖြစ်သည်။ ပြီးတော့မှ သူက ဗျာ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း ...

"ဗျာ ... ဘယ်လိုလဲ စိတ်ညစ်တာတွေ လျော့လိုက်ပြီလား၊ မနေ့က ဘာဖြစ်တာလဲ"





"အင်း ... ဒီလိုပါပဲ၊ စိတ်ထဲမှာ အခန့်မသင့်ဖြစ်သွားတဲ့ အလှဂျစ်ပဲဆိုပါတော့၊ တစ်ခါတလေ လူက မွန်းကျပ်မှုတွေများလာတဲ့အခါမျိုးမှာ အကန်တွေဖြစ်တတ်တဲ့သဘောပါ၊ မောသွားတော့လည်း အေးဆေးဖြစ်သွားပါပြီ"

"မင်းကိုကြည့်ရတာ fresh မဖြစ်တာတော့ အမှန်ပဲ ဗျာ၊ ဘာလို့မှန်းမသိဘူး မင်းနဲ့ ကိုယ် စိတ်ချင်းနီးတယ်လို့ ခံစားမိတယ်"

ဗျာက ပြုံးတယ်ဆိုရုံလေးမျှသာ ပြုံးလိုက်သည်။ ပျို့ကဗျာရဲ့နောက်ကြောင်းရာဇဝင်ကို တိတိပပ သူ ဘာမှမသိပေမယ့် သူ့ရင်ထဲမှာ ဗျာနဲ့ပတ်သက်ပြီး တစ်စုံတစ်ရာတော့ ရှိနေတာ သေချာပါသည်။

"ကဲ ... အဲဒါဆို ကျွန်မ ပြန်တော့မယ် ကိုရွှေဘုန်းဂါ၊ ကျွန်မ အတန်းတက်စရာ ရှိသေးတယ်၊ ဘာပဲဖြစ်ဖြစ် အစစအရာရာအတွက် ကျေးဇူးတင်ပါတယ်"

သူက ဗျာ ပြန်တော့မယ်ဆိုတော့ ဗျာ့ကို ကားနား ထိလိုက်ပို့ပေးပါသည်။ သူနဲ့ယှဉ်လျှောက်လာရင်း ဗျာက ခြေထောက်ခွင်သွားကာ ဟန်ချက်ပျက်သွားလျှင် သူက ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဗျာ့လက်မောင်းကို ဖမ်းကိုင်လိုက်တော့ ဗျာက သူ့ရင်ခွင်ထဲ အော်တိုရောက်သွားတာဖြစ်၏။ ရုတ်တရက်ကြီး ဖြစ်သွားတဲ့ မတော်တဆလေးမို့ သူကလည်း အမ်းတမ်းတမ်းကြီး ဖြစ်လို့သွား သလို ဗျာကလည်း ကမန်းကတန်းပင် သူ့ရင်ခွင်ထဲက ရုန်းထွက် လိုက်လေသည်။

"ဆောရီး ... မင်း လဲကျသွားမှာကို စိုးရိမ်လို့ ဖမ်းဆွဲ လိုက်တာပါ"

"အင်း ... ရပါတယ်၊ ဟို ... သွားတော့မယ်နော် ကိုရွှေ ဘုန်းဂါ"

ဗျာ့ရဲ့မျက်နှာလေးဟာ ရဲတွတ်တွတ်လေး ဖြစ်နေ၍ သူ့အတွက်တော့ အိပ်မက်ဆန်သော ခံစားမှုကိုပေးလေသည်။ ဗျာ့ကို သူ တကယ်ကြီး ခံစားမိသွားတာဖြစ်မည်။ ဗျာ ရှက်သွား တာလည်းမပြောနဲ့။

သူတို့ကျောင်းရဲ့ ပါကင်ဝင်းထဲမှာ ရုတ်တရက်ကြီး ဖြစ်သွားတာဆိုတော့ အချို့ အချို့ရဲ့ သို့လော သို့လော အကြည့် တွေက သူတို့ကို စာလာဖတ်ပုံ ပေါက်လေသည်။ အင်မတန် ဒေါသကြီးတဲ့သူမက ဒီတစ်ခါတော့ သူဦးအောင်တောင်းပန်လိုက်





တာကြောင့် ဘာမှမပြောတော့ဘဲ ကားပေါ်မြန်မြန်တက်ကာ မောင်းထွက်သွားတော့မည်အလုပ်မှာ သူက အသည်းအသန်စကား လှမ်းပြောရသည်။

"ဟော့ ... ဟော့ ... မင်းနဲ့ကိုယ် နောက်တစ်ခါ အေးဆေး ထပ်ဆုံချင်သေးတယ်နော်"

သူမက ဒေါကန်နေသော မျက်စောင်းတစ်ချက်ဖြင့် သူ့ကို ထားပစ်ကာ မောင်းထွက်သွားလေတော့သည်။ သူ့မြင် ကွင်းထဲကနေ ပျောက်သွားသည်အထိ ဂါက တမေ့တမော ငေး ကြည့်နေပြီးတော့မှ သူ့ခေါင်းထဲမှာ အတွေးတစ်ခုက ဝင်လာလေ တော့သည်။

သူ အခုချိန်မှာ ဗျာ့ကို အရမ်းစိတ်ဝင်စားနေပေမယ့် လည်း ဗျာမှာ ချစ်သူရှိနေသလို ဗျာကလည်း သူ့ကို ချစ်သူရှိတယ် လို့ သိထားသူဖြစ်သည်။ အဲဒီအတွက် လူ့စည်း ဘီလူးစည်းစောင့် ကာ သူ ပြတ်သားဖို့လိုပြီဟု ထင်တာကြောင့် ဖုန်းနံပါတ်တစ်ခုကို ခေါ်လိုက်တော့သည်။ Ringသံနှစ်ချက်မြည်အပြီးမှာတော့ ဖုန်းကိုင် ပါသည်။

"ဘာထူးလို့လဲ မောင်ရွှေဘုန်းဂါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အန်တီ့ကို ကျွန်တော် အသိပေးစရာရှိလို့ပါ၊ ကျွန်တော် အန်တီ့ကို ဆက်မကူညီနိုင်တော့ဘူး၊ ကျွန်တော့်မှာ တကယ်ချစ်တဲ့မိန်းကလေး ရှိနေပြီ၊ အဲဒါလေး လှမ်းပြောတာပါ၊ ကျွန်တော် ယုယကို ဖြတ်လိုက်တော့မယ်"

"ဘယ်လို ... ဘယ်လို ... ဟာ ... ဟော့ ... ရွှေဘုန်းဂါ၊ မင်း အဲဒီလိုလုပ်လို့ မရဘူးလေ၊ မင်းတို့ ရည်းစားဖြစ်တာ လပိုင်းပဲ ရှိသေးတယ်လေ၊ အန်တီ့ကို မင်းကူညီမယ်ပြောထားတာ ကိုယ့်စကားတော့ ကိုယ်တည်မှပေါ့ကွ"

ဂါက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်ကာ ကျစ်ခနဲ စုတ်သပ်လိုက်မိသည်။ ယုယဟာ စင်ဒရဲလားဟုတ်မဟုတ်တော့ သူ မသိသေး။ ဒါပေမဲ့ ဒေါ်မိမိချိုကတော့ လိုအပ်တာထက် ပိုနေတဲ့ အမုန်းတရားတွေ ရှိနေသည်ဆိုတာ သူ သိလာပြီဖြစ်သည်။ သူကိုယ်က သွားစပ်ဆော့ပြီး ကူညီမယ်လုပ်ခဲ့တာ မှားလေခြင်း။

ယုယကို သဘောကျတာလောက်နဲ့ ရည်းစားအဖြစ် တွဲခဲ့မိတာဟာ သူ့အမှားပဲ ဖြစ်လေသည်။





"ကျွန်တော့်ဘက်က ကူညီနိုင်တာကို ကူညီခဲ့တာပဲဗျ၊ အန်တီ့ကို အစကတည်းက ကျွန်တော်ပြောပါတယ်၊ ကူညီဖြစ်ခဲ့တယ်ဆိုလည်း ဒါဟာ အန်တီ့ Control ထက် ကျွန်တော့်ရဲ့ စိတ်သဘောအတိုင်းလုပ်မယ်လို့ ကြိုပြောထားပြီးသားပဲ၊ ကျွန်တော် တကယ်ချစ်မိတဲ့သူ ရှိလာတဲ့အခါမှာ ပြဿနာကင်းချင်တယ် အန်တီ၊ အဲဒီတော့ ကျွန်တော် ဆက်မလုပ်နိုင်တော့ဘူး၊ အန်တီ့ကို အသိပေးတာပါ"

"ပြောတော့ လွယ်လိုက်တာ၊ ဒီမှာ ရွှေဘုန်းဂါ ... မင်း အဲဒီလိုလုပ်လို့ မရဘူးလေ၊ မင်းသာပြတ်လိုက်ရင် ယုယုယက အသည်းကွဲပြီး ကျန်ခဲ့မှာ၊ သူ အသည်းကွဲတာ ... ် မင်းတစ်ယောက်ကြောင့် ယောကျာ်းတွေကို စိတ်နာသွားရင် ဘယ်လိုလုပ်မလဲ၊ အားလုံး ဒုက္ခဖြစ်သွားမှာပေါ့"

"အဲဒါတော့ မတတ်နိုင်ဘူး ဒေါ်မိမိချို၊ အရှင်းဆုံးပြောရရင် ကျွန်တော်လည်း အန်တီ့အကူအညီကို လက်ခံမိတာ နောင်တ,ရတယ်၊ ယုယကို အပျော်သဘော တွဲခဲ့မိတာ မှားတယ်၊ လောလောဆယ် ကျွန်တော် မြင်တာကတော့ အန်တီက ပိုအငြိုးကြီးနေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

သူ့စကားကြောင့် ဘွားတော်က ဆတ်ဆတ်ခါနာ သွားပုံရသည်။ မတတ်နိုင်။ သူ ဒီလို စောစောစီးစီး ကိစ္စဖြတ်ထားတာဟာ အကောင်းဆုံးပဲ ဖြစ်လိမ့်မည်။ ဖျာ့ကို တစ်စထက်တစ်စ တွယ်ငြိလာသော သူ့စိတ်တွေရဲ့အမိန့်ကို လွတ်လပ်စွာနာခံနိုင်ဖို့ အတွက် သူ အရှုပ်အရှင်းကင်းဖို့ လိုပါလိမ့်မည်။

"မင်း အခု ဘယ်မှာလဲ၊ ငါ မင်းနဲ့တွေ့ချင်တယ်"

"အန်တီ ... တွေ့လည်း ဒီစကားပဲ၊ ယုယကို ကျွန်တော် ဒီရက်ပိုင်းမှာပဲ အပြီးဖြတ်တော့မယ်၊ ကျွန်တော့်ဆုံးဖြတ်ချက်ကို လုံးဝပြင်ဖို့ စိတ်ကူးမရှိဘူး၊ အဲဒီတော့ ကျွန်တော်နဲ့ တွေ့တွေ့မတွေ့တွေ့ ကျွန်တော် ယုယကို ဖြတ်တော့မှာပါ၊ ဒါပါပဲ၊ ကျွန်တော့်ကို ကူညီခဲ့ပေးဖူးတာတွေအတွက် ကျေးဇူးအများကြီးတင်ပါတယ်၊ ကျွန်တော် Dutyပြန်ဝင်ရမှာမို့လို့ ဖုန်းချလိုက်တော့မယ်နော်"

သူက စကားစဖြတ်ချင်တာကြောင့် ဖုန်းပိတ်လိုက်တော့သည်။ ဘာပဲဖြစ်ဖြစ် ဒေါ်မိမိချိုကို ပြတ်ပြတ်သားသားပြော





ပြီးနောက်မှာ သူ့စိတ်တွေဟာ တစ်ဝက်လောက်တော့ ပေါ့ပါးသွားတော့သည်။ စိတ်ချပါ ဖျာရယ်။ မင်းရဲ့အနားကို ကိုယ်လာမယ့်အချိန်မှာ ကိုယ်ဟာ ရိုးသားတဲ့လူတစ်ယောက် ဖြစ်စေရပါမယ်။

ဂါက သူ့အတွေးနဲ့သူ ကျေနပ်ပီတိဖြစ်ကာ ဖျာပေးခဲ့တဲ့ လက်ဆောင်အိတ်ထဲက ဘာလဲဆိုပြီး ဖွင့်ကြည့်လိုက်လျှင် တီရှပ်အပြာလေးတစ်ထည်ဖြစ်သည်။ Guy Comern က နေ သူ့အတွက် သီးသန့်သွားဝယ်ပြီး လက်ဆောင်ပေးတယ် ဆိုကတည်းက ရင်ထဲမှာ ပန်းတွေပွင့်သလို ခံစားလာရပါသည်။ ဖျာ့ကို အာရုံနှစ်ထားနိုင်ဖို့အတွက် သူ ယုယကို ဖြတ်ရဦးမည်။

ယုယကို စိတ်ဝင်စား သဘောကျတာ မှန်ပေမယ့် သူ ရည်စားတော်ထားရတာဟာ ဝန်ထုပ်ဝန်ပိုးတစ်ခုလို ဖြစ်လာတာကြောင့် မြန်မြန်ဇာတ်လမ်းဖြတ်ဖို့ သူ ဇာတ်ကွက်ဆင်တတ်ဖို့ လိုပါလိမ့်မည်။ ဒါပေမဲ့ ကိစ္စက လွယ်လွယ်နဲ့ မပြီးနိုင်ဘူး ဆိုတာတော့ သူ ကြိုတင်တွက်ဆထားပြီးသား ဖြစ်ပါသည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



ခုတလောမှာ ဝိတ်တက်ချင်နေတာကြောင့် ဗျာက diet လုပ်တဲ့အနေနဲ့ ညစာမစားတော့ဘဲ ဖရဲသီးပဲစားဖြစ်သည်။ စာကြည့်စရာလေးတွေလည်း ရှိနေတာကြောင့် ဗျာက ဖရဲသီးစိတ်တွေ ထည့်ထားတဲ့ ဘူးလေးကို အခန်းထဲ ယူလာကာ ဖရဲသီးစားလိုက် စာဖတ်လိုက်နဲ့ အဆင်ကိုပြေနေတာဖြစ်၏။ အာရုံတစိုက်နဲ့ စာကြည့်နေတာ ရှာန်ဝင်နေချိန်မှာ ဖုန်းသံက ထမြည်လာလေလျှင် အာရုံပျက်သွားတာကြောင့် ကျစ်ခနဲ စုပ်သပ်လိုက်ရင်း Display က နံပါတ်ကိုကြည့်လိုက်လျှင် ဗျာ့မှာ အယ်,ဆိုပြီး အာမေဍိတ် ပြုမိသွားရသည်။ ကြည့်စမ်း ... ဖုန်း save လုပ်ထားပေမယ့် တစ်ခါမှ မလာဘူးတဲ့ ဖုန်းနံပါတ်။ ဗျာက ဘာများလဲ သိချင်တာကြောင့် ဖုန်းကိုင်လိုက်တော့သည်။

"ဟယ်လို"





"ပို့ကဗျာ ... မင်း ခြံထဲဆင်းလာခဲ့။ ပြောစရာရှိတယ်"

မာဆတ်ဆတ် အသံကြောင့် ဗျာက စိတ်ထဲမှာ တော်တော်အချဉ်ပေါက်သွားသည်။ ယုယုယဟာ ရူးနေသလား၊ ဂေါက်နေသလား တစ်ခုခုတော့ ဖြစ်နေတာ ဖြစ်လိမ့်မည်။

"ပြောစရာရှိတဲ့သူက မင်းပဲလေ ယုယုယရဲ့။ ငါ မအားသေးဘူး"

"နင် အရှက်မကွဲချင်ရင် ခြံထဲဆင်းလာခဲ့လိုက်။ ဒီကိစ္စက နင်နဲ့ငါ one by one ကိစ္စဆိုတော့ လာခဲ့လိုက်မယ်လေ။ ဟဲ့ ... ကြောက်လို့မဟုတ်ဘူးနော်။ နင့်ရဲ့ဆောက်တည်ရာမရ ဖြစ်နေတာကို သနားလို့။ ခဏစောင့် လာမယ်"

ဗျာက အနိုင်နဲ့ပိုင်း ဖုန်းချလိုက်ကာ ဆယ်မိနစ်လောက် အခန်းထဲမှာ အချိန်ဖြုန်းပြီးမှ ခြံထဲဆင်းသွားလိုက်သည်။ မြက်ခင်းပေါ်က ဒန်းမှာထိုင်ကာ တင်းမာနေတဲ့ မျက်နှာထားဖြင့် ဗျာ တစ်လှမ်းချင်း အေးဆေးလျှောက်လာတာကို ယုယုယက မမိတ်မသုန် စိုက်ကြည့်နေတာဖြစ်သည်။

"ကဲ ... ပြော၊ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗျာ့ကို မထီတရီ စိုက်ကြည့်နေသော ယုယုယက ထိုင်ရာမှထကာ ဗျာ့ရဲ့မျက်ဝန်းတွေကို တည့်တည့်စိုက်ကြည့်ပြီးမှ ခပ်ဆတ်ဆတ် အမေးပြုလေသည်။

"နင် သိပ်ကိုလက်သွက်နေတယ်ပေါ့၊ ဟုတ်လား ... ပျို့ကဗျာ။ နင် အရည်အချင်းတွေ သိပ်ရှိနေတယ်လား"

ဘာပါလိမ့်။ ဗျာသည် အဲဒီအမေးစကားအတွက် ထိမထင်ရွာ မျက်ခုံးတစ်ချက် ပင့်တင်မိသွားသည်။ သိပ်ကိုစွာတေး လန်နေပါ့လား။ ဒါပေမဲ့ အဲဒါဟာ ဘာကိုဆိုလိုတယ်ဆိုတာ ဗျာ မသိသေးပေ။

"ဘာကိုပြောချင်နေတာလဲ။ အဲဒါပဲပြော"

"အေး ... နင် ငါ့ဘဲကို ကြောင်တောင်နိုက်ထားတဲ့ကိစ္စ ရှင်းချင်တာ။ အမေတူသမီး ပီသပါပေတယ် ပျို့ကဗျာရယ်"

"ဘာ ... နင် စကားပြောတာ မိုက်ရိုက်လှချည်လား"

ယုယုယရဲ့စကားဟာ ဗျာ့မျက်နှာကို သံဆူးချွန်တွေနှင့် ရိုက်ချသလို နာကျင်ပူရှသွားစေပါသည်။ သူ့ဘဲကို ဗျာက





ကြောင်တောင်နိုက်တယ်၊ ပြီးတော့ အဆိုးဝါးဆုံးကတော့ ဗျာနဲ့ မေမေ့ကို သိမ်းကျုံးပြီး ရိုက်ချလိုက်တာပဲဖြစ်သည်။

အခိုးအငွေ့တွေလို အရှိန်ဟုန်ပြင်းလာတဲ့ ဒေါသသည် ဗျာ့ကို အဆုံးစွန် ပေါက်ကွဲထွက်သွားဖို့ တွန်းအားပဲဖြစ်တော့သည်။

"နင့်အဆင့်၊ နင့်စိတ်နဲ့ မနှိုင်းနဲ့ ယုယုယရယ်။ နင့်ဘဲကို ငါက ဘာလုပ်ရမှာလဲ။ ဘယ်သူမှန်းတောင် မသိဘူး"

"အေး ... ဟန်ဆောင်ကောင်းနေတဲ့သူကို ပြောရဦးမှာပေါ့။ မသိရင် သေတဲ့အထိ မှတ်သွားလိုက်ဦး။ နင် တတွဲတွဲ လုပ်နေတဲ့ ရွှေဘုန်းဂါ ဆိုတာ ငါ့ရည်းစားပဲ"

ဟင် ...။

ဗျာသည် အံ့သြရလွန်း၍ ဘာပြောရမှန်း မသိတော့ချေ။ ရွှေဘုန်းဂါက ယုယုယရဲ့ရည်းစားတဲ့။ ဘယ်လိုမှ ထင်မထားတဲ့ ပတ်သက်မှု ဖြစ်နေတာမို့ ဗျာ့မှာ အရမ်းခံရခက်ပါသည်။ ဗျာ့ဘက်က တစ်စုံတစ်ရာ မတုံ့ပြန်ရသေးခင်မှာ သူမကဆက်ပြီး ပြောပြန်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုယ်နင် သိပ်ပြီးဟုတ်လှပြီ ထင်နေတာလား ဖျ
ကဗျာ။ နင့်ကို ငါ နောက်ဆုံးအကြိမ် သတိပေးလိုက်မယ်
ဂါနဲ့ လုံးဝပတ်သက်ဖို့ မစဉ်းစားပါနဲ့။ နင်နဲ့ ငါ့ကြားမှာ
ဒီ့ထက်ပိုပြီး ရန်ငြိုးမရှိချင်ဘူး။ ဂါ့ကို ငါက လက်ထပ်ဖို့
ရည်ရွယ်ပြီးတော့ကို ချစ်ခဲ့တာ။ ငါလက်ထပ်မယ့်ယောကျ်ား
ကို လုယူဖို့ လုံးဝမစဉ်းစားပါနဲ့။ နင်နဲ့ ဂါ့ကို အတူတွဲမ
မြင်ချင်ဘူး"

ဗျာက စကားကိုစည်းလွတ်ဘောင်လွတ် စွတ်ပြောနေ
တဲ့ ယုယုယကို ဗျာက မမှိတ်မသုန်စေ့စေ့စိုက်ကြည့်ကာ သူပြောတာ
ကို နားထောင်နေလိုက်သည်။ အကြီးမားဆုံး ပေါက်ကွဲမှုတစ်ခုရဲ့
အဆိတ်ငြိမ်ဆုံးအသံအဖြစ် ဗျာက သည်းခံပေးနေတာဖြစ်သည်။

"ပြီးသွားပြီလား ပြောလို့၊ Ok ... ဒါဆို ငါ့အလှည့်။ ဒီမှာ
ယုယုယ ... နင့်ရဲ့စကားတွေက အဆုံးစွန်ထိကို တရား
လွန်သွားပြီ။ ငါ့ကို နှိမ်ချဆက်ဆံခဲ့သမျှ စကားလုံးတွေ
ထဲမှာ ဒီတစ်ခါကတော့ ငါ့ကို အထိဆုံးပဲ။ နင် ငါ့ကို
ဘာမှန်းညာမှန်း မသိဘဲ ပက်ပက်စက်စက် စွပ်စွဲခဲ့တာ





နော်။ အဲဒီအတွက် နင်နဲ့ပတ်သက်ပြီး ငါ့မှာ အမှတ်တရ
တွေ အရမ်းများသွားပြီ ယုယ"

ဗျာက ဘာမှဆက်မပြောတော့ဘဲ လှည့်ထွက်လိုက်
လျှင် ယုယက ဗျာ့လက်တစ်ဖက်ကို ဆောင့်ဆွဲလိုက်ရင်း ...

"ဟဲ့ ... ငါ့စကား မပြီးသေးဘူး။ နင် ရှောင်ထွက်မသွား
နဲ့။ ပျို့ကဗျာ ... ငါ ကြိုမြင်နေတယ်။ နင် ဘာခြေလှမ်း
လှမ်းတယ်ဆိုတာ ငါ မြင်တယ်။ ငါ့ကို ဒုက္ခမပေးနဲ့နော်။
ငါ့ဘဝရဲ့ ပျော်ရွှင်မှုတွေကို နင်တို့သားအမိ တစ်ဝက်ခွဲ
ရထားပြီးသားပဲ။ ငါ့ကို မနှောင့်ယှက်ပါနဲ့။ ငါ ဒီလောက်
ပြောနေရက်နဲ့ နင် ရှေ့တိုးမယ် ဆိုရင်တော့ ..."

ဟား ...။ ဗျာက ကျစ်ခနဲစုပ်သပ်လိုက်ကာ ကိုင်
ထားတဲ့ သူမလက်တွေကို ဆတ်ခနဲ ပုတ်ထုတ်လိုက်ပြီး ယုယုယ
ရဲ့မျက်လုံးတွေကို ခပ်နက်နက် စိုက်ကြည့်မိသွားသည်။ ဗျာက
သူ့ဘဝရဲ့ပျော်ရွှင်မှုတွေကို တစ်ဝက်ရထားတာတဲ့။ ပြီးတော့
ဗျာ့ကို သူ့ရည်းစားကို လုတဲ့သူတဲ့။ ရွှေဘုန်းဂါဟာ ဗျာတို့နှစ်
ယောက်ကြား ဝင်လာတာကတော့ သနားစရာပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗျာ့ရဲ့နာကျင်ခံစားရမှုအတွက် ယုယုယ ပေးဆပ်ရ ရာ တစ်နည်းပဲရှိသည်။

"ငါ့ကိုဆို ဟိုးအရင်ကတည်းက အနိုင်ယူချင်တဲ့ နင်၊ ငါ့ကို ဘယ်နခါ နိုင်ခဲ့ဖူးသလဲ။ နင်နဲ့ ငါ တစ်လှည့်စီအနိုင် ယူနေကြတာပဲ။ ငါ့ကို စိန်ခေါ်လိုက်တာ နင် မမှားပါဘူး နဲ့လို့ ဆုတောင်းပေးလိုက်တယ်။ ကိုယ့်ဘဲကိုယ် နိုင်အောင် ထိန်းထားလိုက်တော့ ယုယုယ"

"ပျို့ကဗျာ ... နင် အရှက်မရှိဘူးလား၊ တကယ့် အပေ တူပဲ"

"ဟား ဟား ... ပျို့ကဗျာ ဘာလဲဆိုတာ စောင့်ကြည့်လိုက် လေ။ နင် သိပ်ပြီးခံစားသွားရစေမယ်လို့ ငါ ပြောရဲတယ်"

ဗျာက ပြောပြီးတာနဲ့ အိမ်ထဲတန်းဝင်လာလေလျှင် မေမေနဲ့ တန်းတိုးတော့တာပဲဖြစ်သည်။ ဗျာ့ရဲ့တင်းမာခက်ထန်နေ တဲ့ မျက်နှာကို အကဲခတ်ကြည့်ရင်း မေမေက မေးလေသည်။

"ယုယုယနဲ့ ဘာဖြစ်လာပြန်တာလဲ ဗျာ"





ဗျာက တစ်ခုခုပြောဖို့ ရည်ရွယ်လိုက်ပေမယ့် ဒါဟာ ဗျာကိုယ်တိုင်ရင်းရမယ့်ကိစ္စ ဖြစ်တာမို့ ဗျာ မေမေ့ကိုမပြောနေ တော့ပါ။

"သူနဲ့ ဗျာက အမြဲတမ်း ဖြစ်နေကြတာပဲဟာ။ ဒီအိမ်မှာ ယုယုယနဲ့ ဗျာ မတည့်ကြဘူးဆိုတာ အားလုံးသိနေတာပဲ လေ။ ရိုးနေပါပြီ မေမေရယ်"

"အင်း ... ယုယုယက တကယ်မလွယ်တာပဲ။ ဪ ... ဒါနဲ့ဗျာ၊ မနက်ကျရင် ဗျာ ဘုရားသွားမှာမလား။ နေဝန်း လိုက်ပို့ပေးလိမ့်မယ် သိလား။ မေ စီစဉ်တာ လက်ခံနော်"

"ကျစ် ... မေမေ့အတွက် ဗျာ ကောင်းမှုကုသိုလ် သွား လုပ်မှာနော် မေမေ။ နေဝန်း မလိုက်သင့်ဘူးလို့ မေမေ ကြိုတွေးထားသင့်တယ်"

ဗျာ့စကားကြောင့် မေမေက ဟက်ခနဲ တစ်ချက်ရယ် ကာ ဗျာ့ပခုံးကိုဖက်ရင်း ဗျာ့အခန်းထိပ်ထိ လမ်းအတူလျှောက် လာရင်းက ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေဝန်းက နားလည်မှုရှိတဲ့ ကလေးပါ။ ဗျာ ဘုရားသွားမှာ ဘာကြောင့်ဆိုတာ သူသိတယ်။ သမီးတို့က သူ့စိမ်း မဆန်သင့်ဘူးလေ။ မေမေတို့ မျှော်လင့်ထားတာတွေ မကြာခင် ပြည့်ဖို့အတွက် ခဏလေး သည်းခံလိုက်ပါ သမီးလေးရယ် ...

ကဲ ... ကဲ ... သမီးလေး စာကြည့်ဦးမှာမှလား။ စောစောလည်း အိပ်ဦးနော်။ မနက် ဘုရားသွားရမယ်လေ"

ဗျာ့ပါးလေးကို ရွှတ်ခနဲ တစ်ချက်နမ်းကာ မေမေက ထွက်သွားလေတော့သည်။ အခန်းထဲဝင်ဖို့ရာ မစဉ်းစားနိုင်သေးဘဲ ဗျာဟာ အခန်းရှေ့မှာ မတ်တတ်အနေအထား အတော်ကြာ သွားရပ်ကာ ယုယုယကို လက်စားချေနိုင်ဖို့အတွက် နေဝန်းကပဲ သေစေတဲ့ကျည်တောင့် ဖြစ်မလား၊ ရွှေဘုန်းဂါကပဲ သေစေတဲ့ ကျည်တောင့်ဖြစ်မလား တွေးနေရင်က ဗျာ့စိတ်တွေ မာကျောသထက် မာကျောလာပါတော့သည်။

♥✦♥





၁၁

BURMESE CLASSIC .com

"ဗျာ ... စားမကောင်းလို့လားဟင်။ ဒင်းဆမ်းက ဗျာ့ အကြိုက်ဆုံး မနက်စာမှလား"

ဗျာ့ကို ဂရုတစိုက် မေးလေတဲ့ နေဝန်းရဲ့အကြင်နာအတွက် ဗျာက ခပ်လေးလေး အပြုံးတစ်ခု ပြုံးပြ၍ ဖြေလိုက်ရသည်။

"မဟုတ်ပါဘူး။ ဗျာ နည်းနည်းရင်ပြည့်နေလို့ပါ။ စားလို့ကောင်းပါတယ်"

"ဟင် ... ဟုတ်လား။ အဲဒါဆို ကော်ဖီမသောက်နဲ့တော့လေ။ တော်ကြာ lunch စားတဲ့အခါ ဗျာ ရင်ခံပြီး အစာ



www.burmeseclassic.com

www.burmeseclassic.com



မကြေဖြစ်နေဦးမယ်။ ကျန်းမာရေးလည်း ဂရုစိုက်ပါဦး ဗျာရယ်။ စာတွေချည်းပဲ စွတ်ကျက်မနေနဲ့ဦး”

ဒီတလောမှာ ဗျာ့ကို အရင်ကထက် ပိုမိုနွေးထွေးတဲ့ ဆက်ဆံမှုတွေ ရှိလာတာဟာ မေမေက နေဝန်းကို welcom လုပ်ပေးထားတာကြောင့်ဖြစ်သည်။ ဗျာ့ကို ချစ်တယ်လို့ တရား ဝင်ဖွင့်ပြောထားတဲ့သူဟာ ဗျာ့ဆီက အဖြေမရသေးပေမယ့် အဆင် ပြေဖို့ရာ ရာနှုန်းပြည့်နီးပါး ရှိလောက်သည်ဟု တွက်ဆထားတာ ကြောင့် ဗျာ့ကို ပိုဂရုစိုက်တတ်လာတာဖြစ်သည်။

“ဗျာ ... ကိုယ် ဒီနေ့ ကျောင်းကြိုပို့ လုပ်ပေးပါရစေလား”

“နေပါစေ နေဝန်း။ ကျေးဇူးပါပဲ။ ဗျာ့သူငယ်ချင်းနဲ့အတူ သွားနေကြဆိုတော့ ဗျာ အဆင်ပြေပါတယ်”

“အင်းလေ ... ဗျာ အဆင်ပြေဖို့ပဲ လိုတာပါ။ ဒါနဲ့ဗျာ ကိုယ့်ကို စဉ်းစားဖို့ မမေ့ပါနဲ့ဦးနော်။ ကိုယ်က ဗျာ့ဆီက အဖြေကို နေ့တိုင်းမျှော်နေတဲ့သူပါ”

“အမ်းပါ ... ဗျာ သိပါတယ်။ နေဝန်းကို အချိန်တန်ရင် ပေးဖို့ အဖြေလုံလုံလောက်လောက် ရှိမှာပါ။ ကဲ ... စား





လိုက်ဦး။ ဒီနေ့အတွက် ဗျာ့ကို ဘုရားမှာအဖော်ပြုပြီး ကုသိုလ်ယူပေးတဲ့အတွက်ကော ဒမ်းဆမ်းကျွေးတဲ့အတွက်ပါ ကျေးဇူးအများကြီး တင်ပါတယ် နေဝန်း”

နေဝန်းက ခေါင်းအသာဆတ်ပြကာ ဗျာ့ကိုပြုံးစိုက်၍သာ ကြည့်နေတာကြောင့် ဗျာ့မှာ တကယ်ပဲ အနေခက်လှလေသည်။ တကယ်ဆို သူနဲ့ ဗျာ့အခြေအနေက ချစ်သူတွေလည်း မဟုတ်။ ဗျာဘက်ကလည်း တိတိပပ ချစ်တာလည်း မဟုတ်ပေ။ မေမေ့ရဲ့တိုက်တွန်းအားတွေ၊ ပြီးတော့ ယုယုယကို ချေချင်တဲ့ စိတ်တွေ၊ အဲဒီနောက်မှာ အရေးကြီးတာကတော့ သိပ်မကြာတော့မယ့် ကာလမှာ ရလာတော့မယ့် နေဝန်းရဲ့ တစ်ဦးတည်းအမွေဆက်ခံခွင့်ကြီးကိုပဲ အာရုံကျနေတာကြောင့် စိတ်တွေက ဘာကို ဝေခွဲရမှန်းမသိစွာ တိုင်ပတ်နေရတာဖြစ်သည်။

ဗျာ့ကို ချစ်တဲ့ နေဝန်းကတော့ ဗျာတို့ အကြံဆိုးကြီးကို မသိရှာဘဲ ဗျာ အခုလို လိုက်လိုက်လျောလျော ဆက်ဆံတာကိုက သူ့အတွက် ကံကောင်းတယ်လို့ မှတ်ယူနေသူလေး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗျာ ငြိမ်တိတ်နေတာကို အကဲခတ်နေတဲ့သူက ဗျာ့ရဲ့အရိပ်သုံးပါးကို စောင့်ကြည့်ရင်းက ဗျာ့ကို ဖွင့်ဟလာ၏။

"ဗျာ ... ဟို ... ကိုယ်ပြောထားတဲ့ ကိစ္စလေးကို စဉ်းစားသေးလားဟင်။ ဖြစ်နိုင်မယ်ဆို ကိုယ် ဗျာနဲ့ စေ့စပ်ထားချင်တယ်"

ဒီစကား ကြားရမယ်ဆိုတာ မေမေ့ဆီက ကြိုကြားထားတဲ့အတွက် ထူးအံ့သြပြမနေတော့ဘဲ ဗျာ တည်တည်ငြိမ်ငြိမ်ပြန်ဖြေမိသည်။

"နေဝန်းကို ဗျာ သံယောဇဉ်ရှိပါတယ်လို့ ပြောပြီးသားပဲ။ ဒါပေမဲ့ ဗျာ့ကိုယ်ဗျာ သေချာတယ်။ ဗျာ့ကို အချိန်နည်းနည်း ထပ်ပေးပါဦးနော်"

"ကိုယ်စောင့်နိုင်ပါတယ်ဗျာ။ ဒါပေမဲ့ ကံကြမ္မာကြီးက ကိုယ့်ကို စောင့်ခွင့်မပေးမှာစိုးတယ်"

"ရှင်"

ဗျာ နားမလည်တဲ့ စကားလုံးတွေအတွက် သူက အေးဆေးသော အပြုံးတစ်ပွင့်ဖြင့် ရှင်းပြလေသည်။





"ညက ကိုယ် ယုယနဲ့စကားပြောဖြစ်တယ်။ သူက ကိုယ် ဗျာ့ကို propose လုပ်ထားတာ မသိပေမယ့် ကိုယ် ဗျာ့ကို စိတ်ဝင်စားနေတယ် ဆိုတာကို သိတယ်။ ဗျာနဲ့ပတ်သက်ပြီး မဟုတ်နိုင်တဲ့စကားတွေကို သူ ပြောပြတယ်။ အဟင်း ... သူက ကိုယ့်အစ်မဆိုပေမယ့် ကိုယ်နဲ့တော့ type ချင်း မတူပါဘူး။ သူပြောတာ ကိုယ်မယုံပါဘူး။ ဒါ လူတစ်ဖက်သားကို အငြိုးနဲ့ပြောတာမျိုးဆိုတာ ကိုယ်သိတယ်"

"သူက ဗျာ့ကို ဘာတွေပြော့လို့လဲ"

"အဟင်း ... ဒီလိုပါပဲ။ ယုယက သူပြောချင်တာ ထင်ရာမြင်ရာ စွတ်ပြောတာပဲဟာ။ သူ အဲဒီလိုပြောလို့ မရတော့အောင် ကိုယ်က ဗျာ့ကို စေ့စပ်ချင်တယ်လို့ ပြောတာ"

ဒီလောက်ဆို ယုယုယ နေဝန်းကို ဘာသွားချွန်သလဲ ဗျာ နားလည်သွားပြီဖြစ်သည်။ သူ့ဘဲ ရွှေဘုန်းဂါနဲ့ ဗျာက ဘာတွေပါဆိုပြီး ဗျာ့ရဲ့သစ္စာမရှိမှုတွေကို ထောက်ပြပြီး သူ့မောင်နဲ့ ဗျာ့ကို အပြတ်ဖြတ်တာဖြစ်သည်။ နင် သိပ်တော်နေတယ်ပေါ့ ယုယုယရယ်။ ဗျာ့ကို တစ်ချက်ခုတ် နှစ်ချက်ပြတ်နည်းနဲ့ အသေချောင်ပိတ်ရိုက်ဖို့ ဆင်ထားတဲ့အကွက်ကို ဗျာက ကွက်ကျော်ကြို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မြင်နေတာမို့ နေဝန်းရဲ့မျက်လုံးတွေကို ခပ်စူးစူး ရင်ဆိုင်ပစ်လိုက်ကာ ...

"ဒီမှာ နေဝန်း ... ဗျာ့ကို မယုံဘူးလား"

"ယုံတယ်"

"သူ ဘာပြောတာလဲဆိုတာ ဗျာ ခန့်မှန်းတတ်ပါတယ်။ ဗျာနဲ့လည်း စကားပြောပြီးပြီ။ တကယ်တော့ သူက ပတ်ယမ်းနေတာပါ။ သူ့ဘဲနဲ့ ဗျာ သိကြပါတယ်။ သူ့ဘဲက လည်း ဆေးကျောင်းသားပဲ။ ဒီလိုပဲ ခရီးသွားဟန်လွဲတွေ့ရင်ခေါ်ပြောနှုတ်ဆက်တာကို သူ မြင်သွားပြီး သောင်းကျန်းပြတာ။ ကျွန်မက အဲဒီတစ်ယောက်ကို သူ့ဘဲလို့တောင် သိထားတာ မဟုတ်ပါဘူး ...

ထားပါ အဲဒါတွေက။ ဒါတွေကို နေဝန်းကိုပြောပြတယ်ဆိုတာ တစ်ဖက်စကားကိုပဲ နားထောင်ရတော့ အမှားဖြစ်မှာစိုးလို့။ လူတိုင်းမှာ သူ့ဘက် ကိုယ့်ဘက်ဆိုတာ ရှိရမှာပေါ့"

"ဗျာ့ကို ကိုယ်ယုံကြည်ပါတယ်။ ဒီအပြောရပ်သွားအောင်လို့ ကိုယ်က ဗျာ့ကို စေ့စပ်ထားချင်တာ။ ဗျာနဲ့ကိုယ် စေ့





စပ်လိုက်ရင် ယုယက ဗျာ့ကို အန်တီ့သမီးဆိုတာထက် ကိုယ့်ခနီးလောင်းလို့ မမြင်မဖြစ် မြင်ရတော့မယ်လေ"

ဗျာက ဟက်ခနဲ တစ်ချက် ရယ်လိုက်မိသည်။ လောကကြီးက တကယ်ကို မတရားတာပဲ။ ဗျာ့ကို ဘယ်တော့မှ မင်းသမီးဖြစ်ခွင့် မပေးဘူး။ ဗျာ ပွဲကြမ်းလို့ Hero ဖြစ်ရမယ့် ဘဝကြီးကိုပဲ ပေးထားတာဟာ သိပ်မုန်းဖို့ကောင်းလေသည်။

"နေဝန်း စကားကို လိုရာဆွဲပြီး အဓိပ္ပာယ်ရှိရှိ ပြောနိုင်တာ အရမ်းတော်ပါတယ်။ ဒါပေမဲ့ ဗျာ့ စဉ်းစားရဦးမယ်။ ဗျာ နေဝန်းကို လက်ခံလိုက်ရင် ဖြစ်လာမယ့် side effect တွေကို ရှင်စဉ်းစားမိလို့ ရပါတယ်"

"side effect ပဲ ဗျာရယ်။ ဘေးထွက်ဆိုးကျိုးတဲ့။ နာမည်ကိုက ဘေးကနေ ထွက်လာမယ့် ဆိုးကျိုးလောက်များ။ အရေးကြီးတာ ကာယကံရှင်နှစ်ဦးပဲ။ ဘေးက ဘာတွေပဲပြောပြော ကိုယ်နဲ့ဗျာပဲ ရှေ့ခရီးဆက်ရမှာ။ ဗျာ့စိတ်နဲ့ဗျာ ဆုံးဖြတ်ပါ။ ကိုယ်လည်း ဗျာ့ကိုချစ်ခဲ့တဲ့နေရာမှာ ဘာဘေးရဲ့တိုက်တွန်းမှု၊ against လုပ်မှုတွေကို ခေါင်းထဲမထည့်ထားဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဗျာ့စိတ်နဲ့ဗျာ ဆုံးဖြတ်ပါတဲ့။ ဗျာသည် အဲဒီစက ကြားရတာ အသက်ရှူတောင် မဝချင်သလိုဖြစ်ရသည်။ ဘာကိုမ ဗျာ ဆုံးဖြတ်ခဲ့ရသလဲ။ အရမ်းချို့တဲ့ဖူးတဲ့ အတိတ်မှာ ချစ်တဲ့ မေမေ့ရဲ့မင်္ဂလာပွဲကို ဗျာ ပြုံးပြုံးလေး ရောက်ခဲ့ဖူးတယ်။ ဗျာ မနေနိုင်တဲ့ အိမ်ကြီးမှာ ဗျာ မင်းသမီးလေးတစ်ပါးလို စည်းစိမ်ပြည့်နေရတယ်။ အခု ဗျာ မဖြစ်ချင်တဲ့ ဘဝကြီးမှာ ...။

ဟား ... ကွာ။

ဗျာ့ကို စိတ်ဒဏ်ရာတွေ ငယ်ငယ်တည်းက ပေး တဲ့ ယုယုယ။ "ဒီအိမ်နဲ့နင် ဘာဆိုင်လဲ"။ "မိထွေးရဲ့သမီး ခိုင်းတာလုပ်ရမယ်"။ "သိုက်တူးချင်နေတယ် အမေတူသမီး" စသဖြင့် စကားခါးခါးတွေအတွက် ဗျာ ရယူသင့်တဲ့ အောင်မြ ဟာ ဘာလဲ။

ဗျာသည် ကိုယ့်ကိုယ်ကိုယ် ချောင်ပိတ်မိ မေးခွန်းတွေကြားထဲမှာ ဆုံးဖြတ်ချက်ချဖို့ရာမဲ့နေတဲ့သူတစ်ယော ဖြစ်လို့သွားပါသည်။

♥ ✦ ♥





BURMESE CLASSIC .com

သူ့ရှေ့မှာ ဒေါသတွေကြီးနေတဲ့ ယုယကို သူဟာ ထိုင်ကြည့်ပေးနေရုံကလွဲပြီး ဘာမှမတတ်နိုင်ပါ။ ယုယနဲ့သူ အပြတ်စကားဆိုနိုင်ဖို့ သူဟာ ဘုရားပေးသော အခွင့်အရေးကို ရတာမျိုး ဖြစ်လေသည်။

"ရှင် လုံးဝသစ္စာမရှိဘူး ဂါ။ ကျွန်မ အချစ်တွေကို စော် ကားတယ်။ ဒီလိုမိန်းမမျိုးနဲ့ ကျွန်မဟာ ယှဉ်စရာလား"

ဆောင့်အော်လိုက်တဲ့ အသံကြောင့် သူ နည်းနည်းတော့ နားအူသွားသည်။ ကန်တော်ကြီးထဲမှာမို့ လူကလည်းရှင်းတာကြောင့် ပြဿနာတော့ သိပ်မရှိပါ။ ဒါပေမဲ့ ယုယတစ်ယောက် ဒီလောက်အထိ ပေါက်ကွဲရလောက်အောင် သူ ဘာလုပ်မိသွားလဲ သူ မစဉ်းစားတတ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ယုယ ... မင်း အော်ဟစ်မနေနဲ့။ ဘာဖြစ်နေတာလဲကွာ။ ကိုယ့်ဟာကိုယ် စာတွေမရလို့ ဝေါက်နေတာ။ မင်း ဘာလာငြိနေတာလဲ"

"သိပ်ပြီး စာတွေကြိုးစားပြမနေနဲ့။ ရှင်ဟာလေ ရုပ်ကလေးနဲ့တက်နေတဲ့ ကျောင်းကိုမှ အားမနာ။ သစ္စာရှိစမ်းပါ"

"ဟား ... ကွိုင်ပဲ။ ဘာလဲကွာ ... ပလိန်းကြီးတွေ လာကျွေးနေမနေနဲ့။ မင်း ရှင်းချင်တဲ့ကိစ္စကို ဒဲ့ရှင်း။ ဘာလဲ ... သစ္စာတွေ လာရွတ်ပြမနေနဲ့။ အဲဒီစကားလုံးကို Facebook က wall မှာတောင် ယောင်ပြီးမတင်ဘူး။ ပြော ... ဘာဖြေယားလဲ။ ရှင်းလို့ရရင် ရှင်းမယ်"

"ရှင်နဲ့ ပျို့ကဗျာက ဘာတွေလဲ။ သူနဲ့တွေ့ဖို့တော့ အားတယ်ပေါ့ ဟုတ်လား။ ကျွန်မ ဖုန်းဆက်ရင် ပို့စတင်ဝင်ရမယ်၊ ကျူတိုရီယယ်ဖြေရမယ်၊ ဆရာကြီးနောက် လိုက်နေတယ်နဲ့ အမျိုးစုံအကြောင်းပြတယ်။ သူနဲ့ကျတော့ တွေ့နေတာ ဘာသဘောလဲ"





ဂါသည် ကံတရားက ကိုယ့်ဘက်မှာ ရှိနေတာကို ကျေနပ်စွာ အသာပြုံးလိုက်မိသည်။ ဒီလိုမျိုး ဖြစ်လာဖို့ပြဿနာကို ဘယ်လိုအကြောင်းဖန်ရင်ကောင်းမလဲ စဉ်းစားလိုက်ရတာ။ အခုတော့ လုံးဝကိုအေးဆေးပါပဲလား။ အခါးတွေကျွေးနေတဲ့ သူတစ်ယောက်ကို အကန်တွေချည်းပဲလွှတ်မယ်ဆို သေချာပေါက် ရှော့ခ်ကိုက်ပြီ။

"မင်း မရစ်စမ်းပါနဲ့ ယုယရာ။ ငါက ကျောင်းတက်နေတာလေ၊ ဒီလောက်တော့ ရှိတတ်တာပေါ့။ ကျောင်းသားဆိုတာ စာသင်ချိန်တွေ အများဆုံးပိုင်ဆိုင်ရမှာ သဘာဝလေ။ ပျို့ကဗျာနဲ့ ငါ ဆုံဖြစ်တာ ဘာဆန်းလဲ။ ဒီလိုပဲ တွေ့တတ်တာပဲဟာ။ မကျေနပ်ရင်လည်း လာစားနေတာ မလုပ်နဲ့။ ဘာဖြစ်ချင်လဲသာ ပြောလိုက်"

"ဟား ဟား ... အံ့ဩစရာကြီးပါပဲလား ဂါရယ်။ ယုယကို သိပ်လျှော့တွက်ထားသလား။ ဒီမှာ ရှင်ဖြစ်ချင်နေတဲ့ လမ်းခွဲခြင်း လုံးဝမဖြစ်စေရဘူး။ ပျို့ကဗျာလက်ထဲ ထည့်ပေးရလောက်အောင် ကျွန်မအချစ်က အပေါစားမဆန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အောက်တန်းမကျဘူး။ သူသာ သူများချစ်သူကို ကြောင့်
တောင်နှိုက်ရဲတဲ့မိန်းမ"

ဗျာကို ပြောတာတွေက နည်းနည်းများသွားပြီလို့ သူ ဖီးလ်တော့ ဖြစ်သွားရလေသည်။

ဗျာကို ပလိန်းခွပ်နေတာ လွန်လာပြီလို့ သူ ယူဆလေ သည်။

"မင်း သူများကို မစော်ကားနဲ့ ယုယ။ ရှင်းရမှာ မင်းနဲ့ ကိုယ်ပါ။ ဘာလို့ သူများကို ဒီလောက်ထိ မှိုချိုးမျှစ်ချိုး ပြောနေရတာလဲ။ ကိုယ့်အနေနဲ့ ဗျာနဲ့ ခင်မင်ရင်းနှီးတာကို အကြောင်းလုပ် ရှင်းပြဖို့လည်း မလိုအပ်ဘူး။ မင်းဘက်က တောင်အရမ်းကျော်နေပြီ ယုယ"

"သွားပြီ ... ရှင်တော့ ဆေးမိသွားတာပဲ။ ဒီမှာ ဂါ ... ရှင် သိပ်ကာဆီးနေတဲ့မိန်းမက ယုယနဲ့ ပတ်သက်နေတယ်။ သူ့အကြောင်းကို ယုယ ကောင်းကောင်းသိတယ်။ သူ့ကို ပေါ့သေးသေးမတွက်နဲ့။ သူက မျိုးနဲ့ရိုးနဲ့ ဇ,ရှိလာပြီးသား ရှင့်လိုလူလောက်ကတော့ အေးဆေးသိမ်းသွင်းသွားလို့ရ





တယ်။ ဂါ အရှုံးမထနဲ့၊ ရှင်ဟာ ကျွန်မ ချစ်သူ။ ကျွန်မ စကားကို နာခံရမယ်"

"ဟား ... တကယ် ရူးနေတာက မင်းပဲ ယုယုယရဲ့။ တော်ပြီကွာ၊ ငါ ဆက်စကားမပြောချင်တော့ဘူး။ ငါ့ကို မင်း အမိန့်ပေးခွင့်မရှိဘူး။ ဒီတော့ ငါ့ဘက်ကလည်း ဗျာ နဲ့ ဆက်ခင်ပတ်သက်မှာပဲ။ အဲဒါကို မကျေနပ်ဘူးဆိုရင် လမ်းခွဲလို့ရတယ်"

ဂါက စိတ်မရှည်တော့တာကြောင့် စကားကုန်ပြော ကာ ဖြတ်ချပစ်လိုက်တော့သည်။ သူ့စကားက ယုယကို တော် တော်ထိသွားပုံရသည်။ ယုယဟာ အဆိပ်ပြင်းပြင်း မြွေတစ်ကောင် လို သူ့ကို စူးရဲထက်ရှစွာ စိုက်ကြည့်၍ သူ့လက်တစ်ဖက်ကို ခပ် ကြမ်းကြမ်းဆုပ်ကိုင်ရင်းက ...

"ဘယ်တော့မှ လမ်းမခွဲဘူး။ ယုယုယရဲ့သမိုင်းမှာ အရှုံး ဆိုတာ မရှိစေရဘူး။ ဒီမှာ ဂါ ... ပို့ကဗျာဟာ ရှင့်ကို စိတ်ရင်းနဲ့ ဆက်ဆံနေတာလို့ ထင်မနေနဲ့၊ အဲဒါတွေက တစ်ခုမှ အမှန်တွေ မဟုတ်ဘူး။ မာယာတွေ။ သူက



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မိထွေးရဲ့သမီးပဲ။ သူ့အကြောင်းကို ကျွန်မ ကော[illegible] ကောင်းသိတယ်"

ဟင် ... ဘယ်လို။

ကြားလိုက်ရတဲ့စကားက မျက်နှာကို ရေနွေးအပ[illegible] ခံလိုက်ရသလို ပူလောင်၍ မွန်းရှသွားလေတော့သည်။ ဗျာ[illegible] ယုယမိထွေးရဲ့သမီးတဲ့။ ယုယမိထွေးဆိုတာ ... ဟာ ...။ ဂါသ[illegible] ထိပ်တိုက်ရင်ဆိုင်ရမည့် ဒေါ်မိမိချို မျက်နှာကို ပြေးမြင်မိသွ[illegible] သည်။ ဗျာရယ် ... မင်းက အေးဆေးသမားပါ။ ဘာလို့များ [illegible] ဇာတ်ရှုပ်ကြီးထဲမှာ မင်းက ပါဝင်ပတ်သက်နေတဲ့သူ ဖြစ်နေရ[illegible] လဲ။

"ကိုယ် မင်းတို့ ဘယ်လိုပတ်သက်သလဲဆိုတာ စိတ်မ[illegible] စားဘူး ယုယ။ သေချာတာကတော့ မင်းကို ကိုယ်တက[illegible] စိတ်ကုန်သွားပြီ။ မင်းဘက်က ဘယ်လိုသဘောထားပဲရှိ[illegible] ကိုယ့်ဘက်ကတော့ မင်းကို လမ်းခွဲဖို့ပဲ ဆန္ဒရှိတော[illegible] တယ်"

"ဘာလဲ ... ရှင်က ပို့ကဗျာ့ဆီ စိတ်ရောက်နေလို့လား[illegible]





"မဆိုင်လိုက်တာကွာ။ ဒီကိစ္စအတွက် ငါ ဘာဖြေရှင်းချက် မှ ပေးဖို့မလိုဘူး ယုယ။ ဗျာနဲ့ ငါ့ရဲ့ဆက်ဆံရေးက ရိုးရိုး လေးပဲ ဖြစ်နေလို့ပဲ"

သူက ကျောပိုးအိတ်ဆွဲကာ ကျောခိုင်းထွက်လာခဲ့ တော့သည်။ သူ့ကို ယုယကလည်း လှမ်းမခေါ်ပါ။ သူကလည်း လှည့်ကြည့်ချင်စိတ် မရှိတော့ပါ။ ဒေါ်မိမိချိုနဲ့ သူ့ကြားထဲမှာ ယုယကိစ္စအပြင် ဗျာကပါ ဝင်လာခဲ့ချေပြီ။ ဒီလောက် ဇာတ်လမ်း တွေ ရှုပ်နေတာတောင်မှ သူ ဗျာ့ကို ချစ်မိသွားတာကတော့ ထူးဆန်းလှပေသည်။

အဲဒီအတွက် သူဟာ Taxi တစ်စီးကို တားပြီးသွား သည်နှင့် ဒေါ်မိမိချိုဆီ ဖုန်းခေါ်လိုက်တော့သည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အန်တီ တောင်းပန်နေတာ ရှေ့ဘုန်းဂါ။ ဒီအခြေအနေမှာ ယုယုယဟာ အန်တီလိုချင်တဲ့နေရာ မဟုတ်သေးပေမယ့် ဟုတ်တော့မယ့် အလားအလာမှာ ရှိနေပြီ။ သူ ဘာတစ်ခုကိုမှ ဝင်စွက်စွက်ဖက်ဖက် မလုပ်တော့ဘူး။ မင်းကြောင့် အလားအလာ ကောင်းလာတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလို လက်လွှတ်စပယ် မလုပ်ပါနဲ့"

ဂါသည် ဒေါ်မိမိချို စကားတွေကို နားထောင်ရင်းက ခေါင်းအသာဆတ်ပြလိုက်သည်။ ပြီးတော့ ရင်ဆိုင်ဖို့စကားစပြောလိုက်တော့သည်။

"ဝမ်းနည်းပါတယ် အန်တီ။ ကျွန်တော် ဒီနေ့ပဲ သူနဲ့လမ်းခွဲခဲ့တာပါ။ သူလက်ခံမခံခံ ကျွန်တော် ဖြတ်ခဲ့လိုက်ပါပြီ။ ကျွန်တော့်မှာ တကယ်ချစ်ရမယ့်သူ ရှိနေပြီ"





"ဘာ ... မင်း သူ့ကို ဖြတ်လိုက်တော့ သူ ဘာပြောလဲ။ ဘာတွေဖြစ်သွားလဲ။ ငါ့ကို မပြောဘဲနဲ့ ဘာလို့ စွတ်လုပ်တာလဲ ရှေ့ဘုန်းဂါရယ်"

သူမ စီစဉ်တာတွေ လွဲကုန်တာမို့ ဒေါသတွေထွက်နေတဲ့ ဒေါ်မိမိချိုကို သူက ဘာမှပြန်မပြောသေးဘဲ ခဏစဉ်းစားလိုက်သည်။ သူ ချစ်နေတာ ဘယ်သူဆိုတာ by name တပ်ဖို့တော့ မဖြစ်နိုင်သေးပေ။ အဲလို သိသွားတာနှင့် ဘွားတော်က သောင်းကျန်းတော့မှာဖြစ်သည်။ ဒီတော့ သူ ဒီဇာတ်ရှုပ်ကို အကောင်းဆုံး ဖြေရှင်းနိုင်ရပါလိမ့်မည်။

"သူနဲ့ ကျွန်တော် ဒီနေ့ လမ်းခွဲလိုက်တာ အဓိက သူ့ကြောင့်ပါ။ ယုယက ကျွန်တော့်ကို ကောင်မလေးတစ်ယောက်နဲ့ စွပ်စွဲပြီး တရစပ် ရန်ရှာနေတယ်။ အဲဒီအတွက် ရန်ရှာရင်းက ပြဿနာတွေတက်ပြီး ကျွန်တော် လမ်းခွဲလိုက်တာပါ"

"ဒါ ငါမသိသေးတဲ့ကိစ္စပဲ။ မင်းကကော သူပြောသလို တကယ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... မဟုတ်ပါဘူး။ ဒါ သူ သက်သက်မဲ့ ရန်ရှာတာ။ အန်တီ့ကို ကျွန်တော် ပြောခဲ့သားပဲ။ ကျွန်တော့်မှာ တကယ်ချစ်တဲ့သူ ရှိနေပြီ။ သူ့ကို ကျွန်တော် ရိုးသားချင်လို့ ဒီရှော့ခ်တွေကို ပြီးအောင်ရှင်းနေတာ။ အန်တီ ကျွန်တော့်ကို နားလည်ပေးနိုင်မှာပါ"

"ရွှေဘုန်းဂါ ... မင်း ဘာတွေ အသိခေါက်ခက်နေတာလဲ။ မင်းကို ငါ အရှင်းဆုံးပဲပြောမယ် ရွှေဘုန်းဂါ။ မင်း ယုယနဲ့ ဆက်တွဲပါ။ အဲဒီအတွက် မင်းကို ငါ ငွေဘယ်လောက်ပေးရမလဲ။ လုပ်ငန်းတစ်ခုလို သဘောထားလိုက်ပြီး မင်း ငါ့ကို ကူညီပေးပါ ရွှေဘုန်းဂါ"

ဂါက ထိုင်ရာမှ ထရပ်လိုက်ကာ ဒေါ်မိမိချိုရဲ့မျက်ဝန်းတွေကို စူးရဲရဲ စိုက်ကြည့်လိုက်မိသည်။

"ဆောရီးပါပဲ အန်တီ။ ကျွန်တော်ကလည်း အသိုင်းအဝိုင်းကြီးထဲကပါ။ ကျွန်တော်က လူငယ်တစ်ယောက်ဖြစ်လို့ လွတ်လွတ်လပ်လပ်နေတယ်။ ပျော်တယ်။ ဒါပေမဲ့ မပျက်ဘူးဗျ။ ကျွန်တော် ယုယုယကို မချစ်ဘူး။ အန်တီ့ကို ကူညီချင်ပေမယ့် ဒါတော့ မဖြစ်နိုင်ပါဘူး"





"ဘာလို့လဲ ရွှေဘုန်းဂါ။ မင်း ဒီလောက် ကပ်သတ်နေတာ ဘာကြောင့်လဲ"

ဒီအချိန်မှာ သူ့ဘက်က အမှန်တစ်ခုကို ဖွင့်ပြောဖို့ သင့်တယ်ဟု ယူဆတာကြောင့် ရဲရဲကြီး ဖွင့်ပြောလိုက်တော့သည်။

"ဘာလို့လဲဆိုတော့ ကျွန်တော် ချစ်နေတဲ့ မိန်းကလေးက အန်တီ့သမီး ပျို့ကဗျာ ဖြစ်နေလို့ပါပဲ"

"ဘာ ... ဘာပြောတယ်"

ဒေါ်မိမိချိုဟာ သူ့ကို စကားမပြောနိုင်တော့လောက်အောင် အကြီးကြီး ရှော့ခ်ရသွားပုံပေါ်သည်။ ဘယ်လိုမှ မျှော်လင့်ထားဟန်လည်း မတူသောကြောင့် သူ့ကို တအံ့တဩဖြစ်နေပုံပင်။

"မင်းက ငါ့သမီးနဲ့ ဘယ်လိုပတ်သက်တာလဲ"

"ကျွန်တော်တို့ ဆေးရုံမှာ တွေ့တာပါ။ ကျွန်တော့်ဘက်က ဗျာနဲ့မလွဲချင်လို့ လွဲစေမယ့် အကြောင်းတွေကို ရှင်းထားတာပါ။ ကျွန်တော့်ကို နားလည်ပေးပါ။ ကျွန်တော်သွားလိုက်ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက လှည့်ထွက်မည်အပြုမှာ ဒေါ်မိမိချိုက သူ့ကို လှမ်းအော်ပြောလေသည်။

"မင်း ငါ့သမီးကို ပတ်သက်ရဲ ပတ်သက်ကြည့်လိုက် ရွှေဘုန်းဂါ။ မင်းအတွက် အနာဂတ်က မကောင်းတာတွေပဲ ဖြစ်သွားလိမ့်မယ်။ ငါ သတိပေးထားရက်နဲ့ မင်း ရှေ့ဆက်တိုးရင်တော့ မင်းနဲ့ငါ တွေ့ကြပြီပေါ့ကွာ။ ပျို့ကဗျာကို လုံးဝမပတ်သက်ပါနဲ့"

အပီအပြင်ကို ကြိမ်းဝါးသွားသော ဘွားတော်က သူ့ကို ခပ်မိုက်မိုက် စိုက်ကြည့်ကာ ဦးအောင်ထွက်သွားလေတော့သည်။ အိမ်ရောက်ရင် ဗျာတော့ ရေရေလည်လည် အကောခံရရတော့မည် ထင်သည်။

ကိုယ့်ကို ခွင့်လွှတ်ပါ ဗျာရေ။ မင်းကို မကြာခင်မှာ ဖွင့်ပြောတော့မှာမလို့ ကိုယ့်ဘက်က အပြစ်ကင်းအောင် မှန်သောစကားကို ဝန်ခံလိုက်တာပါ။

♥ ✦ ♥





၁၂

"နှင်တစ်သက်လုံး လိမ်မှာခဲ့သမျှ ဒီတစ်ချီတည်းနဲ့ ငါ့ကို ဇော်ကားပြလိုက်တာပေါ့လေ၊ ဟုတ်လား ... ပျို့ကဗျာ"

ဒေါသတကြီးပြောနေသော မေမေ့စကားကြောင့် ဗျာက အနည်းငယ်တော့ ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။ မေမေ ဘာတွေကို ဒီလောက်ထိ ပေါက်ကွဲနေရတာလဲ။ ဗျာက မေမေ့လက်မောင်းကို ခပ်ဖွဖွဆုပ်ကိုင်ရင်းက အသာချော့မော့မေးရသည်။

"ဘာဖြစ်လာတာလဲ မေမေ။ မေမေ ဘာကိုပြောတာလဲ"

"တော်စမ်း ... ငါ့ကို ဘာမှလာမမေးနဲ့၊ ငါမေးတာကိုပဲ ဖြေ။ ရွှေဘုန်းဂါနဲ့ ဘယ်လိုပတ်သက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ... ရွှေဘုန်းဂါ။ ဟို ... သူငယ်ချင်းတွေပါ မေမေ။ ဘာဖြစ်လို့လဲဟင်"

မေမေက ရွှေဘုန်းဂါကို သိနေတယ်။ ဗျာသည် မေမေ့စကားအဆန်းတွေကို နားထောင်ရလို့ အံ့ဩကာ မေမေ့ကို ငေးကြည့်မိနေတုန်း မေမေက ဗျာ့ကို မယုံသလို မျက်ဝန်းတွေဖြင့် အကဲခတ်ကြည့်ကာ ...

"ဗျာ ... မေမေမေးတာကို ဗျာ့စိတ်ထဲရှိတဲ့အတိုင်း ဖြေပါ။ ဗျာ လက်ထပ်ရမယ့်သူဟာ ဘယ်သူလဲ"

ကျစ် ... ကွာ။ မေမေ့မေးခွန်းကြောင့် ဗျာက စိတ်အနှောင့်ယှက်ကြီးစွာ မျက်နှာကွက်ခနဲ ပျက်သွားရသည်။ ဗျာ မဖြေချင်တာကို မေးနေတာကြောင့် ဗျာက ဘာမှပြန်မပြောသေးလျှင် အဖြေကိုစောင့်နေသည့် မေမေက ဗျာ့ကို မေးဆတ်ပြရင်း ဖြေလေဟု ထပ်ပြောလေလျှင် ဗျာက ခြောက်ကပ်ကပ်အသံဖြင့် ပြန်ဖြေရတော့သည်။

"နေ ... နေဝန်းခပါ မေမေ"

"အေး ... သိသိချည်းနဲ့ ညည်းက အပြစ်လုပ်တာပဲ"





ဗျာက မေမေ့စကားတွေကို နားမလည်နိုင်တော့စွာဖြင့် ခေါင်းအသာယမ်းလိုက်ရင်းက ...

"ဘာဖြစ်တာလဲ မေမေရာ။ ဗျာ ဘာအမှားများ လုပ်မိလို့လဲ"

"ရွှေဘုန်းဂါနဲ့ ပတ်သက်မှုကို ဒီနေ့ကစပြီး ရပ်တန်းကရပ်တော့။ အေး ... ဆက်ပြီး ပတ်သက်နေဦးမယ် ဆိုရင်တော့ နင် ကျောင်းထွက်ဖို့သာ စဉ်းစားထား"

"မေမေ ... ဘာတွေလဲ။ ရွှေဘုန်းဂါက သမီးနဲ့ ရိုးရိုးသိရုံ ခင်ရုံပါ။ ဘာဖြစ်လို့ မေမေ ဒီလောက်ထိ ပေါက်ကွဲနေရတာလဲ။ သမီး ဘာများ အမှားလုပ်မိလို့လဲ မေမေရယ်"

မေမေက ဗျာ့ကို ခပ်စိုက်စိုက်ကြည့်၍ ပြတ်သားစွာ ပြောလေသည်။

"မှားတယ်။ အဲဒီ ရွှေဘုန်းဂါ ဆိုတဲ့အကောင် ဒီပတ်ဝန်းကျင်မှာ ရှိနေတာကိုက မှားနေတာ။ အဲဒီကောင်ကို နင် ဘယ်သူထင်နေသလဲ။ အဲဒါ ယုယုယ ရည်းစား"

ဟင် ... ဒါလည်း မေမေ သိလိုက်တာပဲလား။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဗျာသိပါတယ်။ သူ့ရည်းစားဖြစ်လည်း ဘာဖြစ်လဲ ဗျာတို့က ကျောင်းနေဖက်တွေလေ"

"ဗျို့ကဗျာ ... မေမေ မင်းကို နောက်ဆုံး သတိပေးလိုက် တယ်နော်၊ ရွှေဘုန်းဂါကို ဘယ်လိုနည်းနဲ့မှ မပတ်သက် ပါနဲ့။ သူငယ်ချင်းအဖြစ်နဲ့ ဆိုတာကိုတောင် မကြားချင် ဘူး။ သမီးက နေဝန်းခကိုပဲ လက်ထပ်ရမယ်။ ကျန်တဲ့သူ ကို ခေါင်းထဲထည့်မနေနဲ့။ သမီးစိတ်ထဲမှာ တစ်စုံတစ်ရာ ရှိခဲ့ရင်လည်း ထုတ်လိုက်တော့၊ မေမေ ပြင်းပြင်းထန်ထန် တားမြစ်တယ်နော်။ ဒါ သတိပေးလိုက်တာပဲ။ အေးဆေးနေ ပါ ကဗျာ"

မေမေက လှည့်ထွက်လို့သွားလျှင် ပဟေဠိများစွာ ဖြင့် ကျန်ခဲ့သူက ဗျာပဲ ဖြစ်လို့နေသည်။ မေမေဟာ ရွှေဘုန်းဂါ ကို ဘာလို့ ဒီလောက်ကြီး သိနေတာလဲ။ ဗျာနဲ့ သိပ်မဆိုင်တဲ့ ရွှေဘုန်းဂါကို ဘာလို့ ကြိုတင်တားမြစ်နေရတာလဲ ဗျာသည် ယုယုယရဲ့မျက်နှာကို ဖျတ်ခနဲ အတွေးအာရုံမှာ သွားမြင်လေသည်။ ဒီတိုင်းဆို မေမေ့ကို သူ မဟုတ်တဲ့စကားတွေနဲ့ သွားတိုက်ခိုက်





လိုက်ပြီထင်တယ်။ ငါ့စိတ်ဒဏ်ရာတွေကို အဆိပ်သုတ်ပေးနေတဲ့ နင့်ကို ခံစားကြေကွဲရအောင် ငါ ဘယ်လိုလမ်းကို ရွေးချယ်သင့် သလဲ ယုယုယ။

ဗျာက မဲ့ပြုံးတစ်ချက်နဲ့အတူ ဗျာ့ရဲ့ဟန်းဖုန်းလေး ကို လှမ်းယူလိုက်သည်။ ပြီးတော့ ဗျာ save လုပ်ထားတဲ့နံပါတ် လေးကို ခေါ်လိုက်လျှင် One Direction ရဲ့ "more than this" သီချင်းကို my ringtune အဖြစ် ခံစားနားဆင်ပြီးမှ သူ့ရဲ့"ဟယ်လို" ထူးသံကို ကြားရလေသည်။

"ပြောပါ ... ဗျာ"

"ကိုရွှေဘုန်းဂါ ပြောလို့ ရရဲ့လားဟင်"

"အင်း ... ရပါတယ် ပြောလေ"

"အင်း ... ဒီလိုပါ။ ရှင် အချိန်ရမယ်ဆိုရင် ခဏလောက် စကားပြောချင်လို့၊ Cafe Ballagio ကို လာခဲ့နိုင်မလား။ အားမှပါ"

"ရတာပေါ့ ဗျာရဲ့။ အခုလား ... ကျွန်တော် အချိန်ပေး နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"Ok ... ဒါဆို အခုတွေ့တာပေါ့၊ ကျွန်မ ထွက်လာမယ်လေ။ ဆိုင်ရောက်မှ ဆုံတာပေါ့"

ဗျာက ဖုန်းပိတ်လိုက်သည်။ ပြီးတော့ အဝတ်ဗီရိုထဲက အနီရောင်ဘောလုံးအပြောက် ဂါဝန်တိုကို လဲလှယ်လိုက်ပြီး မျက်နှာကို ခပ်ပါးပါး ပြင်ဆင်လိမ်းခြယ်လိုက်သည်။ ပြီးတော့ 212 Sexy ရေမွှေးကို တမင်ရွေးဆွတ်လိုက်ကာ အိတ်လွယ် ကားသော့ဆွဲ၍ ထွက်လာခဲ့သည်။ ဧည့်ခန်းမှာ မေမေနဲ့တိုးတော့ မေမေက ဗျာ့ကို တစ်ချက်အကဲခတ်ကြည့်၍ ...

"ဒါ ဘယ်သွားမလို့လဲ ဗျာ"

"ဟို ... ဗျာ့သူငယ်ချင်း ဖြူဖြူနဲ့ မုန့်စားဖို့ ချိန်းထားလို့ပါ"

"ဘယ်ကိုသွားမှာလဲ"

"ဟို ... ရွှေကောင်းမှာပါ။ ဟော့ပေါ့သွားသောက်မလို့"

"အင်း ... အင်း ... နောက်မကျစေနဲ့နော်။ ကားဖြည်းဖြည်းမောင်း သမီး"

"ဟုတ် ... မေ"





ဗျာက မေမေ့ကို တမင်တကာကြီး လိမ်လိုက်ကာ ထွက်လာခဲ့သည်။ ပြီးတော့ ဗျာရဲ့အစီအစဉ်ထဲက ပထမဆုံးအစီအစဉ်အဖြစ် PCO ဖုန်းဆိုင်လေးရှိတဲ့ဆီကို ကားပတ်မောင်းလာခဲ့ပြီး အဲဒီဖုန်းဆိုင်လေးသို့ရောက်လျှင် ဗျာက ဖုန်းခွက်လေးကို မ,ကိုင်ကာ နံပါတ်တစ်ခုကို နှိပ်လိုက်လေသည်။ ဟိုဘက်က ဟယ်လို ထူးတာနဲ့ ဗျာက နှာခေါင်းပိတ်ကာ အစ်တစ်တစ်အသံဖြင့် အသံဖျက်ပြောလေသည်။

"ဟုတ်ကဲ့ ... ဒီဖိုင်နာ မယုယုယံပါလား"

ယုယုယဘက်က တစ်ချက်တော့ တွေသွားဟန်ဖြင့် ငြိမ်သွားပြီးမှ ပြန်ဖြေလေသည်။

"ဟုတ်ပါတယ်၊ ဘယ်သူပါလဲ"

"အသိပေးစရာရှိလို့ ဖုန်းဆက်တာပါ။ မယုယ အကျိုးလိုလားသူတစ်ယောက်ပါ။ ဒီနေ့ သိပ်မကြာခင်မှာ Ballagio cafe ဆိုင်မှာ မယုယ ချစ်သူနဲ့ မိန်းကလေးတစ်ယောက် တွေ့ဖို့ရှိတယ်လို့ ကြားထားပါတယ်။ အဲဒီတစ်ယောက်က ကျွန်မတို့ကျောင်းကိုလည်း လာတတ်တာမို့ သိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မယုယများ စိတ်ဝင်စားမလားလို့ ဖုန်းဆက်အကြောင်းကြားတာပါ"

"ဟင် ... ဟုတ်လား။ ဒါနဲ့ အခုပြောတာ ဘယ်သူလဲဆိုတာ ပြောလို့ရမလား"

ကြည့်ရတာ ဗျာ့ကို ရိပ်မိသွားလား မသိဘူး။ ဗျာက ကိုယ့်စိတ်ကိုယ် မလုံကာ မြန်မြန်ဆန်ဆန် စကားစဖြတ်၍ ဖုန်းချလိုက်တော့သည်၊

"ဒါတော့ မပြောပါရစေနဲ့၊ မယုယကို သိအောင် စေတနာနဲ့အကြောင်းကြားရုံပါ။ ဒါပါပဲနော်"

ဟိ ... ဒီလောက်ဆို ယုယုယတို့တော့ မရှိးမရှ ဖြစ်ပြီး ကျန်နေခဲ့ပြီ။ ဗျာ့ရဲ့ကြိုးပမ်းမှု ထိရောက်ဖို့က ရာနှုန်းများတယ်ဆိုတာ ဗျာက တွက်ဆထားပြီးသားဖြစ်သည်။ ဗျာက ဖုန်းခ ရှင်းရင်းကမှ PCO က အစ်မကို ညှိရသေးသည်။

"အစ်မ ... ဒီဖုန်းကို ပြန်ဆက်လာခဲ့ရင် အစ်မ နေရာလွဲ ပြောပေးပါနော်"

"အင်း ... အင်း ... ရပါတယ်"





"ကျေးဇူးပါပဲ အစ်မ"

ဗျာက ပေါ့ပါးသောစိတ်တို့ဖြင့် ကားပေါ်သို့ ပြန်တက်လာကာ သူနဲ့ချိန်းထားရာဆီသို့ သွားလိုက်တော့သည်။ ဗျာ့စိတ်ထဲမှာ သိနေပြီးသားလေ။ မကြာခင်မှာ ယုယုယ တစ်ယောက် ဗျာတို့ရှိတဲ့ဆီ ရောက်လာလိမ့်မယ်လို့ ဗျာက အပိုင်တွက်ပြီးသားမို့ ရွှေဘုန်းဂါကို ချိန်းလိုက်ရတာဖြစ်သည်။ ဗျာ့ရဲ့လက်စားချေမှုအတွက် သူတစ်ယောက်ဟာ အသုံးချခံဖြစ်ရတာကိုတော့ အားနာပေမယ့် မတတ်နိုင်ပေ။

ဗျာရောက်တော့ သူက ဗျာ့ထက်ပင် **စောစီးစွာ** ရောက်နှင့်နေလေသည်။ ဗျာ့ကို အပြုံးနွေးနွေး တစ်ခုဖြင့် ဆီးကြိုနှုတ်ဆက်ကာ အရေးပေးသော သူ့ကို ဗျာကလည်း ပြုံးပြလိုက်ရင်းက ...

"ဆောရီး ... ချိန်းတဲ့သူက နောက်ကျနေတယ်။ စောင့်နေတာ ကြာပြီလား ကိုရွှေဘုန်းဂါ"

"Noproblem ပါ။ ကိုယ်လည်း ရောက်တာသိပ်မကြာသေးပါဘူး။ ကျွန်တော်က ဆန္ဒတွေစောပြီး စောရောက်နေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဗျာက ဘာမှပြန်မပြောသေးဘဲ လျှို့ဝှက်စွာတ ချက်ပြုံးလိုက်ရင်း ကော်ဖီတစ်ခွက် အရင်မှာလိုက်သည်။ ပြီးတော့ မှ သူ့ကို ဘာစကားပြောရပါ့မလဲလို့ စဉ်းစားကြည့်လိုက်လျ ဘာပြောရမှန်း မသိပါချေ။

"ဗျာ ကျွန်တော့်ကိုချိန်းတာ ကိစ္စများရှိလို့လား။ ကျွန်တော ကို ဘာပြောစရာရှိလို့လဲ"

"အင်း ... အထွေအထူးတော့ မဟုတ်ပါဘူး။ ဗျာ့ကို ရှ က ကူညီခဲ့ဖူးတော့ ဒီလိုပဲ တွေ့ဖို့ချိန်းလိုက်တာပါ"

ဗျာ့ရဲ့တောင်စဉ်ရေမရ အကြောင်းပြချက်က သိ တော့ အဓိပ္ပာယ်မရှိပေမယ့် သူက အရစ်မတက်ဘဲ အဲဒီနေ့က ဇာတ်လမ်းကို ပြန်အစဖော်လိုက်တော့ စကားပြောစရာ topi က ရှိလို့သွားပေသည်။

"ရပါတယ် ဗျာရယ်။ အဲဒီနေ့က ဗျာက အရမ်းလေနေတဲ့ ပုံ ပေါက်နေတာလေ။ ကိုယ်ထင်တာက ဗျာ့ဘဲနဲ့ ဘာကွိုင် များ တက်သလဲပေါ့။ ဘယ်လိုလဲ ... အခုကော ကိုယ့်ကို ပြောပြချင်ရှိလို့လား။ မင်း b.f နဲ့ အဆင်မပြေဘူးလား"





"ဒီလိုပါပဲ။ 50-50 သဘောပေါ့။ ရှင်ကော ကောင်မလေးနဲ့ fine တယ် မှလား"

ဗျာက အခြေအနေဘာလဲ သိချင်၍ စကားလွှဲကာ ဖမ်းအစ်လိုက်တာနှင့် သူက အမှန်အကန်တွေ ထွက်လာလေသည်။

"နိုး ... သူနဲ့ကိုယ် လမ်းခွဲလိုက်ပြီ"

"oh my God ... တကယ်"

အဲဒီစကားကတော့ ဗျာ့ကို အအံ့သြဆုံးဖြစ်စေတဲ့ စကားပဲဖြစ်သည်။ သူတို့လမ်းခွဲလိုက်ပြီတဲ့။ ဘာလို့ ဒီလောက် တောင်မြန်ဆန်သွားတာလဲ။ ဗျာတောင် လုံးဝမမီလိုက်တဲ့ latest သတင်းပါလား။

"ဟင် ... ဘယ်လိုဖြစ်တာလဲ။ အံ့သြစရာပဲ"

"ဒီလိုပါပဲ ဗျာ၊ ကိုယ့်ရည်းစားက ဘယ်သူဆိုတာ ဗျာ သိရင် အရမ်းဆပ်ပရိုက်စ် ဖြစ်သွားလိမ့်မယ်။ ယုယုယလေ။ ဗျာ သိတယ်မှလား"

ဗျာ မသိသေးဘူးထင်တဲ့ ကိစ္စကို ပြောပြနေတာ ကြောင့် ဗျာက မသိသလိုဟန်ဆောင်ကာ အံ့သြပေးနေစဉ်မှာပဲ သူက စကားဆက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် သူ့ကို လမ်းခွဲလိုက်တဲ့ အဓိကအကြောင်းရင်းကတော့ ဗျာ့ကို ..."

"သိပ်ကို လေပေးဖြောင့်နေတယ်ပေါ့လေ"

ရွှေဘုန်းဂါရဲ့စကားမဆုံးသေးချင်မှာပဲ ဗျာတို့ဝိုင်းထဲ ဝင်လာသူက ယုယုယ ဖြစ်နေလျှင် ဗျာ့ကို မထီတရီအပြုံးတစ်ခုဖြင့် ပွဲကြည့်ပရိသတ် ခဏလုပ်နေလိုက်သည်။

"ယုယ ... မင်း ဘာလာလုပ်တာလဲ။ ကိုယ့်လမ်းကိုယ်သွားပါကွာ။ မနှောင့်ယှက်ပါနဲ့"

"ရှင်တို့ရဲ့ သစ္စာဖောက်မှုကို ကိုယ်တိုင် တကူးတက လာကြည့်တာလေ။ သူများရည်းစားကို ကြောင်တောင်နှိုက်တဲ့သူကို ရှက်တတ်အောင် လာကြည့်ပေးတာ"

"ယုယ"

အဲဒီစကားကို သူက အရမ်းအားနာစွာဖြင့် လှမ်းတားစဉ်မှာပဲ ဗျာက ထိုင်နေရာက ထရပ်လိုက်ကာ ...

"နင့်စကားအတွက် နင်ပြန်ပေးဆပ်ရမယ် ယုယုယ။ ကိုရွှေဘုန်းဂါ ... ခုနကစကားကို ပြန်ဆက်ပါဦး။ ယုယုယကို လမ်းခွဲရတဲ့ အဓိကအကြောင်းရင်းက ဘာလဲ။ ပြောလေ"





ဗျာ့ဘက်ကပဲ စတင်စိန်ခေါ်လိုက်လျှင် ပွဲကပိုဆူလို့သွားလေတော့သည်။ ဗျာ ကြိုသိနေတာကြောင့် ဗျာက ဒီစကားစလိုက်လျှင် ယုယက အခိုးတွေထွက်မတတ် မျက်လုံးတွေနှင့်စိုက်ကြည့်နေစဉ်မှာ ရွှေဘုန်းဂါကပါ ထိုင်ရာမှ ထရပ်ရင်းက ယုယဘက်သို့ မျက်လုံးလှည့်ကာ ...

"ယုယ ... ကိုယ်တို့ပတ်သက်မှုက ပြီးဆုံးခဲ့ပါပြီ။ ကျေးဇူးပြုပြီး မနှောင့်ယှက်ပါနဲ့။ ဗျာ့ကို မထိုးနှက်ပါနဲ့။ မင်းတို့ဘယ်လိုပတ်သက်သလဲဆိုတာ ကိုယ် မကြာသေးခင်ကမှ သိခဲ့ရတာပါ။ အားနာပါတယ် ယုယ။ ဒါဟာ ကိုယ် မင်းကို ဒေါက်ဖြုတ်တာမဟုတ်ပါဘူး ယုယ။ ဗျာနဲ့ စတွေ့မိကတည်းက ကိုယ့်စိတ်တွေ သူ့ဆီရောက်နေခဲ့တာ။ ကိုယ့်ဘက်က သစ္စာမဲ့တဲ့လုပ်ရပ်မျိုး မဖြစ်ချင်လို့ ကိုယ် ပြတ်သားလိုက်တာပါ"

"ဒါဆိုရင် ဆိုလိုတာက ..."

ခပ်မာမာလေသံဖြင့်မေးတဲ့ ယုယရဲ့မေးခွန်းကို သူက ဗျာ့ဘက်သို့ မျက်လုံးပြန်လှည့်လိုက်ကာ ဗျာ့ကို စူးစိုက်ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ... ကိုယ့်ကို စိတ်မဆိုးပါနဲ့ ဗျာ။ ဒီစကားကအေး
အေးဆေးဆေး ပြောရမှာပါ။ အခြေအနေအရ ပြောဖြစ်
သွားတာပါ။ ကိုယ် ဗျာ့ကို ချစ်တယ်"

ဟား ... ဟား ... ပွဲပြီးသွားပြီ ယုယုယရေ။

ဗျာသည် အောင်နိုင်သူတစ်ယောက်ရဲ့ မော်ချီ
သော အပြုံးတစ်ခုကို နှုတ်ခမ်းထက်မှာ ဆင်မြန်းလိုက်ကာ ...

"ယုယ ... ကြားပါတယ်နော်။ အခု သူက ငါ့ရည်းစား
ဖြစ်သွားပြီ။ ကြောင်တောင်နိုက်တယ်ဆိုတဲ့ စကားလုံးက
direction ပြောင်းသွားအောင် မလုပ်ချင်ပါနဲ့"

"အဟော် ... သိပ်ကို တော်နေတယ်ပေါ့လေ။ ဒါ နင့်
ရည်းစားပေါ့ ဟုတ်လား။ သေချာသွားပြီနော်။ ဒါဆိုရင်
နေဝန်း ကိစ္စက ဘယ်လိုရှင်းမှာလဲ။ နေဝန်းနဲ့ နင်က
စေ့စပ်တော့မှာဆို။ ဘာလဲ ... ဘယ်သူက အတည်လဲ"

ယုယက နိုင်ကွက်ကို နင်းထားပြီမို့ ဗျာက ပြုံးပြုံး
လေးပဲ ပြန်ဖြေလိုက်လေသည်။ ဗျာတို့ရဲ့စကားဝိုင်းထဲကို သူက
ဝင်မပါဘဲ စိတ်ဝင်တစား နားထောင်နေလေသည်။





"နှလုံးသားရေးရာကိစ္စဆိုတာ ဘယ်သူ့ဆုံးဖြတ်ချက်က
အတည်လဲ။ အခု ကိုရွှေဘုန်းဂါက တို့ချစ်သူလေ။ ငါ
ဘာဆုံးဖြတ်လိုက်သလဲဆိုတာ သိလောက်ပါပြီ"

"Ok ... စောင့်ကြည့်လိုက်။ နင့် choice က သူဆိုတာ
သေချာတယ်နော်"

"Sure"

ယုယုယက ဟက်ခနဲ ခြောက်ကပ်ကပ်ရယ်ကာ
ဗျာနဲ့ သူ့ကို ခပ်တင်းတင်းကြည့်၍ ချာခနဲ လှည့်ထွက်သွားတော့
သည်။ ဒီတော့မှ ဗျာက ထိုင်လိုက်ကာ အေးနေပြီဖြစ်တဲ့ ကော်ဖီ
ကို တစ်ငုံသောက်လိုက်သည်။ ဗျာ ကော်ဖီခွက် ပြန်အချမှာ
သူက ထိုင်ခုံမှာ ပြန်ထိုင်ရင်း ခုနကစကားကို ပြန်ဆက်သည်။

"ဗျာ ... ခုနက ပြောတာ 'တကယ်ပဲလားဟင်"

ဗျာက အပြုံးတစ်ခုဖြင့် သူ့ကို မေးဆတ်ပြကာ
ရှူးချင်ယောင် ဆောင်လိုက်သည်။

"အင်း ... ဘာကိုလဲ"

"ဗျာကလည်း ယုယကို ခုနက ပြောလိုက်တာလေ။
ကိုယ်က ဗျာ့ချစ်သူဆိုတာ တကယ်ပဲလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



“.........”

“တစ်ခုခု ပြန်ပြောပါဦး ဗျာရယ်။ ဗျာ တကယ်ပဲ ကိုယ့်ကို ချစ်လားဟင်”

ဗျာ့စိတ်တွေဟာ ဖျတ်ခနဲ တည်ငြိမ်သွားလေသည်။ အချစ်တဲ့။ ဗျာ့ရင်ထဲမှာ ပူလောင်မှုတွေ၊ မွန်းကျပ်မှုတွေနဲ့ပဲ မောဟိုက်နေရတာ။ အချစ်ဆိုတာ ဗျာ့အတွက် ဘယ်လိုအရာမျိုးပါလိမ့်။ ဗျာ သိပ်ခါးတဲ့ ယုယုယကို ချေပဖို့ သူ့ကို ဗျာ အသုံးချခဲ့တာ မှန်ပေမယ့် ဗျာ “ချစ်တယ်”လို့ ပြောဖြစ်သွားလိမ့်မယ်လို့ လုံးဝထင်မထားခဲ့ပေ။

“ဗျာ ... တစ်ခုခု မပြောတော့ဘူးလား”

ဗျာ့ရဲ့မျက်ဝန်းတွေက သူ့ကို တစ်ချက် မော်ကြည့်လိုက်သည်။

“ရှင် ဗျာ့ကို ချစ်တယ်ဆိုတာ သေချာရဲ့လား ကိုရွှေဘုန်းဂါ။ ဗျာ သေချာချင်သေးတယ်”

“ကိုယ့်ဘက်က သေချာပြီးသားပါ။ ဒီနေ့ ကိုယ်တို့မမျှော်လင့်ဘဲ အချစ်အကြောင်း ဆွေးနွေးဖြစ်ပေမယ့် အဲဒီအကြောင်းကို ပြောချင်နေတာ ဟိုအရင်ကတည်းကပါ ဗျာ”





“ယောကျ်ားလေးတစ်ယောက်ကို ချက်ချင်းကြီး အဖြေပေးလိုက်တာက မကောင်းဘူး ထင်တာပဲ”

“ရင်ထဲမှာ သေချာတဲ့ချစ်ခြင်းတစ်ခု ရှိနေတယ်ဆိုရင် အခု အဖြေပေးလိုက်တာဟာ နောက်တောင်ကျနေပါသေးတယ်ဗျာ”

ဗျာက အဲဒီစကားကို သဘောကျစွာဖြင့် ဟက်ခနဲ တစ်ချက်ရယ်မိလိုက်သည်၊ ဗျာ့ရင်ထဲမှာ ဘာတွေဖြစ်နေသလဲတော့ မသိ။ ရည်းစားထားရင် ဘယ်လိုနေမလဲ သိချင်စိတ်ကြောင့် ဗျာက ခေါင်းညိတ်လက်ခံလိုက်သည်။

အချမ်ပါခြင်း မပါခြင်းဟာ ဗျာ့အတွက် အရေးမကြီးပေ။ အရေးကြီးတာက ဗျာ့ခံစားချက်တွေကို sharing လုပ်ပေးနိုင်မည့် ဝေမျှဖော်တစ်ယောက် လိုချင်လို့ဖြစ်ပါသည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

"အား ... လုံးဝအဓိပ္ပာယ်မရှိဘူး မေမေ။ နေဝန်း ... အဲဒါ ဘာသဘောလဲ။ ဖျာ့ကို မတိုင်ပင်ဘဲနဲ့။ ဖျာ နေဝန်းကို ဘယ်မှာခေါင်းညိတ်လက်ခံရသေးလို့လဲ"

နောက်တစ်နေ့မနက် မိုးလင်းသောအခါမှာ ယုယုယ ရဲ့အမွှေကောင်းမှုကြောင့် အိမ်မှာ ဖျာရယ်၊ နေဝန်းရယ်၊ မေမေ ရယ် နှစ်ယောက်တစ်ယောက် အပီအပြင် ပွဲကြီးပွဲကောင်းကျင်းပ ကြတော့သည်။ နေဝန်းဟာ ဖျာ့ကို သိပ်မကြာခင်မှာ လက်ထပ် မယ်တဲ့။ ဒါ ဖျာ့ကို ချောင်ပိတ်ပစ်တာ။

"လက်မခံရသေးပေမယ့် ဖျာ မငြင်းဘူးလေ"





"ဟား ... ဒီစကားက ဖျာ့ကို အထင်သေးတာပဲ။ ဒီမှာ နေဝန်း၊ ဖျာ့စိတ်နဲ့ဖျာ ဆုံးဖြတ်မှာပါ။ ရှင် အဲဒီလိုလုပ်နေ မယ် ဆိုရင်တော့ ဖျာ မုန်းမိလိမ့်မယ်"

"တော်စမ်း ... ပျို့ကဖျာ။ ငါ့ကို ရှေ့ထားပြီး နင်က သောင်းကျန်းနေတယ်ပေါ့လေ။ နေဝန်းကို ပတ်မရှမ်းနဲ့။ ညည်းနဲ့ နေဝန်ကို စီစဉ်ပေးဖို့ အစကတည်းက လုပ်ထား ပြီးသား။ အေး ... ဒါပေမဲ့ ဒီလောက်တော့ မမြန်ဘူး။ အခု ဒီလို ဘာလို့လုပ်သလဲဆို ကိုယ့်အပြစ်ကိုယ်သိ။ နင် အပြင်မှာ ဘာတွေခြေရှုပ်နေလဲ"

ဟား ... သိပ်သေချာတာပေါ့။ ဒါ ယုယုယ စနက် ပဲ။ နေဝန်းကို ချွန်လိုက်ပြီပဲ။

"သမီးကို အတင်းအကျပ် မစီစဉ်ပါနဲ့၊ ဖျာ ကျောင်းပြီး အောင် တက်ရဦးမယ်။ ဖျာ့ကို လွတ်လွတ်လပ်လပ်ပေးနေ ပါ"

"ဖျာ ... ကိုယ် နောက်မကျချင်ဘူး။ ဖျာနဲ့ အနီးဆုံးရှိနေ ရက်နဲ့ မဝေးချင်ဘူး။ ကိုယ် ပြောပြီးသားပဲ။ ဘယ်သူ့စကား မှ ကိုယ်မယုံဘူး။ ဖျာ့ကိုတော့ ယုံတယ်။ အဲဒီ ..."



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ယုံရင် ပြီးရောပေါ့။ ဗျာက ဘာမဟုတ်တာ လုပ်နေလို့လဲ။ နေဝန်း အခုလုပ်နေတာက ဗျာ့ကို အရမ်း စိတ်ဆိုးစေတယ်။ နေဝန်း ... ဒီကိစ္စကို ဗျာ လက်မခံဘူး နော်။ ဗျာ လက်မခံတာကို ဇွတ်လုပ်ရင် မျက်နှာပျက်စရာ တွေပဲ ဖြစ်လာလိမ့်မယ်"

"ဗျို့ ကဗျာ"

မေမေက လှမ်းဟန့်သော်လည်း ဗျာက ရင်ထဲရှိတာကို ဖွင့်ချလိုက်လေသည်။ နေဝန်းက လေပူတစ်ချက် မှုတ်ထုတ်ရင်း ...

"ဗျာ့ကို ယုံတယ်လို့ ပြောပြီးသားပါ။ ကိုယ် ဗျာ့ကိုဆက် ယုံချင်တယ်"

ပြောပြီး ထထွက်သွားလျှင် ဗျာက စိတ်အချဉ်ပေါက်စွာ ကျစ်ခနဲ စုပ်သပ်လိုက်သည်။ တစ်စခန်းထပ်ထလာပြန်တာကတော့ မေမေပဲဖြစ်၏။

"နင့်ကို ပြင်းပြင်းထန်ထန် ပြောထားတယ်နော်။ ရွှေဘုန်းဂါကို မပတ်သက်နဲ့လို့။ အေး ... မေမေ စိတ်မဆိုးချင်ဘူး"





"စိတ်ညစ်တယ်။ ဗျာ ဒီအချစ်ကိစ္စနဲ့ပဲ အချိန်တွေ ကုန်နေရတော့မှာလား၊ ဗျာ့ခံစားချက်ကိုလည်း မေးပါဦး မေမေရယ်။ ဟူး ... ဗျာ ကျောင်းလေးကို ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ် သွားပါရစေ။ မေမေလွှတ်မယ့် စပိုင်ရယ်၊ နေဝန်းကလွှတ်မယ့် စပိုင်ရယ် အဒီမျက်လုံးတွေကြားကလွတ်ပြီး ဗျာ အေးဆေးကျောင်းတက်ပါရစေ"

"သိပ်ကို စွာတေးလန်နေပါလား။ ဗျာ ... ကြပ်ကြပ်သတိထားပါ"

ဗျာက စိတ်ညစ်ညူးစွာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့တော့သည်။ အခန်းတံခါးကို လော့ခ်ချကာ ကိုယ့်ဘာသာ ဒေါသတွေ ထွက်နေတုန်းမှာ ဗျာ့ဖုန်းသို့ message တစ်စောင်က ဝင်လာ၏။ ဗျာက နံပါတ်ကိုကြည့်လိုက်လျှင် ရွှေဘုန်းဂါဆီက ဖြစ်သည်။ ဖွင့်ဖတ်လိုက်လျှင် မြန်မာ font ဖြင့် ပို့လိုက်တဲ့ SMS ဟာ ဗျာ့ကို အပြုံးတစ်ပွင့်တော့ ဖြစ်သွားစေသည်။

"အချစ်ဆိုတာ အသက်ရှုခြင်းလိုပါပဲ။ အဲဒီတော့ ကိုယ် ဘယ်လိုရပ်တန့်ရပါ့မလဲ ...



www.burmeseclassic.com

www.burmeseclassic.com



ဟိတ် ... အသက်ရှုဘူးလေး၊ ကျောင်းမလာသေး
ဘူးလား။ ကိုယ်က မင်းကျောင်းမှာ စောင့်နေတယ်"

ဗျာသည် အစကတော့ စိတ်ရှုပ်လို့ ကျောင်းမသွား
တော့ဘူးဆိုတဲ့ အတွေးကို ဖျောက်လိုက်ရတော့သည်။ ဗျာ
ကျောင်းမှာ တကူးတကကြီး စောင့်နေတဲ့ အသိကြောင့် ဗျာက
"လာခဲ့မယ် ... ခဏစောင့်"ဆိုတဲ့ message လေးပို့ကာ ကျောင်း
သွားဖို့ ပြင်ဆင်ရလေသည်။

မြန်မာ့ချည်ထည် မိုးပြာရောင်ဝမ်းဆက်ကို ရိုးရှင်း
လှပစွာ ဝတ်ဆင်ပြီးနောက် ဗျာက အိတ်ဆွဲကာ ကျောင်းသွားဖို့
ပြင်ရလေသည်။ ဗျာ အောက်ပြန်ဆင်းလာတော့ မေမေက ဗျာ
ကို ခြေဆုံးခေါင်းဆုံး ကြည့်ကာ ...

"ကျောင်းသွားတာ စာသင်ဖို့ ရည်ရွယ်ချက်ပဲ ရှိပါစေ
ဗျာ။ မေမေက သမီးကို ဆရာဝန်ဖြစ်အောင် သင်ပေးတာ။
ကျောင်းလစ်မယ်လို့တော့ စိတ်မကူးနဲ့နော်"

ဗျာက စိတ်မသက်သာစွာ ခေါင်းညိတ်ပြရင်း ကား
ပေါ်တက်ကာ မောင်းထွက်လာခဲ့သည်။ ဗျာ ကျောင်းရောက်တော့





ဗျာ့ကို အပြုံးတွေနဲ့ ဆီးကြိုနေတဲ့ သူ့မျက်နှာကို မြင်လိုက်ရလျှင်
ရင်ထဲမှာ အမောတော့ နည်းနည်းပြေသွားရပါသည်။

အလဲ့ ... ဒီကနေ့တော့ သိပ်သားနားနေပါလား။
ဖြူဆွတ်လွှင်နေသည့် ရှပ်ကို အပေါ်ကနေ အသားရောင် ဝေ့စကုတ်
ခံဝတ်ကာ စတိုင်လ်ဘောင်းဘီအနက်ကျပ်ကျပ်နှင့် အရမ်းကိုမိုက်
နေတာပဲဖြစ်သည်။ သူ့ဆီကနေရတဲ့ manly ဖြစ်တဲ့ ရေမွှေးနံ့
ကလည်း ဆွဲဆောင်မှု ရှိစေသည်။

"အဟဲ ... မောနင်း"

"ရှင် ကျောင်းမတက်ဘူးလား"

"အေးဆေးပါ။ ကိုယ် စဉ်းစားတယ် ... စဉ်းစားတယ်။
ကျောင်းပြောင်းပြီး လာတက်ရင် ကောင်းမလားလို့။ ဘယ်
လိုလဲ"

ညစ်ကျယ်ကျယ်ဒီဇိုင်းဖြင့် ဗျာ့ကို လာနောက်နေသော
သူ့ကို ဗျာက စိတ်လျှော့လိုက်ဟန်ဖြင့် ဟင်းခနဲ သက်ပြင်းချကာ...

"စိတ်ညစ်ရတဲ့အထဲ အဲဒါတွေက စားတယ်။ သွားတော့
လေ ... ကိုယ့်ကျောင်းကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



"No ... ဒီနေ့ ကိုယ့် duty က ဒီမှာလေ ဖျာရဲ့။ ကဲ ... လာ ကန်တင်းသွားစို့"

ဖျာ့လက်ကို လက်ညှိုးလေး လှုပ်ခတ်၍ လှမ်းခေါ်လျှင် ဖျာက ညစ်နေတာတွေကို မေ့ဖျောက်၍ သူနဲ့အတူတူကန်တင်းသွားတိုင်ဖြစ်သည်။ ဒီအချိန်ဆို ဖျာ့သူငယ်ချင်းတွေက lecture ဝင်နေကြပြီမို့ ဖျာနဲ့ သူသာ ကန်တင်းမှာ နှစ်ယောက်တည်းထိုင်နေကြတာဖြစ်သည်။ ဖျာ့လိုပဲ သူက နက်စ်ကော်ဖီမှာကာ ဖျာ့ ကော်ဖီကို သူပဲ ဂရုတစိုက်ဖျော်ပေး၊ ဖျာ့အနားကပ်ထိုင်ကာ ဖျာ့ကိုပဲ စိုက်ကြည့်နေတာကြောင့် ဖျာက မနေတတ်စွာ ခေါင်းအသာလွှဲ၍ ...

"ဘာဖြစ်နေတာလဲ။ တခြားဝိုင်းတွေက တစ်မျိုးထင်နေဦးမယ်"

"တစ်မျိုးထင်ပစေပေါ့။ ဖျာနဲ့ကိုယ်က အရင်လိုမှ မဟုတ်တော့ပါ"

"အာ ... နားငြီးတယ်။ ဘာတွေပြောနေတာလဲ"





"ဖျာ ... အခုလို အခြေအနေလေးက အရမ်းမြတ်နိုးစရာ ကောင်းတယ်။ ဖျာက ချစ်စရာကောင်းတယ်။ စိတ်ညစ်စရာတွေရှိရင် ပျော်ရွှင်စရာတွေရှိရင် ကိုယ့်ကိုဝေမျှပါ။ ဖျာ့ရဲ့ရင်ဖွင့်ဖော်ပေါ့။ ပြီးတော့ ဖျာနဲ့ စိတ်ချင်းအနီးစပ်ဆုံး ချစ်သူ။ အဲဒါ ကိုယ်ပဲ"

ဖျာရဲ့စိတ်တွေဟာ သူက အပြောကောင်းလို့ပဲလား တော့မသိ။ ဖျာ့ရင်ထဲမှာ ငြိမ်းချမ်းသွားရပါသည်။ ချစ်သူတွေဆိုတာ ဒါမျိုးကိုပြောတာလား။ ဖျာက နှုတ်ခမ်းကို အသာဖိကိုက်၍ တွေတွေကြီး ငေးလို့နေစဉ်မှာ သူက ဖျာ့လက်ဖျားထိပ်လေးကို ခပ်ဖွဖွဆုပ်ကိုင်လိုက်ရင်း ...

"ဖျာ အခုချိန်မှာ စိတ်ညစ်နေမယ်ဆိုတာ ကိုယ်သိပါတယ်။ ကိုယ့်ကို ဖျာ့စိတ်ထဲမှာ တကယ်ချစ်လာနိုင်တဲ့အထိ ကိုယ် စိတ်ရှည်လက်ရှည် စောင့်နိုင်ပါတယ်။ ဖျာ ... ကိုယ့်ကို စိတ်ညစ်စရာတွေ ဝေမျှပါနော်။ ကိုယ် ဖြေရှင်းပေးနိုင်မှာပါ"

ဖျာ မခံချင်စိတ် ဒေါသတွေကြောင့် သူ့ကိုအဖြေပေးတယ်ဆိုတာ သူက ရိပ်မိတယ်။ ဖျာသည် စိတ်ထဲမှာ ငိုချင်



www.burmeseclassic.com

www.burmeseclassic.com



သလိုကြီး ဖြစ်လာသည်။ ဗျာလည်း ဒုက္ခပါပဲ။ အချစ်ကြောင့်ပဲ ဒုက္ခများနေရတယ်။

"ဗျာ ... ကိုယ့်ကို ရည်စားတော့ တော်ခွင့်ပေးမှာလားဟင်"

ဗျာက သူ့ကို ခပ်ပါးပါးလေး ခေါင်းညိတ်ပြလိုက်သည်။ ဗျာ အိမ်မှာမကြည်တဲ့စိတ်တွေအတွက် ထွက်ပေါက်အဖြစ် ရည်းစားထားလိုက်မိသည်။ ဗျာ့ရည်းစားဟာ မေမေ အင်မတန်ကန့်ကွက်လှပါချည်ရဲ့ဆိုတဲ့ ရွှေဘုန်းဂါပဲဖြစ်သည်။ အဲဒီအတွက် ဗျာဟာ မှားသည် မှန်သည် မစဉ်းစားပါဘဲ သူ့ကို စိတ်ထွက်ပေါက် လုပ်မိခဲ့သည်။

♥ ✦ ♥





ရွှေဘုန်းဂါသည် ဗျာ့ကို အတန်းထိပ်သို့ လိုက်ပို့ပြီးတာနှင့် ကျောင်းကို ပြန်သွားဖို့ လုပ်ရသည်။ ဒီကာလမှာတော့ သူ့ကားလေးဟာ I.M(1) နဲ့ (2) ကို တောက်လျှောက်ခရီးနှင်ရမှာဖြစ်သည်။ မနက်ခင်းတွေဆို ဗျာ့ကို ကျောင်းလိုက်ပို့ပေးရတာကိုက သူ့အတွက် ဂုဏ်ယူစရာပဲဖြစ်သည်။ သူနှင့် ဗျာ အခုလိုမြန်မြန်ဆန်ဆန် ရည်းစားဖြစ်သွားတာကတော့ ယုယကိုပဲ ကြေးဖန်ကျေးဇူးတင်ရပေမည်။ အခုတလောမှာ ငြိမ်ချက်သားကောင်းပြနေသည့် ယုယကို သူက ထူးဆန်းနေတယ်လို့တော့ စိတ်ထဲထင်မိသည်။ ဒီပွဲဟာ လွယ်လွယ်လေးနဲ့ ပြီးမသွားဘူးဆိုတာ သူသိသည်၊

ပြီးတော့ ဒေါ်မိမိချို။ သူ့ကို ပြတ်ပြတ်သားသား ကြိမ်းထားတာမို့ ဒေါ်မိမိချိုရဲ့သဘောထားကို သူက သိပြီးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဗျာ့အနားကနေ မောင်းထုတ်ချင်နေသည့် လူတွေကြားထဲကနေ သူက ဗျာ့အချစ်ကို ရအောင်ယူနိုင်ပါမှ ပိုပြီးအဓိပ္ပာယ်ရှိလေသည်။ ဂါသည် အတွေးမျိုးစုံနဲ့ ကားမောင်းလာနေစဉ်မှာပဲ တိုက်တိုက်ဆိုင်ဆိုင်ပင် ဒေါ်မိမိချိုဆီက ဖုန်းဝင်လာလေသည်။

"မင်းနဲ့ငါ တွေ့ချင်တယ် ရွှေဘုန်းဂါ။ မင်း အခု ဘယ်မှာလဲ"

နားထောင်ရတဲ့ tone က အသံမာမို့ သူက ခဏရှောင်လိုက်ဖို့ စဉ်းစားမိကာ ...

"ကျွန်တော်က ကျောင်းမှာခင်ဗျ။ အန်တီ တွေ့ချင်တယ်ဆိုရင် ညနေလောက်မှ ကျွန်တော် လာတွေ့လို့ရမယ်"

"ရွှေဘုန်းဂါ ... မင်း ဇဝေလည်ကြောင်ပတ်တွေ လုပ်ပြမနေနဲ့။ ဒီမှာ ငါ့ကို မနက်တွေ ညတွေ ခွဲပြမနေနဲ့။ တစ်ခါတည်း ပြောလိုက်မယ်။ မင်း ငါ့သမီးကို လုံးဝလာမပတ်သက်ပါနဲ့။ ပျို့ကဗျာမှာ လက်ထပ်ရမယ့်သူရှိတယ်။ ငါ အကုန်စီစဉ်ထားပြီးသား။ မင်း နှောင့်ယှက်ဖို့ မကြိုးစားပါနဲ့"





သူက နည်းနည်းဒေါကန်သွားတာကြောင့် ကားကို လမ်းဘေးချရပ်၍ ဖုန်းပြောတော့သည်။

"ဒီမှာခင်ဗျ၊ အန်တီ ကျွန်တော်လည်း မိကောင်းဖခင်သားသမီးပါ။ ကျွန်တော်တို့ လူငယ်တွေကြားထဲက ကိစ္စကို အန်တီ ဝင်စွက်ဖက်တာ များနေပြီ။ အန်တီ ကျွန်တော့်ကို ယုယုယကိစ္စနဲ့ ပတ်သက်ပြီး မကျေနပ်ဘူးဆိုတာ သိပါတယ်။ ဒါပေမဲ့ အန်တီ ဒီပုံအတိုင်းပဲ ချုပ်ကိုင်ဖို့ ကြိုးစားနေဦးမယ်ဆိုရင် ပြဿနာတွေက ဆက်ဖြစ်နေဦးမှာပါပဲ"

"ရွှေဘုန်းဂါ ... မင်းက ငါ့ကို စိန်ခေါ်တာလား"

"မဟုတ်ပါဘူး။ ကျွန်တော် တောင်းပန်တာပါ။ အခုဆို ဗျာက အန်တီ့ကြောင့် စိတ်ညစ်နေရတာ မဟုတ်ဘူးလား။ အဲဒါကြောင့် ကျေးဇူးပြုပြီး ..."

"မင်းပါးစပ်ကို ပိတ်ထားလိုက်စမ်း ရွှေဘုန်းဂါ။ ဒီမှာ မင်းနဲ့ ဘာဆိုင်လို့ မင်းက ဝင်ပြောနေရတာလဲ။ မင်း အခုချိန်မှာ ငါ့သမီးနဲ့ မပတ်သက်ဖို့ပဲ။ မင်းနဲ့ငါ သေချာတွေ့ပြီး စကားပြောရလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ကျွန်တော်ကလည်း အန်တီ့ကို စကားတွေပြောဖို့ ရှိပါသေးတယ်။ ကျွန်တော် ညနေလာခဲ့ပါ့မယ်"

ဂါသည် ဒေါ်မိမိချို့ကို ချိန်းလိုက်ပြီးနောက် သူဟာ လေပွေတစ်ချက်မှုတ်ထုတ်ရင်း ခေါင်းကို အသာမော့ထားလိုက်မိသည်။ ဗျာရေ ... မင်းကို ဒီအကျပ်အတည်းတွေ ကြားထဲကနေ လွတ်မြောက်အောင် ကိုယ်ဖန်တီးပေးပါ့မယ်ကွာ။

♥ ✦ ♥

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဗွစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

Facebook on "Mae Min Bon"





"သူက ဗျာချစ်သူပဲ နေဝန်း။ ရွှေဘုန်းဂါလို့ ခေါ်ပါတယ်။ ဂါ ... သူက နေဝန်းခတဲ့။ ယုယရဲ့မောင်လေးလေ"

သူနှင့် အဲဒီ နေဝန်းခ ဆိုတဲ့ဘဲကို တသီးတသန့်ဆုံကာ မိတ်ဆက်ပေးတယ် ဆိုကတည်းက အခြေအနေဟာ တစ်ခုခုတော့ ထူးနေမည်ဆိုတာ သူက တွက်ဆမိသွားသည်။ သူနှင့် နေဝန်းခက လက်ဆွဲနှုတ်ဆက်ကာ အသိမှတ်ပြုပြီးချိန်မှာတော့ သူ့ကို နေဝန်းခက စကားစပြောလေသည်။

"အင်းဗျာ ... တွေ့တာ ဝမ်းသာပါတယ်။ အခုတလော မှာ ခင်ဗျားနာမည်က ကျွန်တော့်နားထဲ ရောက်ရောက်နေတယ်ဗျ။ ခင်ဗျားနာမည်ကို ယုယလည်း ပြောတယ်နော်"

ဒါဟာ သူ့ကိုခနဲ့တဲ့စကားဆိုတာ သူက သိတာကြောင့် မထိတရိ အပြုံးဖြင့်ပင် ပြန်ချေပရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အခုလို ကျွန်တော့်ကို နာမည်အရင်ကြား ဖူးထားတော့ ခင်ဗျား ပိုမှတ်မိသွားတာပေါ့။ တွေ့ရတာ ဝမ်းသာပါတယ်"

"ကဲ ... ကဲ ... ဂါ ... တစ်ခုခုမှာဦးလေ"

သူတို့စကားတွေကို ဗျာက ဖြတ်ပြောကာ စကားစ ဖြတ်ပေးလိုက်လျှင် နှစ်ယောက်လုံး အတန်ငယ်တော့ ငြိမ်သက် သွားလေသည်။

"ဗျာ ... ကိုယ့်ကို တစ်ခုလောက် ကူညီပေးပါလား။ ကိုယ် မင်းရဲ့ချစ်သူနဲ့ နှစ်ယောက်တည်း စကားပြောချင် တယ်။ မင်း ဒီလောက်တော့ ကိုယ့်ကိုအခွင့်အရေးပေးသင့် ပါတယ်။ မဟုတ်ဘူးလား"

နေဝန်းခ စကားကြောင့် ဗျာက သူ့မျက်နှာကို တစ်ချက်လှမ်းကြည့်လေသည်။ သူက ဗျာ ဘာကိုဆိုလိုချင်လဲ ဆိုတာ သဘောပေါက်စွာဖြင့် ဗျာ့ကို ခေါင်းအသာဆတ်ပြလိုက် သည်။ ခွင့်ပြုလိုက်ပါဆိုသည့် သဘောဖြစ်တာကို ဗျာက နားလည် စွာဖြင့် သူတို့ဝိုင်းကနေ ထလိုက်ကာ ရှောင်ပေးလေသည်။ ဗျာ





ထွက်သွားတာနဲ့ သူနှင့် နေဝန်းခ နှစ်ယောက်တည်း ကျန်ခဲ့သော ဝိုင်းဟာ စတင်အသက်ဝင်လှုပ်ရှားလာတော့သည်။

"ကဲ ... ပြောပါ နေဝန်းခ။ မင်း ဘာပြောချင်တာလဲ"

"ငါက ဗျာနဲ့ မကြာခင်မှာ လက်ထပ်တော့မယ့်သူဆိုတာ မင်း သိထားလား ရွှေဘုန်းဂါ"

ဂါသည် နေဝန်းခကို ဟက်ခနဲ တစ်ချက်ရယ်လိုက် ရင်းက တကယ့်ကို သပွတ်အူလည်နေသည့် ဇာတ်ရှုပ်ကိုလည်း သေသေချာချာနီးပါး သဘောပေါက်သလို ရှိလာတော့သည်။ သူ အရင်က ဗျာ့ရဲ့ boy friend အဖြစ် သတိထားမိလေသော နေဝန်းခဟာ ယုယရဲ့မောင်တဲ့။ ဒေါ်မိမိချိုဟာ ယုယကို အဝေးလွင့်သွားအောင် ဘာလို့လုပ်တယ်ဆိုတာ သူသိလိုက်ပြီ ဖြစ်၏။

နေဝန်းခကို ဗျာနဲ့ အဆင်ပြေပြေ စီစဉ်နိုင်အောင် သူ့ကို အသုံးချလိုက်တာပဲဖြစ်သည်။ အခုတော့ သူနဲ့ နေဝန်းခဟာ ရည်းစားလုဖက် ဒီဗိုင်းဖြင့် အခါးဘက်ကို ဦးတည်နေကြတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါကလည်း ဗျာ့ချစ်သူပဲဆိုတာ မင်းနားလည်ထားပါ။ မင်း ဘာကို ဆိုလိုချင်တာလဲ၊ တဲ့(ဒဲ့)ပြောပါ"

"ဟုတ်ပြီ ... မင်းကို ငါ တဲ့ပဲပြောတော့မယ်။ မင်းလို ငရှပ်ကို ဗျာ့အမေကလည်း သဘောတူမှာ မဟုတ်ဘူး။ မင်းကိုယ်မင်း ဘာပြစ်ချက်ရှိထားသလဲဆိုတာ သဘောပေါက်စမ်းပါ။ မင်းနဲ့ ယုယ ပတ်သက်တယ်ဆိုတာ ငါ သိတယ် ဟေ့ကောင်"

အရေးမပါတာတွေကို အရာပေးစကားပြောနေသော နေဝန်းခကို သူက ပြုံးစစမျက်နှာထားဖြင့်မင် ပြန်ကြည့်ကာ ခေါင်းအသာယမ်းမိသည်။ တကယ်တော့ သနားစရာ အကောင်းဆုံးက နေဝန်းခပဲ ဖြစ်လို့သွားသည်။ ကြည့်ရတာ ယုယက နေဝန်းခတစ်ယောက် ဗျာ့ကို စိတ်ပျက်စေဖို့ တစ်ချက်ခုတ်နှစ်ချက်ပြတ်နည်း သုံးသွားတာဖြစ်မည်။ ဒီလောက်ကတော့ သူက သနားတယ် ပြောရမည်။

"ဒီကိစ္စက ရှောခ်မရှိပါဘူး။ ငါ့ကို ဒီနည်းလောက်နဲ့တော့ တားဆီးလို့ရမှာ မဟုတ်ဘူး။ ဒီခေတ်မှာ လူကြီးတွေ





သဘောမတူရင် ခေးရမယ်ဆိုတဲ့ အယူအဆမရှိတော့သလို လူကြီးတွေ သဘောတူတာနဲ့ ညားရတယ်ဆိုတဲ့ ခေတ်လည်း မရှိတော့ဘူး။ မင်း အဲဒီတော့ ငါ့ကို နောက်ဆုတ်ပေးပါလို့ မပြောနဲ့။ ဗျာနဲ့ ပတ်သက်ရင် လုံးဝနောက်ဆုတ်ဖို့ ဆန္ဒမရှိဘူး"

"ဟား ဟား ... အဲဒီစကားကိုတော့ ကြိုက်သွားပြီ။ ကောင်းပြီ ... ရှေ့ဘုန်းဂါ၊ မင်းနဲ့ငါ အကဲစမ်းကြတာပေါ့။ ငါ့ဘက်က နောက်က ဘက်ဂရောင်းအပြည့်ပဲ။ မင်းဘက်မှာ ဗျာပဲရှိနေတယ်၊ ဗျာက အားလုံးကိုစွန့်လွှတ်ပြီး မင်းကို ရွေးလောက်အောင် သူ သတ္တိရှိမလားဆိုတာ မင်း စောင့်ကြည့်လိုက်လေ ..."

ငါကတော့ ငါ့ဘက်က လုပ်စရာရှိတာကို ဆက်လုပ်မှာပဲ။ ပို့ကဗျာနဲ့ အမြန်ဆုံးလက်ထပ်ဖို့ စီစဉ်တော့မယ်ဆိုတာ မင်းသိအောင်ပြောဖို့ ဒီနေ့ ငါတို့တွေ့တာပဲ"

"welcome ပါ။ မင်းလည်း မင်းလွတ်လပ်ပိုင်ခွင့်နဲ့ ကြိုးစားခွင့် ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားအဆုံးမှာ နေဝန်းခက သူ့ကိုစိန်ခေါ်နေ သည့် မျက်လုံးတွေဖြင့် စေ့စေ့ကြည့်ကာ ထထွက်သွားလေသည်။ ဘဲကြီးကြည့်ရတာ ဗျာ့ကို လုံးဝလက်လွှတ်ခံမယ့်ပုံ မပေါ်ပေ။ ဗျာက သူ့ဆီကို ပြန်ရောက်လာကာ စိုးရိမ်တကြီး မျက်ဝန်းတွေ ဖြင့်ကြည့်ကာ ...

"သူ ... သူ ဘာတွေပြောသွားတာလဲဟင်"

"ဘာမှစိတ်ပူနေစရာ မလိုပါဘူး ဗျာရယ်။ သူက မင်း ချစ်သူမှ မဟုတ်တာ"

ဗျာက သူ့ကို တွေဝေငေးမောစွာ ကြောင်ပြီးကြည့် နေလေသည်။ သူ့ကို အံ့အားတသင့် ဖြစ်နေပုံရပါသည်။ ဂါသည် ဗျာ့ကို အပြုံးတစ်ခုဖြင့် မေးလိုက်လေသည်။

"ဘာတွေ အံ့အားတသင့် ဖြစ်နေတာလဲ ဗျာရယ်။ မင်း ဘာတွေစိတ်ပူနေတာလဲဟင်"

ဗျာက သူ့ကို သက်ပြင်းမောတစ်ခုကို ဟူးခနဲ မှုတ်ထုတ်ချကာ လေးတိလေးကန် ပြန်ဖြေလေသည်။





"ဗျာ့မှာ တကယ့်ကို စိတ်ညစ်စရာတွေချည်းပါပဲ။ နေဝန်းက ယုယရဲ့မောင်ဝမ်းကွဲလေ။ မေမေက ဗျာနဲ့ သူ့ကိုသဘောတူထားတယ်။ ဒါပေမဲ့ ယုယကတော့ ခါးခါးသီးသီးပေါ့။ အခု ရှင်နဲ့ ဗျာ ဘယ်လိုပတ်သက်ကြတယ်ဆိုတာ ယုယက သိသွားတော့ အိမ်ကလူတွေကို ချွန်လိုက်တယ်လေ။ နေဝန်းတင်မကဘူး။ အဲဒီကိစ္စကို မေမေပါ သိသွားပြီ ...

အိမ်မှာက ပြဿနာတွေက အရမ်းရှုပ်နေတယ် ဂါရဲ့။ မေမေသိသွားတာတော့ ပိုဆိုးတာပေါ့။ အဲဒါတွေ အားလုံး ယုယုယကြောင့်ပဲ။ ပြီးတော့ မေမေက ရှင့်ကို ခါးခါးသီးသီးပဲ။ ယုယ စနက်ပဲ နေမှာပေါ့"

ဗျာက သူ့ကို အဲဒီလို ကန့်သတ်ထားတဲ့ ချုပ်ချယ်မှုဘောင်ကြီးကို အတော်ခါးသက်နေပုံရသည်။ ပြီးတော့ ဗျာ့စိတ်ထဲမှာ ဒီကိစ္စကြီးဖြစ်ရတာဟာ ယုယကြောင့်လို့ပဲ သတ်မှတ်ထားပုံရ၏။ အဲဒါကြောင့် သူဟာ အမုန်တရားတစ်ခုကို ထုတ်ဖော်ဖို့ ဗျာ့လက်ဖျားလေးကို ဆုပ်ကိုင်လိုက်ရင်းက ဝန်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ့ကို ကိုယ် အရမ်းချစ်မိသွားတယ်ဆိုတာ ဗျာ ခံစားတတ်ရင် သိမှာပါ။ အဲဒါလေးတစ်ခုတော့ ဗျာ ယုံပေးပါနော်"

"ဂါ ဘာပြောချင်လို့လဲ"

သူ တစ်ခုခုပြောချင်တယ်ဆိုတာ အာရုံရနေတဲ့ ဗျာက သူ့ကို စူးစမ်းသလိုလေးမေးလျှင် သူက ဗျာ့မျက်နှာလေးကို ငေးရင်းက ဖြေမိသည်။

"ဗျာ့အိမ်တွင်းရေးကိစ္စတွေကို ကိုယ် တိတိကျကျတော့ မသိပါဘူး။ ဒါပေမဲ့ ကိုယ်နဲ့ ဗျာ့ကိစ္စကို ဗျာ့အမေ သိသွားတာကတော့ ကိုယ့်ကိုယ်တိုင်ပဲ ပြောလိုက်တာ"

"ရှင် ... မေမေနဲ့ ဂါက သိတယ်လား"

အရမ်းကို ဆပ်ပ်ပရိုက်စ်တွေ ဖြစ်သွားပုံရသော ဗျာ့ကို သူက သေချာနားဝင်အောင် ရှင်းပြရလေသည်။

"အင်း ... ဗျာ အရမ်းအံ့သြနေလိမ့်မယ်။ ပြီးတော့ ကိုယ် ဒီစကားပြောပြီးသွားရင် ဗျာ့ကိုယ်ကို အထင်သေးသွားနိုင်တယ်။ မုန်းသွားနိုင်တယ်။ ဒါပေမဲ့ ကိုယ်ပြောပြဖို့ ဆုံးဖြတ်လိုက်ပြီ ...





တကယ်တော့ ယုယနဲ့ကိုယ် ရည်းစားဖြစ်သွားအောင် လုပ်ခိုင်းတာ ဗျာ့အမေပါ"

"ဟင်"

"သူနဲ့ကိုယ့်ကြားမှာ ရှုပ်ရှိလိုက်တာကတော့ ကိုယ်က ယုယကို ဖြတ်မယ်ဆိုတော့ အန်တီက လက်မခံဘူး။ ကိုယ် ဘာကြောင့်ဆိုတဲ့ အဖြေကို အန်တီ့ကို ပြောပြလိုက်တော့ သူတော်တော်ပေါက်ကွဲသွားတယ်။ ယုယနဲ့ အန်တီ ကြားထဲက ကတောက်ကဆမှာ ကိုယ်က ဝင်ပတ်သက်နေတဲ့သူတစ်ယောက် ဖြစ်နေတယ်ဗျာ။ ဒါကြောင့် ဗျာ့ကို နေဝန်းခနဲ့ အမြန်ဆုံးစီစဉ်တာ"

သူ့စကားအဆုံးမှာ ဗျာက တစ်ခုခုကို စဉ်းစားနေဟန်ဖြင့် ဘာစကားမှ မဆိုသေးပေ။ သူဟာ ရိုးသားချင်တာကြောင့် ဗျာ့ကို ဝန်ခံတယ်ဆိုပေမယ့် ဗျာဟာ အခုထိ ဘာမှပြန်လည်တုံ့ပြန်မှု မရှိသေးတာဟာ ပိုရင်မောရလေသည်။

"ကိုယ် ဗျာ့ကို ချစ်မိသွားတာက သပ်သပ်ပါ။ ယုယနဲ့ ဗျာတို့ကြားက ပတ်သက်မှုကို မသိခင်ကတည်းက ဗျာ့ကို ချစ်မိခဲ့တာပါ။ ဒါပေမဲ့ ကိုယ်က ဗျာ့အတွက် ..."



www.burmeseclassic.com

www.burmeseclassic.com



"မေမေနဲ့ ရှင် ဘယ်အချိန်ကတည်းက သိတာလဲ"

ဖျာက သူပြောတဲ့စကားကို ဆုံးအောင်နားမထောင်ဘဲ သူမ သိချင်တာကို အရင်ဆုံး ဖြတ်မေးလေသည်။

"ကိုယ် ရန်ကုန်ရောက်ခါစအချိန်က သိတာပါ"

"မေမေက ယုယကို လိုက်ပေးပါဆိုတာကို ရှင် ဘာလို့ လက်ခံတာလဲ"

ဖျာ့အမေးကို သူက ရင်ထဲကလာတဲ့ အမှန်အတိုင်း ဖြေပေးလေသည်။

"ယုယကို ကိုယ် စိတ်ဝင်စားခဲ့ဖူးပါတယ်။ ကိုယ့်အတွက် အပန်းတကြီးကိစ္စ မဖြစ်လောက်ဘူး ထင်တာကြောင့် လက်ခံလိုက်တာပါ။ ဒါပေမဲ့ ကိုယ့်စိတ်နဲ့ ကိုယ့်ကိုယ် ယုယကို လိုက်ဖို့ ဖြတ်ဖို့ ဆုံးဖြတ်ခဲ့တာပါ"

"အင်း ... ပြန်ကြရအောင်လေ"

ဖျာက ထိုင်နေရာမှထကာ သွားတော့မယ် ဟန်ပြလျှင် သူက အသည်းအသည် ပိုက်ဆံရှင်းကာ ဖျာ့နောက်ကို လိုက်ရလေသည်။





"ဖျာ ... ကိုယ့်ကို တစ်ခုခု ပြန်ပြောပေးပါဦး"

ဖျာက လမ်းလျှောက်နေတာကို တုံ့ခနဲရပ်လိုက်ကာ သူ့ဘက်သို့ မျက်နှာလှည့်လာသည်။

"ဘာကို ပြော့ရမှာလဲ"

"မဟုတ်ဘူးလေ ... ကိုယ့်ကိုထားတဲ့ သဘောထားလေး"

အဲဒီအချိန်မှာ မိုးစက်လေးက ခပ်ပါးပါး ကျလာသည်။ ဖျာက ကောင်းကင်ကြီးကို မော့ကြည့်ရင်းကနေ သူ့ဆီကို မျက်လုံးအကြည့်က ပြန်ရောက်လာသည်။ ပြီးတော့ ... ကောင်းကင်ကြီးကို လက်ညှိုးညွှန်ပြကာ ...

"မိုးရွာတော့မယ်၊ ထီးပါတယ်မှလား။ လိုက်ပို့ပေးလေ" ဟား ...။

သူ အရမ်းကို ရင်ခုန်သွားရလေသည်။ ချက်ချင်းပင် အိတ်ထဲက ထီးလေးကိုထုတ်ကာ ဖျာနဲ့အတူတူ ဆောင်းလိုက်၏။ တိုက်ဆိုင်စွာပင် ဖျာနဲ့တူယှဉ်တွဲ ထီးဖွင့်ဆောင်းစဉ်မှာပဲ မိုးက ဝေါခနဲ ရွာသွန်းချလေသည်။ မိုးသည်းကြားမှာ သူက ဖျာ့အနား ကပ်ကာ ဖျာကြားအောင် မေးရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကိုယ့်ကို ဗျာ ရည်းစားအဖြစ်က မရပ်စဲဘူးပေါ့ နော်"

သူ့ရဲ့မဝံ့မရဲအမေးကို ဗျာက ပြုံးတုံ့တုံ့ပုံစံလေးဖြင့် ပြန်ဖြေလေသည်။

"အချစ်ဆိုတာ မိုးရေစက်တွေလိုပဲ။ လုံခြုံအောင် ထီးဆောင်းထားလည်း ကိုယ့်ကို ရေစက်လေးတွေ လာစဉ်တာပဲလေ။ အဲဒီ သဘောတရားကို နားလည်တဲ့သူဆိုရင် မိုးရေစက် တစ်ဝက် လာစဉ်သွားတဲ့ ဖီလင်ကို သဘောပေါက်မှာပါ။ အဟင်း ... ရှင်ကလည်း ဗျာ့ကို လာစဉ်စေတဲ့ မိုးရေတစ်စက်ပေါ့ ... နော်"

ဗျာ့စကားကြောင့် သူဟာ အခုချက်ချင်းပင် ဗျာ့လက်ကိုဆွဲကာ ဗျာနဲ့အတူ မိုးနတ်သားဆီကိုသွားပြီး ကျေးဇူးတင်ကြောင်း သွားပြောချင်စိတ်ပေါက်သည်အထိ အပျော်တွေကလွှမ်းနေတာဖြစ်သည်။ အခုဆိုရင် ဗျာနဲ့သူ့နှလုံးသားနှစ်ခုဟာ မိုးရေတွေကြားထဲမှာ စည်းချက်ညီစွာ မှန်နေသော သီချင်းတစ်ပုဒ်လို ကဗျာဆန်သွားလေ၏။

♥ ✦ ♥



The Early Bird BOOK RENTAL HOUSE



## ၁၄

"ဒါ ကျောင်းကပြန်လာတဲ့ အချိန်လား ဖျို့ကဗျာ"

ဗျာ ကားပေါ်က ဆင်းဆင်းချင်းမှာ ဗျာ့ကိုဆူဖို့ ပေါ်တီကိုမှာ အဆင်သင့်စောင့်နေတဲ့ မေမေက မေးလည်းမေး ဗျာ့လက်မောင်းတစ်ဖက်ကိုလည်း ဆွဲကိုင်ကာ ဗျာ့ကို ခြံထဲက ပန်းရုံလေးနားအထိ ဖွတ်ခေါ်လာ၏။

"မေမေ ဘာပြောမလို့လဲ"

"နင် ဒါ အခု ဘယ်ကပြန်လာတာလဲ ဖျို့ကဗျာ"

ခပ်မာမာလေသံနဲ့ မေးတာကြောင့် မေမေ ဗျာ့ကို တော်တော်ဒေါသထွက်နေတယ်ဆိုတာ သိရသည်။ ဒါပေမဲ့ ဗျာ့စိတ်ထဲမှာ မကြည်ဓာတ်က ရှိနေသေးတာမို့ ဗျာက လိုရင်းတိုရှင်းပဲ လိမ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ ဆေးရုံမှာ ဆင်းရတာ။ အဲဒါ ဆရာမနောက်လိုက် ရတဲ့ အသုတ်ထဲ ပါသွားလို့"

"မဟုတ်ပါဘူး၊ ညည်း အခု Zephyr က ပြန်လာတာ မဟုတ်ဘူးလား"

မေမေ့စကားကြောင့် နေဝန်း အိမ်ပြန်ရောက်ပြီး မေမေ့ကို အကုန်ပြောလိုက်တယ်ဆိုတာ ဇွဲ့ သိလိုက်ပြီဖြစ်သည်။ နေဝန်းနဲ့ ဂါ စကားပြောပြီး နေဝန်း အပြင်ထွက်လာတော့ ဇွဲ့ ကို ပြန်လိုက်ခဲ့ဖို့ ခေါ်တာကို ဇွဲ့က "ဇွဲ့ချစ်သူကို တစ်ယောက်တည်း မထားခဲ့ချင်ဘူး"ဆိုတဲ့ စကားအပေါ် အကျကောက်ပြီး မေမေ့ကိုပြောတာဖြစ်မှာ။

"ဟဲ့ ... မေးနေတာ ဖြေလေ"

မေမေ ထပ်ငေါက်လိုက်မှ ဇွဲ့က မေမေ့မျက်လုံးတွေကို အကြည့်လွှဲကာ ငြင်းလို့ရသမျှ ဆက်ငြင်းလိုက်သေးသည်။

"မဟုတ်ပါဘူး"

"လိမ်မနေစမ်းနဲ့ဇွဲ့၊ ငါ့ကို နေဝန်း အားလုံးပြောပြတယ်။ နင် ဘာအရူးထတာလဲ။ နေဝန်းကို ဘာကိစ္စပေးတွေ့တာ





လဲ။ ပြီးတော့ နင့်ကို ဒီကောင်နဲ့ မပတ်သက်ဖို့ ပြောထားပြီးသားလေ"

မေမေက အားလုံးသိနေတာကြောင့် ဇွဲ့က မငြင်းတော့ဘဲ မေမေ့ကို ရင်ဆိုင်ပစ်လိုက်သည်။

"ရွှေဘုန်းဂါနဲ့ ယုယုယကို မေမေက ဘာရည်ရွယ်ချက်နဲ့ စီစဉ်လိုက်တာလဲ"

"သြော် ... သိလာခဲ့ပြီကိုး။ အေး ... ဟုတ်တယ် ... ငါ စီစဉ်တယ်။ ယုယနဲ့ 'အဲဒီကောင် တွဲနေတဲ့ အချိန်တုန်းက ဒီမိန်းမ အိမ်ကပ်သလား။ သူ့စိတ်တွေ ဒီအိမ်ကြီးကို အာရုံမစိုက်နိုင်အောင် လွှဲခိုင်းထားတာလေ။ သမီးနဲ့ နေဝန်းကို သူ ဘယ်လိုမှ ဖျက်လို့မရအောင် ငါ ရွှေဘုန်းဂါကို ခိုင်းထားတာ"

ဇွဲ့က စိတ်ပျက်စွာဖြင့် ကျစ်ခနဲ စုပ်သပ်သည်။

"မေမေ ... သမီးကို ဘာလို့ မပြောတာလဲ။ ဇွဲ့ ယုယုယကို မုန်းတာမှန်ပေမယ့် သူ့မောင်ကိုရဖို့ အဲဒီနည်းလမ်းနဲ့ ပ,ထုတ်တယ်ဆိုတာ အရှမ်းအောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မရှည်နဲ့။ နင် နေဝန်းခနဲ့ နီးစပ်ဖို့ ငါ စီစဉ်တာ။ ဗျာ ကိုယ်လိုချင်တာကို ဖန်တီးပြီးရအောင်ယူတာကိုမှ အရည်အချင်းလို့ခေါ်တာ။ ညည်းသာ ရွှေဘုန်းဂါနဲ့ မပတ်သက်နဲ့။ ပဲကြီးလှော်ကြားက ဆားညပ်အောင် နင် ဝင်ရှုပ်မနေနဲ့။ ညည်း ယူရမှာ နေဝန်းကိုပဲ"

မေမေရဲ့အဓိကပစ်မှတ်က နေဝန်းကို ထားနေတာအတွက် အခုလို လုပ်လိုက်ရတဲ့အခါ ဗျာ့မှာ တကယ်ရှက်ဖို့ကောင်းလှ၏။ မေမေ့သမီး ဗျာဟာ လုံးဝအဖတ်ဆယ်လို့ မရအောင် သိက္ခာတွေ ကျဆင်းမှာကိုလည်း မေမေ စဉ်းစားမပေးဘူး။

"မေမေ ... သမီး နေဝန်းကို လက်မထပ်နိုင်ဘူး။ သမီး စိတ်နဲ့ ဆုံးဖြတ်ပိုင်ခွင့်ပေးပါ"

"တော်လိုက်တော့ ... သွားပြီ ... နင့်စိတ်ဓာတ်။ ဂျစ်ပစီနဲ့တွဲပြီး လမ်းဘေးအတွေးအခေါ်တွေနဲ့ လာပြောမနေနဲ့။ နင့်ကို သင်ပေးထားတဲ့ ပညာတွေနဲ့ ပညာတတ်ဆန်စမ်းပါ။ ဗျာ ... နေဝန်းကို လက်ထပ်လိုက်တာနဲ့ အားလုံးပြီးပြီ။ ယုယုယ တစ်ယောက် ဆွေ့ဆွေ့ခုန်နေမှာ။ ဒီလောက်ကောင်းတဲ့ဝွင်ကိုရဖို့ ဘာတစ်ခုမှ အမှားမခံနိုင်ဘူး"





"စဉ်းစားကြည့်ရင် ယုယုယလည်း မမှားပါဘူး မေမေ။ တကယ်မှားနေတာ ဗျာတို့။ ယုယုယက သူပိုင်ဆိုင်ပြီး ဟစ်ကြွေးနိုင်လောက်အောင် တကယ်ရှိကြတယ်။ ဗျာ့အနေအထားနဲ့ မတူဘူး မေမေ။ ဗျာ ယုယကို မုန်းတာမှန်ပေမယ့် မေမေ အဲဒီလိုလုပ်တဲ့ကိစ္စကိုတော့ ဗျာ လက်မခံဘူး ...

ဗျာ ... ရွှေဘုန်းဂါနဲ့ ဘာလို့တွဲနေသလဲ မေမေသိလား။ ဗျာတို့သားအမိက ငွေသိပ်မက်နေတဲ့သူတွေလို့ သူ မြင်သွားမှာစိုးလို့။ အားလုံးက သူတို့ဆိုးတာကို မသိဘူး မေမေ။ မေမေ့ကိုလည်း ဗျာ ခေတ်အဆက်ဆက်က မိထွေးလိုမျိုး မဖြစ်စေချင်ဘူး။ သမီးကို ဘာမှဆက်မခိုင်းပါနဲ့တော့ မေမေရယ်"

ဗျာ့စကားအဆုံးမှာ မေမေက ဗျာ့ကို ဟားတိုက်ရယ်မောကာ ...

"ပျို့ကဗျာ ... သွားပြီ။ ညည်း အတွေးတွေ ဦးနှောက်တွေ တစ်ခုမှ အသုံးမကျတော့ဘူး။ ဘာလဲ ... ငါ့ကို အချိုသပ်ပြီးမှ နင်လုပ်ချင်တာကို လုပ်မယ်ဆိုတဲ့ သဘောလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မေမေရာ။ ပိုနေမြဲ ကျားနေမြဲပဲ နေကြရအောင်ပါ။ သမီးတို့ အရင်လိုနေရအောင်ပါ"

"တော်တော့ ... ငါ့ကို မဟုတ်တမ်းစကားတွေ လာပြောမနေနဲ့။ ဒီမျာ ဗျာ၊ နင့်ခေါင်းထဲမှာ စွဲနေအောင်မှတ်ထား။ နေဝန်းကိုပဲ လက်ထပ်ရမယ်။ ယုယုယ ဦးကျိုးသွားဖို့ ညည်း မော်နေနိုင်ဖို့ နေဝန်းကို ယူရမှာပဲ။ ဒါ ငါ့အမိန့်ပဲ"

မေမေက ဗျာ့ကို အပြတ်အမိန့်ထုတ်လိုက်ကာ ဗျာ့ရှေ့က ထွက်သွားလေတော့သည်။ တစ်ယောက်တည်း ကျန်နေခဲ့သော ဗျာက ဒါန်းလေးပေါ်မှာ ထိုင်နေရင်းက ကောင်းကင်ကြီးကို မော့ကြည့်လိုက်သည်။ ဗျာ့စိတ်နဲ့ဗျာ ပျော်ရွှင်မှုရှိတဲ့အချိန်ဟာ ဒီအိမ်ထဲမှာ မရှိဘူးဆိုတာ ဗျာ သေချာသိနေချိန်မှာ ဗျာဟာ အဝေးဆုံးကို ထွက်သွားချင်စိတ် ပေါက်လာလေသည်။

♥ ✦ ♥





ယုယသည် Fashion catalogue စာအုပ်ကို စိတ်မပါလက်ပါ လှော်ကလှန်ကြည့်နေရင်းက ပျင်းလာတာနှင့် သီချင်းဖွင့်ကာ မိတိုးကို ခြေထောက် spa စိမ်ဖို့ စီစဉ်ခိုင်းလိုက်သည်။ ဒီတလောမှာ ယုရဲ့စိတ်တွေဟာ တစ်စက်ကလေးမှ ကြည်လင်မှုမရှိချေ။ အလိုမကျမှုတွေ ဒေါသတွေ ပေါင်းစု၍ ယုယရဲ့မျက်နှာဟာ အမြဲလိုလို တင်းထန်နေတာဖြစ်သည်။

"ဟဲ့ ... မိတိုး၊ ဟိုမိန်းမတွေ ဘယ်သွားလဲ"

"အန်တီမိက မနက်ကတည်းက ဦးနဲ့အတူတူသွားတယ်။ ဟို ... မမလေးဗျာကတော့ ကျောင်းသွားတယ်ထင်တယ်"

ဟင်း ... အရှုပ်တွေမရှိ အေးတာပဲ။ ယုယက ခပ်ချဉ်ချဉ်တွေးလိုက်ပြီး လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒါနဲ့ နေဝန်း ကုမ္ပဏီသွားပြီလား"

"ဟုတ် ... မမလေး၊ သွားပြီထင်တယ်။ မမလေးဗျာနဲ့ အတူတူ ထွက်သွားတာပဲ"

"ဘာ"

ယုယဒေါသက ငယ်ထိပ်တက်ဆောင့်လေသည်။ ကြည့်စမ်း ... ပျို့ကဗျာဆိုတဲ့ မိန်းမဟာ တော်တော်ကို ခြေသွက်နေတာပဲ။ ယုယသည် ဒေါသတကြီးဖြင့် နေဝန်းခဆီကို ဖုန်းဆက်လျှင် စက်ပိတ်ထားသည်တဲ့။ ယုယရဲ့အတွေးတွေက ရောက်တတ်ရာရာတွေ တွေးလာကာ ပျို့ကဗျာကို တစ်ခုခုတော့ လုပ်ရတော့မယ်ဆိုတာ သဘောပေါက်လာ၏။ ဒီမိန်းမဟာ ယုယအတွက် ကောင်းကျိုးမပေးတဲ့မိန်းမ။ ယုယရဲ့အသည်းနှလုံးကို လုယူတဲ့မိန်းမ။ ဒီမိန်းမကို ယုယ လက်စားချေဖို့ ဘာလုပ်ရမလဲ။

"တီ ... တီ တီ"

"ဟင် ... ကားသံကြားတယ်။ ဒီအချိန် ဘယ်သူလာလို့လဲ။ မိတိုး ကြည့်လိုက်စမ်း"

မိတိုးက တံခါးဝကို သွားကြည့်ပြီး လှမ်းပြော၏။





The Early Bird BOOK RENTAL HOUS

"ဦး ပြန်လာတာ မမလေး"

ဟင် ... ဖေဖေက ဒီအချိန် ပြန်လာတတ်တာမှ မဟုတ်တာ။ ယုယက အတွေးပွားနေစဉ်မှာပဲ ဖေဖေက ယုယဆီ လျှောက်လာလျှင် ...

"ဖေဖေ ... ဒီနေ့ကုမ္ပဏီက ပြန်လာတာ စောလိုက်တာ။ ဘာဖြစ်လို့လဲ ဖေ"

"ငါ့သမီးနဲ့ စကားပြောချင်လို့လေ။ တို့သားအဖ သေချာကို စကားမပြောဖြစ်သေးဘူးမှလား"

ဖေဖေ့ကြည့်ရတာ တစ်ခုခုကို ပြောချင်နေပုံရတာမို့ ယုယက မိတိုးကို အပြင်ထွက်ခိုင်းလိုက်ပြီးမှ မေးရလေသည်။

"ပြောလေ ဖေရဲ့။ ဘာပြောစရာရှိလို့လဲ။ ဒါနဲ့ ဖေဖေ မိန်းမကော"

"သူ ကုမ္ပဏီမှာ နေခဲ့တယ်။ အဲဒါ အရေးမကြီးပါဘူး။ ငါ့သမီးကို ဖေဖေ သေချာမေးမယ်။ သမီးမှာ လက်ထပ်ဖို့ ရည်ရွယ်ထားတဲ့ချစ်သူ ဘာညာများ ရှိသလား"

ယုယက ဖေဖေ့မေးခွန်းကြောင့် တစ်စုံတစ်ရာဖြေဖို့ စဉ်းစားပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေက ဘာလို့ မေးတာလဲဟင်"

"သမီးရယ် ... ဒီစကားမေးမှတော့ ဘာကိုဆိုလိုချင်တယ် ဆိုတာ သမီးသိရမှာပေါ့။ အဖေက သမီးနဲ့ သင့်တော် မယ်လို့ ရွေးချယ်ထားတဲ့လူကို ငါ့သမီးလေးကို စီစဉ်ပေး ချ ့တာ။ အဲဒါ သမီး ဘယ်လိုသဘောရလဲ"

ယုယက ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက် သည်။ ဖေဖေက ဒီအစီအစဉ်ကို ဘယ်ကတည်းက ကြိုတင်ကြံ စည်ထားတာပါလိမ့်။

"ဖေဖေက သမီးကို ယောကျ်ားပေးစားချင်နေပြီပေါ့လေ။ ဟုတ်လား"

"ဟား ... ငါ့သမီးကတော့ကွာ ... ဟား ဟား။ သမီး အဖေ့ကို မေးခွန်းတွေပဲ ပြန်မေးနေတာချည်းပဲနော်။ ဘယ် လိုလဲ ... Yes or No လုပ်ပေးမှပေါ့ကွ။ ဖေဖေက ငါ့ သမီးနဲ့သားကို ကိုယ့်အိမ်ထောင်လေးနဲ့ကိုယ် မိသားစုဘ၀ လေးကို တည်ဆောက်စေချင်ပြီကွ"

"နေပါဦး ... ဖေဖေက နေ၀န်းကို ဘယ်သူနဲ့ စီစဉ်ထား လို့လဲ"





"ဟင် ... သမီး မသိဘူးလား။ ဗျာနဲ့ နေ၀န်းကို စီစဉ်ပေး မှာလေ"

ယုယက စိတ်တွေပိုညစ်လာကာ ဒေါသလည်း ပိုထွက်လာရသည်။ ဟိုမိန်းမကြီးရဲ့စနက်ပဲ။ ဖေဖေက အဲဒါတွေ ကြောင့် နားယောင်နေတာ။

"ဖေဖေရယ် ... နေ၀န်းကို ဘာကိစ္စ ဗျာနဲ့စီစဉ်ပေးရတာ လဲ"

"နေ၀န်း ကိုယ်တိုင်ကိုက ဗျာနဲ့ လက်ထပ်ချင်တာ သမီး ရဲ့။ ဘာဖြစ်လဲကွာ။ အဖေတို့မိသားစု စည်းစည်းလုံးလုံးနဲ့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်တာ ဘယ်လောက်ကောင်း သလဲ။ ငါ့သမီးက အထင်တွေလွဲနေတာပါကွာ။ ဗိုလ်ကဗျာ က သမီးညီမပဲလေ မဟုတ်ဘူးလား"

"မဟုတ်ဘူး ... ဘာညီမလဲ။ သမီးတို့ ဘာမှမတော်ဘူး။ ဖေဖေသာ ဖေဖေ့မိန်းမကြီးပြောတဲ့ စကားတွေကို နားယောင် ပြီး ဖေဖေ့သားကို ပေးစားလိုက်လျှင် ဒေါ်မိမိချိုရဲ့အလို ဆန္ဒတွေ ပြည့်သွားတော့မှာပေါ့။ ဖေဖေရယ် ... နေ၀န်းကို



www.burmeseclassic.com

www.burmeseclassic.com



ဖျို့ကဗျာနဲ့ ပေးစားမယ်ဆိုတဲ့ အစီအစဉ်ကြီးကို လက်မခံ ပါနဲ့”

“ကဲ … တော်ပြီ တော်ပြီ သမီး။ နေဝန်းကိစ္စ အသာထား ဦး။ ခုနက ပြတ်သွားတဲ့စကား ပြန်ဆက်ရအောင်။ သမီး ကို ဖေဖေ့မိတ်ဆွေရဲ့သားနဲ့ ရည်စွယ်ထားတယ်။ အဲဒီတော့ သမီး သူနဲ့ဆုံကြည့်လိုက်ပါ။ ရော့ … ဒါ သူ့ဓာတ်ပုံ။ နာမည်က ရွှေဘုန်းဂါတဲ့။ မန္တလေးကလေ။ အခု ရန်ကုန် မှာ ဆေးကျောင်းတက်နေတာ”

ယုယသည် အခုကြားနေရတဲ့စကားတွေဟာ ဟုတ် ကောဟုတ်ရဲ့လားဆိုတဲ့ အံ့အားသင့်မှုနဲ့အတူ သူ့ဓာတ်ပုံကိုယူကြည့် လိုက်သည်။ ဟုတ်ပါ့ … ဘယ်လိုမှ မမှားနိုင်တဲ့ သူပါပဲလား။ ခရမ်းပုပ်ရောင်ရှပ်ကို လက်ခေါက်ဝတ်၍ မထီတရီဒီဇိုင်းဖြင့် စိုက်ကြည့်နေတဲ့ပုံဟာ အရမ်းကို ဆွဲဆောင်မှု ရှိလှပေသည်။ ဂါဟာ ဖေဖေစီစဉ်ပေးမယ့် ယောကျ်ားတဲ့လား။

“သူတို့မိဘတွေက အမရပူရမှာ ယက်ကန်း လုပ်တယ် လေ။ ဖေဖေ့မန်နေဂျာ ကိုကျော်ဝင်းကတစ်ဆင့် သူတို့နဲ့





ခင်သွားတာ။ သူတို့မိသားစုလေးက စိတ်ပြည့်တယ်။ ဟို ကလေးကလည်း ပညာတတ် လူယဉ်ကျေးလေး။ ဖေဖေက တော့ သမီးကို သူနဲ့ ရည်စွယ်ထားတယ်လေ။ သမီးဘက် ကဘယ်လိုသဘောရလဲ”

“သူ့ဘက်ကကော သဘောတူလို့လား ဖေဖေ”

“သူ့မိဘတွေနဲ့ ဖေဖေတို့ ပြောပြီးဆိုပြီးပါပြီ။ ငါ့သမီးသာ သဘောတူရင် အခုလာမယ့် မန္တလေးမှာ ရွှေဘုန်းဂါရဲ့ မိဘတွေ ရန်ကုန်လာပြီး မြန်းကြလိမ်မယ်”

အိုး … ဒါဟာ အိပ်မက်တော့ မဟုတ်လောက်ပါ ဘူးနော်။

ယုယသည် ဒီအချိန်ဟာ သမီးအလိမ္မာ အဖြစ်သင့် ဆုံးဆိုတာ သိနေတာကြောင့် ဘယ်လိုသဘောရလဲဆိုတဲ့ အဖေ့ ရဲ့မေးခွန်းအတွက် ယုယသည် ကမ္ဘာလောကကြီးတစ်ခုလုံး ကိုယ့် လက်ထဲရောက်သွားသလို ခံစားမှုမျိုးနဲ့ ပြုံးပြုံးလေးပဲ ခေါင်းညိတ် ပြလိုက်တော့သည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ... ဘာပြောတာလဲ အဖေနဲ့ အမေ"

ဂါသည် သူ့နားသူ မယုံနိုင်စွာ ဖေဖေတို့ကို နောက်တစ်ခါ ထပ်မေးလျှင် ဖေဖေက အဲဒီအတိုင်းပဲ ပြန်ပြောပြ လေသည်။

"ဒီခွာတ်ပုံထဲက မိန်းကလေးနဲ့ ငါ့သားကို လက်ထပ်ပေး ဖို့ အဖေတို့ စီစဉ်ထားတယ်"

ဟား ... ဒါဆို တကယ်ကြီးပေါ့။ ထူးဆန်းအံ့သြ ဖွယ်ကောင်းစွာ ဓာတ်ပုံထဲက မိန်းကလေးဟာ ယုယုယ ဖြစ်လို့ နေသည်။ လုံးဝကို အဆန်းတကြယ် ဖြစ်ရတဲ့ကိစ္စမို့ သူက အကြီးအကျယ်ကို ငြင်းရလေသည်။

"ဟား ... အဖေရာ၊ သားကို ဘာမှမပြောဘဲ ဘာလို့ လျှောက်စီစဉ်ရတာလဲ"





"ဟော ... မင်းပြောတုန်းကတော့ အဖေတို့ပေးစားတဲ့မိန်းမ ပဲ ယူပါ့မယ်ဆို"

သူဟာ စိတ်မောလူမောဖြင့် ခေါင်းတွေကုတ်ရင်း က ...

"အဖေရာ အဲဒါက အရင်တုန်းက ပြောခဲ့တာလေဗျာ။ သားကို နည်းနည်းလေးတောင် မမေးဘဲ ဘာလို့စီစဉ်တာ လဲဗျာ။ အခု ကျွန်တော့်မှာ ချစ်သူရှိနေပြီ အဖေနဲ့အမေရ"

"ဟော"

"ဟုတ်တယ် ... ကျွန်တော့်ချစ်သူက ဘယ်သူလဲ သိလား။ အခု အဖေတို့ပေးစားမယ့် ကောင်မလေးရဲ့အဖေ နောက် ယူထားတဲ့မိန်းမရဲ့သမီး အဖေရ"

"ဟော"

အဖေနဲ့အမေမှာ သူ့ကို တအံ့တသြဖြင့် ငေးကြည့် နေကြသည်။ ပြီးတော့မှ အဖေက ထိုင်နေတာမှထကာ သူ့ပခုံး ကို ဖွဖွပုတ်၍ ...

"ငါ့သား ... အဖေတို့ ကတိတစ်လုံးကို တည်တံ့အောင် ထိန်းရလိမ့်မယ်။ အဖေ့ရာဇဝင်မှာ ကတိပျက်တယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ဦးမြတ်ခနဲ့ အဖေတို့ စကားလွန်ထားပြီးပြီသား။ ငါ့သား အဖေတို့ အမေတို့ စီစဉ်တာကို နာခံလိုက်ပါကွာ"

ဂါသည် အဖေ့စကားအဆုံးမှာတော့ လုံးဝကိုခြေပစ်လက်ပစ် ငိုင်စင်းကျသွားတော့သည်။ သူ့အတွက်တော့ ဒီကိစ္စဟာ ရှော့က်ရတာပဲဖြစ်၏။ သူ့အပေါ်ကို အရမ်းကောင်းတဲ့၊ သူဖြစ်စေချင်တဲ့ ဆန္ဒအတိုင်း ဖန်တီးပေးခဲ့တဲ့ သူ့မိဘတွေဟာ ကတိတစ်လုံးကိုတော့ အငံမတန် တန်ဖိုးထားသူတွေ ဖြစ်ကြလေသည်။ အဲဒီအတွက် သူဟာ ဘာဆက်လုပ်ရမယ်မှန်းလဲ မသိတော့။ တစ်ဆက်တည်းမှာပင် သူ ရှော့ခ်ဖြစ်နေတုန်း ဖေဖေ ဆက်ပြောတဲ့စကားကြောင့် ပိုပြီးဟတ်ထိရလေသည်။

"မနက်ဖြန်ညနေ သူတို့အိမ်မှာ ထမင်းစားသွားရမယ်။ သားတို့ကို အကြိုမြန်းတဲ့ပွဲပေါ့"

သူဟာ ဒီအချိန်မှာတော့ ယုယရဲ့မျက်နှာကို မြင်ယောင်လာကာ ဗျာ့ကို ဘယ်လိုနိုပ်ကွပ်တော့မလဲဆိုတဲ့ အတွေးတို့ကြောင့် လူတစ်ကိုယ်လုံးက အေးစက်ထုံခဲလာပါတော့သည်။

♥ ✦ ♥





### ၁၅

ဗျာ့ကို ဒီလောက်ပြင်းပြင်းပြပြ တွေ့ချင်နေတဲ့သူ့ကို ငြင်းလွှတ်ရလောက်အောင် ဗျာ မရက်စက်ရက်တာကြောင့် အိမ်ကနေ ခက်ခက်ခဲခဲ ခိုးထွက်လာကာ သူ့ကိုလာတွေ့ရတာဖြစ်သည်။ ဗျာ့ကို မြင်တာနှင့် ပြုံးပြုံးပျာပျာပုံစံဖြင့် ...

"ဗျာ ... ပြဿနာတွေကတော့ အရမ်းကို ရှုပ်ကုန်ပြီ ဗျာရေ"

သူ့ပုံစံက အရမ်းကို ပျာယာခတ်ဖြစ်နေတာကြောင့် ဗျာက သူ့ကို စိတ်ထဲကနေ ကျိတ်ပြုံးမိလေသည်။ ပြီးတော့ အေးအေးဆေးဆေးလေးပဲ ပြန်ပြောလိုက်လေသည်။

"ဘာလဲ ... မနက်ဖြန်ညနေ အိမ်လာရမှာမို့လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဈာ ... ဈာ သိတယ်"

သူက တအံ့တသြဖြင့် ဈာ့ကိုမေးလာလျှင် ဈာက ခေါင်းတစ်ချက် ဆတ်ပြလိုက်ရင်းက ...

"သိပါတယ်။ အခုဆိုရင် အိမ်မှာ လူကြီးတွေ အရမ်းအလုပ်ရှုပ်နေကြတယ်။ ရှင်နဲ့ယုယ ပြီးတော့ ဈာနဲ့ နေဝန်း အဲဒီ လက်ထပ်ပွဲအတွက် လူကြီးတွေက အရမ်းတက်ကြွနေကြတာလေ။ အဲဒီတော့ ဈာမသိဘဲ နေပါ့မလား"

"ဈာ"

သူက ဈာ့လက်တစ်ဖက်ကို လှမ်းဆောင့်ဆွဲလိုက်လျှင် ဈာဟာ သူ့ရင်ခွင်ထဲသို့ အော်တိုမစ်တစ် ရောက်လို့သွားလေတော့သည်။ ဈာ့ခါးတစ်ဖက်ကို ပွေ့ထား၍ ဈာ့လည်တိုင်မှာ မျက်နှာအပ်ထားသော သူ့ကို ဈာ မရုန်းပယ်မိသေးတာဟာ ထူးဆန်းလှပါသည်။

"ကိုယ် ဈာ့ကို သိပ်ချစ်တယ်။ ဈာမဟုတ်တဲ့ ဘယ်မိန်းမကိုမှ ကိုယ် လက်လည်းမထပ်နိုင်ဘူး။ ပတ်လည်း မပတ်သက်ချင်ဘူး ဈာ။ ကိုယ်တို့ တစ်ခုခု ပြတ်သားရအောင်လား"





ဈာက သူ့ရင်ခွင်ထဲကနေ တွန်းကန်ရုန်းထွက်လိုက်ပြီးနောက် သူ့မျက်လုံးတွေကို ခပ်နက်နက် စိုက်ကြည့်ပြီးမှ ...

"ဈာတို့ ရည်းစားအဖြစ်က ရပ်စဲကြရအောင် ဂါ"

"ဘာ"

သူ့မျက်ဝန်းတွေထဲက များစွာသော အဓိပ္ပာယ်တွေပါဝင်နေသော စကားလုံးတွေကို ဈာ နားလည်နေပေမယ့်လည်း ဈာ ဘာမှမတတ်နိုင်ပေ။

"တစ်ချိန်ချိန်မှာ ဈာ လက်ထပ်ရမယ့်သူဟာ နေဝန်းပဲ။ ဒီနေ့ ရှင် ဈာ့ကို တွေ့ဖို့ချိန်းတာဟာ ယုယနဲ့လက်ထပ်ရမယ်ဆိုတဲ့ အကြောင်းကို ပြောမလို့မှလား။ ဈာ သိပြီးသွားပါပြီ။ အဲဒီလိုပဲ အခု ဈာ ရှင့်ကို လာတွေ့တာဟာ ဈာ နေဝန်းနဲ့ လက်ထပ်တော့မယ်ဆိုတာ သိစေချင်လို့ပါ ...

အဲဒီတော့ သေချာနေတဲ့ ဆုံးဖြတ်ချက်တွေအတွက် ဘာမှမပြင်ဆင်ပါနဲ့ ဂါ"

"ကျစ် ... ဈာရာ၊ ကိုယ်ချစ်တာက ဈာလေ။ မချစ်တဲ့သူနဲ့ လက်ထပ်ခြင်းဆိုတဲ့ ဒုက္ခဟာ ဘယ်လောက်ဆိုးဝါးခါးသီး



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာ တွေးကြည့်တာနဲ့တင် ခါးသီးတယ်။ ကိုယ် တောင်းပန်ပါတယ် ဗျာရယ်။ ဗျာ နေဝန်းကို မချစ်ဘဲနဲ့ လက်မထပ်ပါနဲ့ကွာ။ ကိုယ် ဗျာ့ကိုလက်ထပ်ပါရစေ... နော်"

ဗျာက ရင်ထဲမှာ တစ်ခုခုဆို့နေသလို ခံစားရလေသည်။ ဗျာ့ကိုချစ်တဲ့ ဗျာ့ချစ်သူဟာ ဗျာ့ရှေ့မှာ အသည်းအသန်ကြီး လာကြေပြနေလျှင် ဗျာ အနည်းအကျဉ်းတော့ ခံစားရလေသည်။ ကိုယ့်ကိုယ်ကိုယ် ဂါ့ကို ချစ်သလား မချစ်သလား သေသေချာချာ မသိပေမယ့် ဂါ့အပေါ်မှာ အနည်းငယ် တိမ်းညွတ်နေသောစိတ်ကို ဗျာ ရိပ်မိလေ၏။ ဒါပေမဲ့လည်း ...။

"ဒီအချိန်က အချစ်အကြောင်း ထိုင်ပြောနေရမယ့်အချိန် မဟုတ်တော့ဘူး ဂါ။ ဗျာ့အတွက် မမိုက်မဲချင်စမ်းပါနဲ့။ မေမေ့ကို ဗျာ မလွန်ဆန်နိုင်ဘူး။ ဗျာနဲ့ပတ်သက်ပြီး တော်စပ်ရမယ့် မိသားစုထက် ယုယုယနဲ့ ပတ်သက်ပြီး တော်စပ်ရမယ့် မိသားစုက ဂါ့အတွက် တန်ဖိုးပိုရှိမှာပါ။ ဗျာ မကောင်းခဲ့ဘူး။ အစကတည်းက ယုယနဲ့ ချစ်သူဖြစ် ခဲ့ပြီးသား ဂါ့ကို ဗျာက ဖြတ်လုမိခဲ့တာပါ"





"မဟုတ်ဘူး ဗျာ၊ ကိုယ် ဘယ်တုန်းကမှ ယုယကို မချစ်ခဲ့ဖူးဘူး။ ကိုယ် ဗျာ့ကိုပဲ ..."

"တော်ပြီ ... ဆက်မပြောပါနဲ့တော့။ ဗျာ တောင်းပန်ပါတယ်။ ဘယ်လိုမှ မဖြစ်သင့်တော့ပါဘူး ကိုရွှေဘုန်းဂါ။ အားလုံးကြားမှာ အဆိုးဆုံးက ကျွန်မမျက်နှာပျက် အရှက်ရမယ့်သူ မဖြစ်ချင်ဘူး၊ အချစ်တစ်ခုအတွက် အဓိပ္ပာယ်မဲ့တဲ့သူမျိုး ကျွန်မ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး"

"ဟာ ... ဗျာရယ်"

သူက စိတ်ဆင်းရဲကြီးစွာ လေပူတွေမှုတ်ထုတ်၍ အဝေးတစ်နေရာကို ငေးကြည့်နေလေသည်။ စိတ်မကောင်းပါဘူး ဂါ ဗျာသည် သူ့မျက်နှာကို ခေတ္တခဏ ငေးကြည့်ပြီးနောက်မှာတော့ အကြည့်တွေကို လွှဲလိုက်ကာ ...

"အိုကေ ... ဗွတ်ဘိုင် ဂါ။ ဗျာ ပြန်တော့မယ်"

"ဗျာ"

ဗျာ လှည့်အထွက်မှာ သူက ဗျာ့ရဲ့လက်တစ်ဖက်ကို လှမ်းဆွဲလိုက်တာကြောင့် ဗျာ လှည့်ကြည့်လိုက်လျှင် သူက



www.burmeseclassic.com

www.burmeseclassic.com



ဗျာ့မျက်လုံးတွေကို စိုက်ကြည့်၍ ဗျာ့လက်ဖျားလေးတွေကို ဖျစ်ညှစ်လိုက်ကာ ...

"ဗျာ ... ကိုယ်တို့ဇာတ်လမ်း မဆုံးသေးပါဘူး။ မင်းအတွက် ကိုယ်က ဟီးရိုးပဲ ဖြစ်ချင်တဲ့သူပါ။ ကောင်းကောင်းပြန်ပါ ဗျာ"

ဗျာက အဲဒီစကားကို နားမလည်ပေ။ သူ ဘာကိုဆိုလိုချင်တယ်ဆိုတာ ဗျာမသိလည်း မသိချင်တော့ပါ။ သူဆုပ်ကိုင်ထားတဲ့လက်တွေကို ဖြုတ်လိုက်ကာ ကျောခိုင်းထွက်လာခဲ့တော့သည်။

တစ်လောကလုံးကို ဗျာ အနိုင်လို ရယူဖို့ဆိုရင် ငွေရှိမှ ဖန်တီးဖြစ်လိမ့်မယ်ဆိုတဲ့ စကားအတွက် ဗျာ နေဝန်းကိုပဲ လက်ထပ်ဖို့ ယတိပြတ် ဆုံးဖြတ်လိုက်တော့သည်။

♥ ✦ ♥





"မိတ်ဆက်ပေးရဦးမယ်။ ဒါ ကျွန်တော့်ဇနီး ဒေါ်မိမိချို။ ဒီဘက်က သမီးကြီး ယုယုယ၊ သူက (......)မှာ ဒီဇိုင်းနဲ့ပတ်သက်တဲ့ဆိုင် ဖွင့်ထားတာ။ ဒါ သားငယ် နေဝန်းခ။ electronic ကုမ္ပဏီဖွင့်ထားတာ သူပေါ့။ ဒါကတော့ သမီးငယ် ပို့ကဗျာ။ Final part I တက်နေတာ။ မောင်ရွှေဘုန်းဂါနဲ့ ကျောင်းတော့မတူဘူးနော်။ သမီးက ဆေး(၂)က ...

ကဲ ... အားလုံးပဲ။ ဒါက ဖေဖေ့မိတ်ဆွေ ဦးရွှေမြင့်နဲ့ ဒေါ်စောအေး။ ဒါက သူတို့သား ရွှေဘုန်းဂါတဲ့"

ဦးမြတ်ခက မသိသေးဘူး အမှတ်နဲ့ မိတ်ဆက်ပေးနေပေမယ့်လည်း သူတို့က ကိုယ်စီကိုယ်စီ ပတ်သက်မှုတွေရှိထားတာကြောင့် အားလုံးက ငြိမ်ငြိမ်သက်သက်ပဲရှိကာ ကိုယ့်အထာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် နေကြတာဖြစ်သည်။ တော်သေးတာတစ်ခုက သူတို့ရဲ့ဆုံတွေ့ပွဲဟာ ခေါင်းစဉ်တပ်ထားတာမျိုး မဟုတ်ဘဲ ထမင်းစားဖိတ်ကျွေးတဲ့သဘောမို့ နေရတာ သိပ်အခက်ကြီးတော့ မဟုတ်ပေ။

ဒါပေမဲ့ ဗျာ တစ်ယောက်ကတော့ သိပ်မလန်းသေးမျက်နှာ ဟန်ဆောင်ပြုံးထားနေမှန်း သူ သိနေပေသည်။ မင်းကိုယ့်ကို ချစ်နေရက်နဲ့များ ဗျာရယ်။

"သား နေဝန်းနဲ့ သမီး ဗျာကိုလည်း မကြာခင်လက်ထပ်ပေးတော့မှာဆိုတော့ ကျွန်တော့်အတွက် မင်္ဂလာတွေတကယ်တိုးတာပဲဗျ"

ဦးမြတ်ခက စားရင်းသောက်ရင်း ကြော်ငြာဝင်သွားတာကြောင့် သူဟာ ဗျာ့ကို လှမ်းကြည့်လိုက်လျှင် ဗျာနှင့်အကြည့်ချင်း သွားဆုံလေသည်။ ဗျာက ချက်ချင်းပင် မျက်လုံးလွှဲသွားတာကြောင့် သူက သက်ပြင်းတစ်ခုကိုသာ လူမသိအောင် ခိုးချရလေသည်။

"ကျွန်တော်တို့တွေ နေ့ကောင်းရက်သာရွေးပြီး စေ့စပ်ပွဲရက် သတ်မှတ်လိုက်မယ်လေဗျာ။ ဘယ်လိုလဲ ကိုမြတ်ခ"





"ဟာ ... ကောင်းတာပေါ့ဗျာ။ ကျုပ်တို့ လူကြီးတွေထက် လူငယ်တွေ အဆင်ပြေဖို့က ပိုအရေးကြီးတယ်လေ။ ကဲ ... ကလေးတွေ သဘောတူရဲ့လား"

"သား ဖြေလိုက်ဦးလေကွာ။ မင်းကလည်း ရှက်နေသေးတယ်"

အဖေက သူ့တံတောင်ကို တွက်လိုက်ကာ လှမ်းသတိပေးလေမှ သူက မပြောမဖြစ် ပြောရတော့လေသည်။

"ဟုတ်ကဲ့ ... ရပါတယ်"

သူ့စကားအဆုံးမှာ လူကြီးတွေက စိတ်ချမ်းသာသွားပုံရပါသည်။ သူ့မှာသာ။ ဂါသည် တို့ကနန်း ဆိတ်ကနန်းသာစားပြီးနောက် အချိုပွဲဝိုင်းမှာ စကားဝိုင်းရဲ့ ငြိမ်သက်သူတစ်ယောက်အဖြစ် နေ့နေတုန်းမှာ နေဝန်းခက သူ့ကို လှမ်းပြောလေသည်။

"ကိုရွှေဘုန်းဂါ လာဗျာ။ ကျွန်တော်တို့ လူငယ်တွေ တစ်ဝိုင်း ဝိုင်းလိုက်မယ်လေ။ ပိုရင်းနှီးသွားတာပေါ့"

သူ့စကားကို အားလုံးက ထောက်ခံပေးသောအခါ သူကလည်း ငြင်းလို့မရဘဲ ခြံထဲသို့ ဆင်းလာခဲ့ရတော့သည်။ ခြံ



www.burmeseclassic.com

www.burmeseclassic.com



ထဲက စားဝိုင်းလေးမှာ သူရယ်၊ နေဝန်းခရယ်၊ ယုယုယနှင့် ဗျာဒီလေးယောက်ပဲရှိသည်။ လေးယောက်စလုံးက ကိုယ့်အထာနဲ့ကိုယ် ငြိမ်နေစဉ်မှာ စတင်လှုပ်ရှားလာတာကတော့ နေဝန်းခပဲဖြစ်သည်။

"ကဲ ... တစ်ယောက်နဲ့ တစ်ယောက်က အကြောင်းသိတွေဆိုတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောကြတာပေါ့။ ဒီမှာ ... ရွှေဘုန်းဂါ၊ မင်းကို အဖေက ယုယနဲ့ သဘောတူထားသလိုဂါနဲ့ ဗျာကလည်း သိပ်မကြာခင်မှာ လက်ထပ်တော့မှာ"

နေဝန်းခက စကားစကို ခဏဖြတ်လိုက်လျှင် သူက မျက်လုံးလှန်ကြည့်ကာ မေးဆတ်ပြ၍ ...

"အဲဒီတော့ ..."

"ရှင်းပါတယ်၊ အရင်က ဘာအကြောင်းပဲရှိခဲ့ရှိခဲ့ ဒီအချိန်မှာ မင်း စိတ်ဓာတ်ရေးရာကို ပြောင်းလဲလိုက်တော့။ အထူးသဖြင့် ဗျာအပေါ်မှာထားတဲ့ မင်းသဘောထားကိုပေါ့"

ဒါဟာ သူ့ကို သက်သက်မဲ့ တံတွေးနားရွက်တက်စွတ်တာမို့ သူဟာ ချက်ချင်းတုံ့ပြန်လိုက်တော့သည်။





"ဒီကိစ္စမှာ ဘယ်သူ့စိတ်ဓာတ် ဘယ်လိုရှိတယ်ဆိုတာ ငါသိထားပြီးသားပဲ။ လူကြီးတွေရဲ့ cover ကိုယူပြီး လုပ်ချင်တာလုပ်တဲ့ စိတ်ဓာတ်မျိုးမရှိရင် ပြီးတာပဲ။ လူဆိုတာကိုယ့်ကြိုးစားမှုနဲ့ရတဲ့ အောင်မြင်မှုအတွက်ပဲ ဂုဏ်ယူသင့်တာကွ"

"ဘာ ... မင်း ဘာစကားပြောတာလဲ ဟေ့ကောင်"

နေဝန်းက သူ့အင်္ကျီစကို ဆတ်ခနဲ ဆွဲကိုင်ကာ သူ့မျက်နှာကို စေ့စေ့ကြည့်မေးလေလျှင် သူတို့ကြားထဲဝင်ဖျန်ဖြေသူကတော့ ယုယပဲဖြစ်လေသည်။

"ကျစ် ... တော်စမ်း နေဝန်း။ နင် အဓိပ္ပာယ်မရှိတဲ့စကားတွေနဲ့ ပတ်ယမ်းမနေနဲ့။ တော်တော့ ... ဖို့ကဗျာကိုခေါ်ပြီး အိမ်ထဲဝင်တော့"

"ဟူး ... မင်းတွေ့မယ်"

အဲဒီကောင်က သူ့လက်တွေကို ဖြုတ်ချလိုက်လျှင် ဂါက အင်္ကျီကော်လာကို ဟန်ပါပါ ပြန်ဆန့်ထုတ်ကာ ချောင်းတစ်ချက်ဟန့်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းတို့ရဲ့အထူးဧည့်သည်ဆိုတာ မြဲမြဲမှတ်ထားပါ"

သူက အိမ်ထဲဝင်ဖို့ လှည့်လိုက်လျှင် ယုယက သူ့ကိုလှမ်းတားလေသည်။

"ခဏနေပါဦး ဂါ။ ယုတို့နှစ်ယောက်ကြားမှာ ပြောစရာတွေရှိသေးတယ်။ နေဝန်း ... သွားတော့လေ"

"ဖျာ ... လာလေ။ သူတို့ဘာသာ စကားပြောပါစေ"

နေဝန်းက လက်ဆွဲ၍ ခေါ်သွားသော ဖျာ့ကို သူကသာ ငေးကြည့်နေမိပေမယ့် ဖျာကတော့ သူ့ကို တစ်ချက်လေး တောင် စောင်းငဲ့မကြည့်ဘဲ နေဝန်းနဲ့အတူတူ အိမ်ထဲပြန်လိုက်ဝင်သွားလေသည်။

"ဂါ ... လောကကြီးက အရမ်းကို ထူးဆန်းတယ်နော်။ မမျှော်လင့်ထားတဲ့ အခြေအနေမျိုးနဲ့ ယုတို့ကို ပြန်ဆုံခွင့်ပေးလိုက်တာပဲ"

သူက ဘာတစ်ခွန်းမှ မပြောဘဲ ဒီအတိုင်း ငြိမ်နားထောင်နေလိုက်သည်။ ယုယက သူနဲ့မျက်နှာချင်းဆိုင် အနေအထားမှာ ဝင်ထိုင်ရင်းက ဆက်ပြောလေ၏။





"အခုဆို ယုတို့ကြားမှာ တိကျသေချာသွားပြီဖြစ်တဲ့ သတ်မှတ်ချက်လေး ရှိသွားပြီ ဂါ။ ဟိုတုန်းက ဖြစ်ခဲ့တာတွေအတွက် ယု စိတ်ထဲက အားလုံးထုတ်လိုက်ပြီ"

"ကိုယ် မင်းကို အခုချိန်မှာ ဆောရီးကလွဲပြီး ဘာမှမပြောနိုင်ပါဘူး ယုယ"

သူပြောတာကို ယုယက နားမလည်တဲ့ပုံဖြင့် သူ့ကို ပြုံးကြည့်ကာ ...

"ဂါ ဘာကိုဆိုလိုချင်တာလဲ"

"ဟင် ... ဪ ... ဘာမှတော့ မဟုတ်ပါဘူး။ ခုနက ကိစ္စအတွက် တောင်းပန်တာပါ"

"ရပါတယ် ဂါရယ်၊ နေဝန်းက အဲဒီလိုပဲ။ သူက ကလေးဆန်တယ်။ ဒါပေမဲ့ ဖျာ့ကိုတော့ တော်တော်ချစ်တယ်။ ပို့ကဖျာ ကံကောင်းတာပေါ့လေ"

ယုယဟာ အင်မတန် ပါးနပ်တယ်ပဲ ပြောရပါမည်။ သူ့ကို ဖျာနဲ့ပတ်သက်တာတွေ ဆက်ဖတ်လမ်းမရှိစေဖို့အတွက် ပါးပါးလေး သူ့ကို ကစ်သွားတာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကံကောင်းတယ်ဆိုတာ သတ်မှတ်ချက်တစ်ခုပါပဲ ယုယရယ်။ စိတ်ထားတတ်ဖို့ အရေးကြီးဆုံးပါပဲ။ ကိုယ့်ရဲ့ဖြစ်ပျက်သမျှကို အကောင်းဆုံးလို့ ယူဆရင် ဒါက ကောင်းတာပဲပေါ့၊ မဟုတ်ဘူးလား"

"ဟင်း ဟင်း ... ဂါကတော့ သိပ်အပြောကောင်းတာပဲနော်"

သူက အဲဒီအပြောကို မဲ့ပြုံး,ပြုံးမိသလို ကောင်းကင်ကြီးကို ခပ်မော့မော့ ကြည့်လိုက်မိသည်။ မင်းစိတ်တွေ တခြားရောက်နေတယ်ဆိုတာ ကိုယ်သိပါတယ်ဗျာ။ ကိုယ်တို့ စိတ်တွေအားလုံး သောမှာရှိတဲ့သူ အနားမှာမရှိဘူးဆိုတာ မင်းသိရက်နဲ့ ဟန်ဆောင်မနေစမ်းပါနဲ့ ဗျာရယ်။

သူက ရင်ထဲကစကားတွေကို ဖြစ်နိုင်ရင် ဗျာရှေ့မှာ ဖွင့်ဟပြောပြချင်ပေမယ့် အခြေအနေတွေက ခပ်ပျပျသာမြင်ရသော ဟိုဘက်ချောက်ကမ်းပါးနှင့် ဒီဘက်ချောက်ကမ်းပါးမှာ ရပ်နေသော အနေအထားကြောင့် ခေါ်မကြားအော်မကြားဖြစ်ရပါသည်။

♥ ✦ ♥





## ၁၆

"ဆိုစမ်းပါဦးကွာ၊ မင်း အန်ကယ့်ကို ဘာလို့တွေ့ချင်တာလဲ"

ဂါက ဦးမြတ်ခ ရုံးခန်းထဲမှာ ဦးမြတ်ခနှင့် နှစ်ယောက်တည်း ရင်ဆိုင်တွေ့လိုက်ခြင်းဟာ သူတို့အတွက် ထွက်ပေါက်တစ်ခုဖြစ်မယ်ဟု မျှော်မှန်းထားမိသည်။ အဲဒီမျှော်လင့်ချက်နဲ့ပဲ သူ ဒီကိုရောက်လာခဲ့တာဖြစ်သည်။

"အန်ကယ့်ကို ကျွန်တော့်မှာ ပြောစရာလေးတွေရှိလို့ပါခင်ဗျာ"

"အင်း ... ပြောလေ မောင်ရွှေဘုန်းဂါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကျစ် ... ဟိုဟာ ..."

သူက ဘယ်ကစပြောရမှန်း မသိစွာ ဟိုတွေ ဟာတွေဖြင့် အပြောရခက်နေတာကို ရိပ်မိလေသော အန်ကယ်က သူ့ကို အပြုံးတစ်ခုဖြင့် မေးဆတ်ပြကာ ...

"ဘာလဲ ... ဘာဖြစ်လဲ။ ပြောပါကွဲ ... မင်းကလည်း"

"ဟုတ်ကဲ့ အန်ကယ်။ ကျွန်တော် အန်ကယ့်ကို ဝန်ခံဖို့ လာခဲ့တာပါ။ ဒီကိစ္စကို ကျွန်တော် သေသေချာချာဆုံးဖြတ်ပြီးမှ လာပြောတာပါ ခင်ဗျ"

သူ့ရဲ့ intro ပိုင်းက စိတ်ဝင်စားစရာ ကောင်းတာမို့ အန်ကယ်က မျက်ခုံးတစ်ချက်ပင့်ကာ သူ့ကို ဆက်မေး၏။

"မင်းစကားတွေက အဆန်းပဲ မောင်ရွှေဘုန်း။ ပွင့်ပွင့်လင်းလင်း ပြောပါ။ အန်ကယ် နားလည်ပါတယ်။ ဘာပြောမလို့လဲ"

"ကျွန်တော့်မှာ ချစ်သူရှိပါတယ် အန်ကယ်"

"အဲဒီတော့ မင်းဆိုလိုချင်တာက ဘာလဲ။ အန်ကယ် ချစ်သူရှိတဲ့အပေါ်မှာ ဘာမှမပြောလိုပါဘူး။ ဒါအဆန်း





တကြယ်ဖြစ်ရမယ့် ကိစ္စလို့ အန်ကယ်ကတော့ မယူဆဘူးကွ။ ခေတ်လူငယ်တွေကို နားလည်နိုင်ပါတယ်"

ဘိုးတော်က အန်မတန်မှ နားလည်မှုရှိတယ်ဆိုတာ သူက သိထားတာကြောင့် သူ့ဘက်က သေချာနားဝင်အောင်ရှင်းပြနိုင်ရင် အဆင်ပြေသွားနိုင်လိမ့်မည်ဟု သူက ယုံနေတာဖြစ်၏။ ဂါက အန်ကယ့်ကို ပွင့်ပွင့်လင်းလင်းပြောပြဖို့ ဆုံးဖြတ်ရင်းက ...

"ကျွန်တော့်အကြောင်းကတော့ အန်ကယ့်အတွက် ဆန်းမှာပါ၊ ဟို ... စိတ်မရှိပါနဲ့ ခင်ဗျ။ ကျွန်တော် ပွင့်ပွင့်လင်းလင်း ပြောသင့်တယ်လို့ ထင်လို့ပါ။ ကျွန်တော့်မှာ ချစ်သူရှိပါတယ် အန်ကယ်။ သူက တခြားက မဟုတ်ပါဘူး။ ပျို့ကဗျာပါ"

"ဟော"

ဒီတစ်ခါတော့ ဦးမြတ်ခ အကြီးကြီး အံ့ဩသွားပုံပေါ်သည်။ သူ့ကို ဘာမှပြန်မပြောသေးဘဲ တစ်ခုခုကို စဉ်းစားဟန်ဖြင့် သူ ဆက်ပြောလာမည့်စကားကို ဆက်စောင့်နေတာမို့ သူက ဆက်ပြောလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗျာနဲ့ ကျွန်တော့်ကိစ္စကို ကျွန်တော့်ဘက်က လူကြီးတွေကို ဖွင့်ပြောဖို့ စိစဉ်ချင်ပေမယ့်လည်း ယုယက ရှိသေးတဲ့အခါကျတော့ ကျွန်တော် ပြောရတာ အရမ်းအားနာပါတယ် ခင်ဗျာ။ ဒါပေမဲ့ ကျွန်တော့်အတွက် မပြောမဖြစ်ပြောရတော့မယ်လို့ ကျွန်တော် ယူဆထားပါတယ်။ ကျွန်တော့်ဆန္ဒကတော့ ချစ်တဲ့သူနဲ့ပဲလက်ထပ်ချင်ပါတယ် အန်ကယ်"

"အင်း ..."

ဦးမြတ်ခက စဉ်းစားနေတဲ့ပုံစံဖြင့် အင်းဆိုပြီး သံရှည်ဆွဲစဉ်းစားပြီးတော့မှ ...

"အခု မောင်ရင် ပြောနေတာက ဆိုင်တစ်ဆိုင်မှာ ပစ္စည်းဝယ်တယ်။ ဝယ်ပြီးမှ ဒါလေးမကြိုက်လို့ ပြန်လဲပေးပါဆိုသလို ဖြစ်မနေဘူးလား"

"ဟာ ... အဲဒီလိုသဘောမျိုး လုံးဝမဟုတ်ပါဘူး အန်ကယ်။ ကျွန်တော်က ကျွန်တော့်ရင်ထဲက ဆန္ဒအမှန်ကို အန်ကယ့်ဆီမှာ လာဝန်ခံတာပါ"

"ဟင်း ... ဟင်း ... မင်းဟာ စကားပြော တော်တော်ပါးနပ်တာပဲ။ ဆိုလိုချင်တဲ့ ဒီသဘောကို ရောက်အောင်





စကားလုံးလှလှတွေ လာကွန့်ပြနေတာပဲ။ အင်း ... ခက်တော့လည်း ခက်သားကွ။ မင်းနဲ့ သမီးဗျာကြားမှာ ဒီလိုပတ်သက်မှုမျိုး ရှိလိမ့်မယ်လို့ ငါ လုံးဝထင်မထားမိဘူး။ ဗျာနဲ့ နေဝန်းကိစ္စကိုကော မင်း မသိဘူးလား မောင်ရွှေဘုန်း"

ဂါက ခေါင်းအသာဆတ်ပြလိုက်ပြီးမှ ...

"ကျွန်တော် သိပါတယ် အန်ကယ်။ ဗျာက လူကြီးတွေဆန္ဒကို မဖယ်ရှားချင်လို့ ကျွန်တော်တို့ နောက်ဆုတ်ကြရအောင်ဆိုပြီး ကျွန်တော့်ကို အဆက်အသွယ်ဖြတ်ထားပါတယ်။ အခုချိန်မှာ ကျွန်တော်ကော ဗျာကော ရင်ထဲမှာရှိတဲ့စိတ်ဆန္ဒတွေက အတူတူ ရှိနေပေမယ့် လူကြီးတွေအတွက် ကျွန်တော်တို့ ဝေးနေပေးတာပါ"

"နေပါဦးကွ၊ ဒီကိစ္စတွေကို မင်း အစောကတည်းက ဖွင့်ပြောသင့်တာပေါ့"

"ပြောချင်ပါတယ် အန်ကယ်၊ ဒါပေမဲ့ ပြောမထွက်လို့ပါ။ အခုလည်း အချိန်မလွန်သေးဘူးလို့ ကျွန်တော် ထင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူပြောတဲ့ စကားတွေကို ဦးမြတ်ခက အသေအချာ အလေးအနက်ထား စဉ်းစားပေးပုံ ရပါသည်။ သူ့စကားတွေ အတွက် ချက်ချင်းကြီး ဆုံးဖြတ်ပေးပုံမပေါ်လျှင် ဒါဟာ အခြေ အနေကောင်းတယ်လို့ သတ်မှတ်ရပါသည်။

"ကောင်းပြီလေ မောင်ရွှေဘုန်း၊ ဒါဆိုရင် မင်းက အန်ကယ် ဗျာနဲ့ သဘောတူပေးဖို့ကို လာပြောတာပေါ့ ဟုတ်လား"

"ကျွန်တော့်ကို နားလည်ပေးစေချင်ပါတယ် အန်ကယ်"

"အင်း ... ကောင်းပြီ။ အန်ကယ် စဉ်းစားမယ်။ ဗျာ့ကို လည်း အန်ကယ်ရဲ့သမီးအရင်းလို သဘောထားတဲ့အတွက် အန်ကယ့်သမီးကိုလည်း စိတ်မဆင်းရဲစေချင်ဘူး။ အဖြစ် သင့်ဆုံး အဖြေတစ်ခု မထွက်လာမချင်း မင်းနဲ့ ယုယကိစ္စ ကို ရက်အကန့်သတ်မရှိ ရပ်ထားမယ်။ မင်းမိဘတွေကို တော့ မင်းပဲပြောလိုက်တော့၊ ဟုတ်ပြီလား"

သူက အရမ်းတွေ နားလည်ပေးသော အန်ကယ့် ကြောင့် နည်းနည်းတော့ မျက်လုံးပြူးရလေသည်။ ဒီလောက်ကြီး easy ဖြစ်လိမ့်မယ်လို့ ထင်မထားတာကြောင့်ဘဲဖြစ်၏။





"ဟို ... အန်ကယ် ကျွန်တော့်ကို စိတ်မဆိုးပါဘူးနော်"

"မဆိုးပါဘူးကွာ။ ပြောရမယ်ဆို မင်းကိုတောင် ငါက ကျေးဇူးတင်ရဦးမယ်။ မချစ်ဘဲနဲ့ လူကြီးတွေစီစဉ်ပေးလို့ အိမ်ထောင်ပြုလိုက်ပြီးမှ အဆင်မပြေလို့ ကွဲကြပြဲကြတာ ထက်စာရင် ဘာမှမစီစဉ်ရသေးတဲ့ အချိန်ပြောတာက အကောင်းဆုံးပေါ့ကွ။ ကဲ ... မင်း ပြန်တော့လေ။ အဖြေ တစ်ခုခုကို မကြာခင်မှာ အန်ကယ်ပြောပါ့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ဗျ ကျေးဇူးတင်ပါတယ် အန်ကယ်"

ဂါက အန်ကယ့်ကို နှုတ်ဆက်ကာ ထွက်ခွာလာချိန် မှာ စိတ်အစဉ်ဟာ အရမ်းကို ပေါ့ပါးလန်းဆန်းလို့ သွားရလေ သည်။ ဒါဟာ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတစ်ခုကို လုပ်လိုက် တာမို့ အကောင်းဆုံး ဖြစ်လာလိမ့်မယ်လို့လည်း ယုံကြည်လေ သည်။

သူ့ရဲ့လုပ်ရပ်အတွက် အကြီးမားဆုံး ဂယက်တွေ ထလာလိမ့်မယ်လို့လည်း သူက ယုံကြည်မှု ပြင်းထန်လေ၏။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



ဖျာ့ကို ဦးမြတ်ခက ပြောစရာရှိလို့ဆိုပြီး ဖုန်းဆက်ချိန်းသောအခါ ဖျာဟာ အရမ်းကို အံ့အားသင့်ရလေသည်။ ဒါပေမဲ့လည်း ထူးဆန်းနေတာကြောင့် ဦးမြတ်ခ ချိန်းထားတဲ့ဆီကို ဖျာ ရောက်သွားဖြစ်လေသည်။

"အန်ကယ် ဘာပြောစရာရှိလို့လဲ"

"အင်း ... ရှိတယ် သမီး။ အန်ကယ် ဖျာ့ကို မေးစရာရှိတယ်။ သမီးနဲ့ မောင်ရွှေဘုန်းဂါက ချစ်သူတွေဆို"

အဲဒီအမေးစကားကြောင့် ဖျာဟာ ဆတ်ခနဲတုန်သွားရလေသည်။ ဒီကိစ္စကို အန်ကယ်က ဘယ်လိုလုပ် သိတာလဲ။

"ဟုတ်လား သမီး"

ဖျာ့ရဲ့အတွေးတွေ ယောက်ယက်ခတ်နေချိန်မှာ ဦးမြတ်ခက ထပ်မေးလျှင် ဖျာက မေမေ့မျက်နှာကို ပြေးမြင်ကာ အမှန်ထက်မလွန်တဲ့အဖြေကို ဖြေလိုက်လေသည်။





"ဖျာ ... နေဝန်းကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသွားပါပြီ အန်ကယ်"

"ဖျာ အခုတလော မရွှင်မလန်း ဖြစ်နေတာကို အန်ကယ် သတိထားမိပါတယ်။ သားနေဝန်းနဲ့ လက်ထပ်ပေးဖို့ အန်ကယ်တို့ စီစဉ်ပေးတယ်ဆိုတာ သမီးရော သားရောကို စိတ်ချချင်လို့ပါ။ မနေ့က အန်ကယ့်ဆီကို မောင်ရွှေဘုန်းဂါ လာသွားတယ်။ သမီးတို့ကိစ္စကို သူ ပြောသွားတယ် ...

အန်ကယ့်အနေနဲ့ ကလေးတွေဆန္ဒမပါဘဲ ဘာကိုမှ ဇွတ်မစီစဉ်ချင်ဘူး။ ဖျာကလည်း မိနဲ့ ပတ်သက်ပြီးမှ တော်ရတဲ့သမီး ဆိုပေမယ့်လည်း သမီးက အန်ကယ့်သမီး လေးလိုပါပဲ"

ဖျာက ဘာပြောရမှန်းလဲ မသိတော့ပေ။ ဖျာ နေဝန်းကို လက်မထပ်ချင်ဘူး ဆိုပေမယ့် လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ပြီဖြစ်သည်။ အဲဒီလိုပဲ ဂါတစ်ယောက်ဟာလည်း ယုယုယနဲ့လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့ပြီဖြစ်သည်။ အဲဒီအပေါ်မှာ မှန်သည်မှားသည် ဖျာ မဝေဖန်ချင်တော့။ အချစ်ချည်းသက်သက် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com



ရုံနှင့် ဘဝကို ရှေ့တန်းတင်မှာ ရဲဝံ့စွာ မရပ်တည်နိုင်ဘူးဆိုတာလည်း ဗျာ သိနေပါသည်။

"ဗျာ ရွေးချယ်ထားပြီးသား လမ်းတစ်ခုကို မပြင်ချင်တော့ပါဘူး အန်ကယ်။ သမီးကို အခုလို ခေါ်တွေ့ပြီးမေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဗျာ မပြင်တော့ဘူး"

"ဟုတ်ပါပြီ။ ဗျာ့ဘက်ကဆန္ဒကို အန်ကယ်သိပြီးပြီ။ ဒီတော့ အန်ကယ် ဘာဆုံးဖြတ်ရမလဲဆိုတာ သိသွားပြီ။ မောင်ရွှေဘုန်းဂါက ယုယကို လုံးဝချစ်ပုံမပေါ်ဘူး။ အဲဒီတော့ အန်ကယ့်ဘက်က အများကြီးဆုံးဖြတ်ဖို့ လိုသွားပြီ...

ကဲ ... ဟုတ်ပါပြီ၊ ဗျာလည်း အလုပ်ရှုပ်သွားပြီ။ သမီး အိမ်ပြန်တော့မှာလား"

"မဟုတ်ဘူး အန်ကယ်။ ဗျာ ဆေးရုံတစ်ခေါက် ဝင်ရဦးမှာ"

"အင်း ... ဟုတ်ပြီ၊ အဲဒါဆို ကျေးဇူးပဲနော် သမီး"

"ဟုတ်ကဲ့ အန်ကယ်။ သွားလိုက်ပါဦးမယ်"





ဗျာက ဆိုင်ထဲက ထွက်လာချိန်မှာတော့ ဟက်ခနဲပြုံးလိုက်မိသည်။ ဂါရယ် ... ကျွန်မလိုလူမျိုးကို ရှင် တကယ်ချစ်တယ်ဆိုတော့ အသည်းကွဲရုံကလွဲပြီး ဘာမှရမှာ မဟုတ်ဘူး။ ဗျာ မေမေ့စကားကို မပယ်ရှားနိုင်သလို ယုယုယရဲ့ အုပ်ချုပ်သူဘဝကိုရောက်ဖို့ နေဝန်းကိုပဲ ဗျာ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပြီးပြီ။

သူ့ကိုငြင်းဖို့ အခွင့်အရေး ရှိပေမယ့်လည်း ဗျာ လက်ခံလိုက်တာဟာ ရှင့်ကို ...။

♥✦♥



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ... ယုတို့ကိစ္စကို ဘာမှမစီစဉ်ဘူးလား"

ဦးမြတ်ခသည် ကုမ္ပဏီနားရက်မို့ အိမ်မှာအေးအေးဆေးဆေး egoal score တွေ ထိုင်ကြည့်နေတုန်း ယုယက ဝင်လာကာ မေးတာကြောင့် သူက TV ကနေ အကြည့်လွှဲရင်းက ...

"သမီးကို ဖေဖေ ပြောစရာရှိတယ်။ ထိုင်ဦး"

ယုယက ဖေဖေ့ရှေ့ကဆိုဖာမှာ ဝင်ထိုင်ကာ ဖေဖေ ဘာပြောလာမလဲဆိုတာကို စောင့်နေစဉ်မှာ ဖေဖေက စကားစပြောလေသည်။

"ဖေဖေ ဆုံးဖြတ်ထားတယ် သမီး။ အဲဒီဆုံးဖြတ်ချက်ကို ဖွင့်မပြောရသေးတာပဲရှိတယ်။ ဒါပေမဲ့ ဒီဆုံးဖြတ်ချက်ဟာ အတည်ပဲ"

"ဟုတ် ... ပြောပါ ဖေ"





"သမီးနဲ့ ရွှေဘုန်းဂါကို ဖေဖေ သဘောမတူဘူး။ ဒီကိစ္စကို ဖေဖေ ဖျက်လိုက်ပြီ"

"ဟင် ... ဖေဖေ ဘယ်လိုပြောလိုက်တာလဲ။ ဒီကိစ္စက ဖေဖေ စီစဉ်တာပဲ မဟုတ်ဘူးလား"

ယုယက အံ့သြလွန်း၍ ပေါက်ကွဲသွားတာကို ဖေဖေကလည်း တအံ့တသြ ပြန်ကြည့်ကာ ...

"ဟုတ်ပါတယ်။ ငါ့သမီးနဲ့ သင့်တော်မယ်လို့ အဖေထင်လို့ စီစဉ်တာ မှန်တယ်။ အေး ... ဒါပေမဲ့ သေချာလေ့လာကြည့်လိုက်တော့ ရွှေဘုန်းဂါနဲ့ သမီးဟာ ဘယ်လိုမှမဖြစ်နိုင်ဘူး"

"မဖြစ်နိုင်ဘူး ဟုတ်လား။ ဘာ ... ဘာလို့လဲ ဖေဖေ"

ဦးမြတ်ခက ထိုင်ရာကနေ ပြတင်းတံခါးဘက်ဆီသို့ ထသွားကာ အပြင်ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်သည်။ စကားပြောကြည့်ရတာတော့ သမီးဟာ ရွှေဘုန်းဂါကို ငြိနေတယ်ဆိုတာ သိသာလှပေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲဆိုတော့ ရွှေဘုန်းဂါက သမီးကို မချစ်ဘူးဆိုတာ ဖေဖေ သိနေတယ်။ သူက ဗျာ့ကို ချစ်တယ်ဆိုတာ အဖေ သိတယ်"

ယုယက တကယ်ပင် မျက်ဝန်းအဝိုင်းသားဖြစ်သွားရသည်။ ဒီကိစ္စတွေကို ဖေဖေက ဘယ်ကဘယ်လို သိသွားရတာလဲ။

ယုယသည် ဖေဖေ လက်သင့်မခံတဲ့ ကိစ္စအတွက် လုံးဝအရှုံးမပေးနိုင်ပါ။

"ဖေဖေ ပွင့်ပွင့်လင်းလင်း ပြောရရင် ယု သူ့ကိုချစ်တယ်။ သူ့ကိုပဲ လက်ထပ်ချင်တယ်။ ဖေဖေ သဘောတူပေးပါနော်။ ယု သူ့ကို ပိုင်ဆိုင်ရရင် ကျေနပ်နိုင်ပါတယ်"

"မဟုတ်သေးဘူးလေ သမီးရယ်။ အိမ်ထောင်ပြုတယ်ဆိုတာ အခြေခံအားဖြင့် အချစ်လေးကတော့ ပါဦးမှပေါ့။ ရွှေဘုန်းဂါ ကိုယ်တိုင် အဖေ့ဆီ လာပြောသွားတာ။ အဖေက ငါ့သမီးကို ပျော်ရွှင်စေချင်တယ်"

"သမီးကို ပျော်ရွှင်စေချင်လို့ ဒီကိစ္စကို ဖျက်သိမ်းလိုက်မယ်ပေါ့။ အဖေက ဒါတွေကို အတိအကျ မသိဘဲနဲ့ ဘာ





လို့ပွဲဖျက်ရတာလဲ။ ရွှေဘုန်းဂါက ဟိုအရင်ကတည်းက သမီးနဲ့ ချစ်သူတွေ။ အဲဒါကို ပို့ကဗျာက ဝင်လုသွားတာ။ ပြီးတော့မှ အချစ်ဆိုတာကြီး ခေါင်းစဉ်တပ်တော့ကော ဘာလုပ်ရမှာလဲ။ သမီးဘက်က ခံစားချက်ကိုတော့ တစ်ယောက်မှ နားမလည်ဘူး။ အခုလည်း ဖေဖေက ဒီကိစ္စကို ဖျက်လိုက်ပြန်ပြီ။ ယုဘဝကြီးက ပို့ကဗျာကိုပဲ အရှုံးပေးနေရတော့မှာလား"

ယုယက အကြီးအကျယ်တွေ ပေါက်ကွဲပြနေလျှင် ယုယရဲ့သဘောထားကို ဦးမြတ်ခ နားလည်နေပေပြီ။ ဒါပေမဲ့ သူ့သမီးကသာ တစ်ဖက်သတ် ချစ်ရပြီး တည်ရတဲ့ အိမ်ထောင်ရေးက ခိုင်မြဲနိုင်ပါ့မလား။

"ဒါပေမဲ့ သူတို့ချင်းက ချစ်နေကြတာလေ"

"ဖေဖေ လုံးဝမတရားဘူး။ ရတယ် ... ကိစ္စမရှိဘူး။ သမီးက ရွှေဘုန်းဂါကို မရလို့ လဲသေသွားမှာ မဟုတ်ဘူး။ ဒါပေမဲ့ ဖေဖေ အဲဒီလိုဆုံးဖြတ်လိုက်တာ ယုရဲ့မာနကို အရမ်းထိသွားပြီ။ ပို့ကဗျာဆိုတဲ့ မိန်းမကို ယု သိပ်မုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီး အစီပွာယ်မရှိဘူး။ ဒီကိစ္စက ဖေဖေ ငါ့သမီးရှေ့ရေးအတွက် စဉ်းစားပြီး ဖျက်ဖို့ဆုံးဖြတ်လိုက်တာ။ ဗျာက နေဝန်းနဲ့ လက်ထပ်ဖို့ကိုပဲ ဆုံးဖြတ်ပြီးသား"

ယုယက လောကကြီးကို စိတ်အချဉ်ပေါက်စွာ ဟက်ခနဲ ချဉ်ရယ်,ရယ်လိုက်ပြီး ...

"ယူမှာပေါ့ အဖေရဲ့၊ သူတို့သားအမိက နေဝန်းခ ဘာဆိုတာကို သိနေတာပဲ။ ဒီငွေပုံကြီးကို မောင်ပိုင်စီးချင်လို့ ယူမှာပေါ့ အဖေရဲ့"

"တိတ်စမ်း။ တော်တော့ ယု။ ကိုယ့်ကိစ္စကို ကိုယ်ပြော၊ သူများကို အဲဒီလို စွပ်စွဲတာမျိုး ဖေဖေ လုံးဝမကြိုက်ဘူး။ ဒီနေ့ကစပြီး သမီး သူ့ကို မေ့လိုက်တော့။ ငါ့သမီးရဲ့ အိမ်ထောင်ဖက်ဟာ ဆင်းရဲရဲ ချမ်းသာသာ ငါ့သမီးအပေါ်ကို မေတ္တာစစ်နဲ့ ချစ်တဲ့သူ ဖြစ်ရမယ်။ သမီးဘေးနားမှာ ရှိနေပြီး တခြားတစ်ယောက်ကို တမ်းတနေတဲ့လူမျိုးကို ရွေထွက်နေပါစေ မယူရဘူး"





"ကျစ် ... အဲဒါ ဖေဖေ့သားကိုသွားပြောလေ။ အဲဒီအဖြစ်မျိုးက ဖေဖေ့သားဖြစ်မှာ။ ဟိုမိန်းမက သူ့ကိုတစ်စက်ကလေးမှ မချစ်ဘဲနဲ့ယူမှာ"

"တော်တော့ ... တော်တော့ ယုယ။ သူများကို ပတ်ရမ်းမနေနဲ့။ အရေးကြီးတာ ညည်းပဲ။ ညည်းစိတ်တွေကို တည်ငြိမ်အောင်ကြိုးစား။ ပြီးတော့ အဖေ့ကုမ္ပဏီကို ဦးစီးတော့။ အခုဆို ကုမ္ပဏီမှာ စီးပွားရေးက အရင်ကလိုမဟုတ်တော့ဘူး။ ဖေဖေ နားချင်ပြီ သမီး။ ငါ့သမီးကြီးကို ဝ, ကွက်လွှဲအပ်ချင်ပြီ"

"တော်ပါပြီ ဖေဖေရာ။ ယု အတွက် ဘာမှမလိုအပ်တော့ပါဘူး။ ယု ဒီပွဲမှာ အကြီးကြီးကို ရှုံးသွားတာဖေဖေ"

ယုယက ပြောချင်တာပြောကာ အခန်းထဲကနေ ဝုန်းခနဲ ထွက်သွားလေလျှင် အခန်းဝမှာရပ်နေတဲ့ ပို့ကဗျာကို မြင်လိုက်ရတော့ ယုယရင်ထဲက ပွက်ပွက်ဆူနေသော ဒေါသသွေးတို့သည် ငရဲမီးထပ်ထည့်လိုက်သလို ဖြန်းခနဲ ဆူပွက်ပေါက်ကွဲကာ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ပို့ကဗျာရှေ့သို့သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ သူ့မျက်နှာတစ်ဖက်လုံး ချာခနဲ လည်ထွက်သွားအောင် ရိုက်ချပစ်လိုက်တော့သည်။

"သမီး"

ဖေဖေ လှမ်းတားလိုက်တဲ့အချိန်မှာ ယုယရဲ့ပါးတစ်ဖက်လည်း ပူခနဲဖြစ်သွား၏။ ဒေါသသွေးတို့သည် အဆုံးစွန် ပေါက်ထွက်လာကာ နောက်တစ်ချက် ထပ်ရိုက်ဖို့ လက်အပင့်မှာတော့ ယုယရဲ့လက်ကို ဖေဖေက ဝင်တားလေသည်။

"တော်တော့ ... နှစ်ယောက်လုံး တော်ကြတော့"

"မတော်နိုင်ဘူး ဖေဖေ။ ဒီကိစ္စက သမီးတို့ချင်း ရှင်းရမယ့်ကိစ္စပါ။ ဖေဖေ ရှောင်ပေးပါ"

"ဟား ... ဒုက္ခပါပဲကွာ။ အဓိပ္ပာယ်မရှိတာ။ မိသားစုချင်း ချစ်ချစ်ခင်ခင် နေကြစမ်းပါ။ အိမ်ပူကြီးဖြစ်အောင် မလုပ်စမ်းပါနဲ့"

"အန်ကယ် ... ဗျာတို့လူငယ်တွေ အပြတ်ရှင်းရမှာပါ"

"ဟာ ... ပြောမရလည်း လုပ်ကြတော့ဟာ။ ဒီလောက်ဆိုးကြတဲ့ဟာတွေ ဖြစ်ကြ အဲဒီမှာ"





ဖေဖေက ဒေါသတွေကြီးကာ ဝုန်းဒိုင်းကြဲထွက်သွားလျှင် ယုယသည် လိုက်တားမနေတော့ဘဲ ပို့ကဗျာနဲ့ကိစ္စ အရင်ရှင်းရလေသည်။

"နင် သိပ်အောက်တန်းကျတယ် ပို့ကဗျာ"

"ငါ့အသားကို နာကျင်အောင်ရိုက်တဲ့မိန်းမကို ငါ လုံးဝ မကျေဘူး။ နင့်ကို ငါ တစ်ချက်ရိုက်ပြီးပြီ။ နောက်တစ်ချက်ရိုက်ဖို့ ကျန်သေးတယ်"

ပို့ကဗျာက ပြောပြီးထွက်သွားလျှင် ယုယက သူ့လက်မောင်းတစ်ဖက်ကို လှမ်းဆွဲလိုက်လျှင် ပို့ကဗျာရဲ့ခြေလှမ်းတွေက တုံ့ခနဲရပ်သွားလေသည်။

"နင်က အနိုင်နဲ့ပိုင်းပြီး ထွက်သွားလို့ရလိမ့်မယ်လို့ ထင်နေသလား။ နင် နေဝန်းခကို ဘာလို့လက်ခံသလဲ ဆိုတာကို ငါသိနေတယ်။ အေးပေါ့လေ ... မမြင်ဘူးတဲ့ ငွေပုံကြီးကို မြင်ရတော့ မခွာနိုင်ဖြစ်နေတာပေါ့"

"တော်တော့ ... နင် များနေပြီ။ ငါ့အပေါ်ကို ကြိမ်ဖန်များစွာ နှိမ်ချဆက်ဆံတာတွေကို ရပ်လိုက်တော့။ ရွှေဘုန်းဂါကို နင်ရထားတာပဲ။ နိုင်အောင်ထိန်းထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... သိပ်ရယ်စရာကောင်းတဲ့ အပေါစားပျက်လုံး။ နင် စွန့်ပစ်လိုက်တဲ့ပစ္စည်းကို ငါက တန်ဖိုးထားရမှာလား။ ထွစ် ... ဝေးသေးတယ်။ ဒီမှာ ပျို့ကဗျာ၊ ငါပြောတာကို ရှက်တယ်ဆိုရင် နင် ဒီအိမ်ကနေထွက်သွား။ ငါနဲ့ အဝေးဆုံးမှာ သွားနေလိုက်။ နင်ဟာ ငါ့အတွက် မကောင်းဆိုးဝါးပဲ။ နေဝန်းခကိုလည်း မပတ်သက်နဲ့။ ငါတို့နဲ့ ကင်းအောင်နေပါ"

"တော်ကြတော့၊ ယုယ ... နင် လွန်သွားပြီဟာ"

ယုယတို့ရဲ့စကားဝိုင်းထဲ ဝင်ချလာသူက နေဝန်းပဲ ဖြစ်လေသည်။ နေဝန်းက ပွဲထိန်းအဖြစ် ဝင်ဟန့်ကာ ဗျာ့လက်ကို ဆွဲခေါ်လျှင် ဗျာကပဲ အဲဒီလက်တွေကို ပုတ်ထုတ်လိုက်လေသည်။

"ယုယုယ ... နင်နဲ့ ငါက ဘာကိုပြိုင်နေတာလဲ။ ဟင် ?"

"နင် ငါ့ဘဝထဲကို ဝင်လာတဲ့ အချိန်ကတည်းက နင်နဲ့ ငါ ပြိုင်ခဲ့တာပဲ။ ငါ့အဖေကို လုယူသွားတဲ့ နင်တို့ကို ငါ ဘယ်တော့မှ မမေ့ဘူး။ အဖေက နင်တို့ကြောင့် ငါ့ကို ဟိုတုန်းကလို ဂရုမစိုက်တော့ဘူး။ နင်တို့ ငါ့ဘဝထဲကို





ရောက်လာတဲ့အချိန်ကစပြီး ငါ့မှာ နာကြည်းချက်တွေချည်းပဲ ...

ငါ့ဘက်ကို နင်တို့ တစ်ခါတောင် စာနာတွေးခဲ့ပေးဖူးသလား။ နင် ဆရာဝန်ဖြစ်တော့မယ်ဆိုတဲ့ အချိန်မှာ ငါ ဘယ်လောက် ကြေကွဲနေရသလဲ ဆိုတာကိုကော နင် တွေးကြည့်ဖူးသလား ပျို့ကဗျာ"

ယုယက မျက်ရည်တွေ ဝေ့သီလာရင်း တကယ်ကြီး ပြောလာသောအခါ ဗျာ အရမ်းအံ့ဩရလေသည်။ ဒီစကားတွေက ယုယုယရဲ့ ရင်တွင်းစကား အမှန်တွေပဲလား။

"ယုယ ... အန်တီ မှားသွားပြီ ကလေးရယ်"

ဒီအသံဟာ မေမေ့ဆီက အသံဆိုတာ သိတာမို့ ဗျာက လှည့်ကြည့်လိုက်လျှင် တကယ်ပဲ မေမေနှင့် အန်ကယ် ဦးမြတ်ခ ဖြစ်လို့နေသည်။

"ကဲ ... အားလုံးပဲ ဖေဖေပြောတာကို နားထောင်ပါ။ သမီးစိတ်ထဲမှာ ဝင်နေတဲ့ အတွေးတွေက အမှားတွေပဲ။ အဖေ မိကို အိမ်ထောင်ပြုလိုက်တာဟာ နွေးထွေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိသားစုဘဝကို တည်ဆောက်ဖို့မှာ။ ဖေဖေ့မှာ သမီးကြီး ယုယ၊ သားနေဝန်းနဲ့ သမီးဗျာ သားသမီးသုံးယောက်ရှိတယ်။ နေဝန်းကိုတော့ ပိုချစ် ဗျာ့ကိုတော့လျော့ချစ်ဆိုတဲ့ စိတ်ထားမျိုးလည်း မရှိခဲ့ဘူး။ ဒီသမီး ဒီသားတွေနဲ့ ပျော်ပျော်ရွှင်ရွှင်ဘဝကိုဖြတ်သန်းချင်တာ ဖေဖေ့ ရည်ရွယ်ချက်ပဲ”

“အန်တီလည်း မှားပါတယ်။ မင်းတို့နှစ်ယောက် အထူးသဖြင့် ယုယအပေါ်မှာ ယုယနဲ့အပြိုင် စိတ်ထားမိခဲ့တယ်။ အခုတော့ ယုယစကားတွေကို ကြားရတော့ အန်တီတကယ် ခံစားရတယ်။ ပြီးတော့ မှားသွားတယ် ဆိုတာကိုလည်း သိလိုက်တယ် …

သမီးလေး ဗျာကို အပြစ်မတင်ပါနဲ့ ယုယရယ်။ သူက သူ့ခံစားချက်ထက် အမေ့ခံစားချက်ကို ဦးစားပေးတဲ့ ကလေးပါ။ အန်တီခိုင်းတဲ့အတိုင်း သူ လုပ်ရလို့ ယုယနဲ့ ထိပ်တိုက်ဖြစ်သွားရတာပါ”

ယုယကို လှိုက်လှိုက်လှဲလှဲ ရှိလာသော ဒေါ်မိမိချိုရဲ့မျက်ဝန်းတွေထဲမှာ အေးချမ်းမှုတစ်ခုကို တွေ့ရလေသည်။





“အကြောင်းအရာမရှိတဲ့ ပြဿနာတွေကို ပိုက်ကွန်တစ်ခုလို အုပ်ထားလို့ကတော့ ဒီမိသားစုဟာ သာယာချမ်းမြေ့မှာ မဟုတ်ဘူး။ ယုယ … နင်က ငါ့အစ်မပါ။ ကျွန်တော်တို့တွေ အဆိုးထဲက အကောင်းဆုံးတစ်ခု ရရှိတာပဲလေ။ အန်တီဟာ ကျွန်တော်တို့အတွက် သဟာဇာတဖြစ်လာတော့မယ့် မိခင်ကောင်းတစ်ယောက်လို့ ကျွန်တော် ယုံတယ်။ ယု တောင်းပန်ပါတယ်။ ကျေပါတော့နော်”

နေဝန်းကပါ ကြားထဲက ဝင်ပြောပေးကာ နားချပေးတာကြောင့် ယုယစိတ်တွေဟာ အနည်းငယ်တော့ ပျော့ပျောင်းလာရလေသည်။ ဒါပေမဲ့ အခံမကြေနိုင်သေးတဲ့စိတ်က ရင်ထဲမှာ ဖုတုတုတော့ ရှိနေဆဲဖြစ်၏။

“ဗျာ … ဘယ်လိုလဲဟင်။ ဖေဖေပြောသလိုမျိုး သာယာပျော်ရွှင်စရာကောင်းတဲ့ မိသားစုမျိုး တည်ဆောက်နိုင်ဖို့ အမိက,က ဗျာနဲ့ယုယ ပြေလည်ဖို့ လိုအပ်တယ်”

“ဗျာ … မေမေ့သမီးလေး၊ မေမေ့အတ္တတွေကြောင့် အရမ်း ခံစားနေရရှာပြီနော်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပူပါနဲ့ အန်တီ။ ဗျာ့ကို ကျွန်တော် တစ်သက်လုံး မောင်နှမတွေလို သဘောထားနိုင်ပါတယ်။ ဗျာနဲ့ ယုယ ပြေလည်ဖို့ပဲ အရေးကြီးပါတယ်"

ယုယက အံ့အားတသင့်ဖြင့် နေဝန်းကို လှည့်ကြည့်မိလေသည်။ ဘာကိစ္စ နေဝန်းက နောက်ဆုတ်ပေးလိုက်ရတာလဲ။ ယုယသည် နေဝန်းရဲ့လက်မောင်းတွေကို ခပ်ကြမ်းကြမ်း လှုပ်ယမ်းရင်းက ...

"နေဝန်းခ ... နင် ရူးနေပြီလား။ ဘာကိစ္စ နင်က လက်လွှတ်အရှုံးပေးချင်နေရတာလဲ"

"တော်ပါတော့ဟာ။ နင့်ရဲ့အာဃာတတွေ အငြိုးတွေ ဒီနေ့ရာမှာပဲ ရပ်လိုက်ပါတော့။ ကျွန်တော်ကတော့ ဗျာ့ထက်အားလုံးပျော်ရွှင်ပြီး စုစည်းတော့မယ့် မိသားစုဘဝလေးကို ပိုမက်မောတယ်။ ဗျာ့ကို သူချစ်တဲ့သူနဲ့ ဆုံပါစေ။ ဘယ်လိုလဲ ဗျာ၊ ငါတို့တွေ မောင်နှမတွေအဖြစ် ရန်မဖြစ်ဘဲ ရှိနိုင်ပါမလား"

"ဗျာက ညီအစ်ကိုမောင်နှမစိတ်ဓာတ် ထားနိုင်ပါတယ်"





ယုယသည် မျို့ကဗျာဘက်ကို မျက်လုံးတစ်ချက် လှန်ကြည့်လိုက်သည်။ ဟွန့် ... ပုံစံကိုက သူအနိုင်ရလို့ ကျေနပ်နေတဲ့ရုပ်နဲ့။

"ကဲ ... ဒီနေ့ကစပြီး ဖေဖေ့သားသမီးတွေ တစ်စိတ်တစ်ဝမ်းတည်း ဖြစ်သွားပြီနော်။ ပြီးတော့ မိကလည်း ကလေးတွေရဲ့မိခင်ကောင်းအဖြစ် နေသွားလိမ့်မယ်လို့ ယုံတယ်။ ဘဝဆိုတာ တိုတိုလေးပါကွာ။ မိသားစုရယ်လို့ ဖြစ်လာပြီဆိုရင် စည်းစည်းလုံးလုံးနဲ့ မိသားစုစိတ်ဓာတ်နဲ့ နေကြရင် စိတ်ချမ်းသာစရာ ကောင်းပါတယ်။ အဓိက,ကတော့ သမီးယုယနဲ့ ဗျာ သိပ်တော်ကြတဲ့ ငါ့သမီးနှစ်ယောက်သာ အဆင်ပြေသွားမယ်ဆိုရင် ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ"

"ယု ... အဖေ တောင်းဆိုနေတာပဲဟာ။ စိတ်လျှော့လိုက်ပါနော်"

အားလုံးရဲ့မျက်ဝန်းတွေက ယုကို ငံ့လင့်နေသောအဓိပ္ပာယ်တွေဖြင့် ကြည့်နေကြလေသည်။ ယုယ တကယ်ပဲ ဂါ



www.burmeseclassic.com

www.burmeseclassic.com



ကို စွန့်လွှတ်နိုင်တယ်ပဲ ထားဦးတော့ ဒေါ်မိမိချိုကတော့ ယုယ အပေါ် ဘယ်လိုသဘောထားတွေနဲ့ ဆက်ဆံဦးမှာလဲ"

"ယုယ ... ငါ တကယ်ပဲ နင်နဲ့ ကတောက်ကဆတွေ မဖြစ်ချင်ပါဘူး။ အမြဲတမ်း ချိုးနှိမ်ခံရတဲ့ စိတ်တစ်ခုရဲ့ တွန်းအားပေးမှုကြောင့် ငါတို့တွေ ဒီလိုဖြစ်သွားတာပါ။ ငါတို့မိသားစုစိတ်ဓာတ် ထားကြတာပေါ့"

ယုယက စိတ်ထဲမှာ ဝေခွဲရခက်နေကာ အားလုံးကို ထားပစ်ခဲ့၍ အခန်းထဲဝင်ကာ တံခါးကို ဝုန်းခနဲ ဆောင့်ပိတ်ပစ်လိုက်တော့သည်။

♥✦♥





## ၁၇

မနက်ပိုင်း ဘရိတ်ဖတ်စ်တောင် မစားနိုင်ဘဲ ယုယက အိမ်ကနေ စောစောထွက်လာခဲ့သည်။ ဆိုင်ခန်းကိုသွားကာ ကိုယ့်ဘာသာ တစ်ယောက်တည်း ကော်ဖီဖျော်ကာ စာရွက်ပေါ်မှာ ဒီဇိုင်းတစ်ခုကို ဟိုခြစ်ဒီခြစ် လျှောက်ခြစ်နေမိသည်။ စိတ်တွေဟာ ရှုပ်ထွေးနောက်ကျိနေလျက် တကယ်ကို တောင်စဉ်ရေမရ ဖြစ်နေတာပဲဖြစ်သည်။

"တကယ်ပဲလည်း နင် မချစ်ဘဲနဲ့ xxx ခံစားချက်တို့ မပေးပါနဲ့"

ဖုန်း ring သံကြောင့် ယုယက နံပါတ်ကို ကြည့်လိုက်လျှင် ဂျဲဆီကဖုန်း ဖြစ်လေသည်။ ယုယက လေပူတစ်ချက်မှုတ်ထုတ်ကာ ဖုန်းကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ယုယ ... ကိုယ် မင်းဆိုင်ရှေ့မှာ ရောက်နေတယ်"

ဟင် ...။

ဂါက ဆိုင်ရှေ့တောင် ရောက်နေတယ်ဆိုတော့ ဒါ အိမ်က တစ်ယောက်ယောက်နဲ့ ချိတ်ထားတယ်နဲ့တူတယ်။

"ဝင်လာခဲ့လေ"

ယုယက ဆိုင်ခန်းတံခါး ဖွင့်ဝင်လာသော ဂါ့ကို တစ်ချက်ငေးကြည့်လိုက်မိသည်။

ဂါသည် စားပွဲပေါ်သို့ မုန့်ဘူးတစ်ခုကို တင်ပေးလိုက်လျှင် ယုယက မေးဆတ်ပြရင်း ...

"အဲဒါ ဘာတွေလဲ"

"ဆင်းဒ်(ဝ်)ချ် ... breakfast ဘာမှမစားရသေးဘူးဆို။ အဲဒါ ဗျာ ကိုယ်တိုင် လုပ်ထားတာ"

ယုယက နှာခေါင်းမှ လေထွက်ရုံ ဟင်းခနဲ ရယ်လိုက်မိသည်။ ပြီးတော့ မုန့်ဘူးကို ဖွင့်လိုက်၏။ စားချင်စဖွယ် ပြင်ဆင်ပေးလိုက်သော ဒီဆင်းဒ်(စ်)ချ်တွေကို ယုယက ခဏ





လောက် ငေးကြည့်ကာ ပြုံးမြမြ မျက်နှာထားဖြင့် ထိုင်ရာမှထ လိုက်ပြီး အဲဒီ မုန့်ဘူးထဲက ဆင်းဒ်(ဝ်)ချ်တွေကို အမှိုက်ပုံးထဲ သို့ ကဗျာဆန်စွာ သွန်ချလိုက်တော့သည်။

"ယုယုယ ... မင်း ဒါဘာလုပ်တာလဲ"

ထင်ထားပုံမပေါ်သော ယုယရဲ့အပြုအမူကြောင့် သူက အသည်းအသန်ကြီး ထအော်လေလျှင် ယုယသည် သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ကာ ...

"မြင်တဲ့အတိုင်းပဲလေ"

"ဟား ... ယုယ၊ မင်းဟာ သိပ်အတ္တကြီးပြီး အငြိုးပြင်း တဲ့မိန်းမပဲ။ အခု မင်းသွန်ပစ်လိုက်တဲ့ ဆင်းဒ်(စ်)ချ်ထဲ မှာ ဗျာရဲ့စေတနာတွေပါတယ်"

ယုယက အဲဒီအပြောတွေကို နားခါးစွာ ဟားခနဲ ထအော်လိုက်ရင်းက သူ့ရဲ့မျက်နှာတွေကို စေ့စေ့စိုက်ကြည့်ကာ ...

"စေတနာ ... ဟား ... ဟား၊ ကျွန်မပိုင်ဆိုင်သမျှ အရာ အားလုံးကို လုယူချင်တဲ့ စေတနာလား။ လာပြောမနေနဲ့ ရွှေဘုန်းဂါ၊ သူ့ကို ငါ မေ့ထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ယုယ။ မင်း စိတ်တွေပွက်ပွက်ဆူနေတာပါ။ အားလုံး အဆင်ပြေတော့မယ့် အချိန်တစ်ခု ရောက်လာပြီလေ။ မင်း ဘာဖြစ်လို့ ခေါင်းမာချင်ရတာလဲ။ ဗျာက မင်းကို မုန်းမနေဘူးလို့ ကိုယ်ယူဆတယ်"

"………"

"ယုယ … အချစ်မပါဘဲနဲ့ အိမ်ထောင်တစ်ခု ထူထောင်လို့မရဘူး။ အချစ်မပါဘဲနဲ့ မိသားစုတစ်စုဟာ မသာယာနိုင်ဘူး။ ယုယတို့ မိသားစုတွေ ပျော်ရွှင်စည်းလုံးဖို့အတွက် ယုယဘက်က အချစ်ပဲလိုတော့တယ်။ အခုဆို အန်တီလည်း သူမှားခဲ့တာတွေအတွက် ပြင်ဆင်ဖို့ ကြိုးစားနေပြီ။ မင်းဘက်ကသာ လျှော့လိုက်မယ်ဆိုရင် ပျော်စရာကောင်းသွားမှာပါ"

ယုယက တောက်တစ်ချက် ခေါက်လိုက်ကာ …

"နင်ကြားထဲက ရှေ့နေဝင်လုပ်မနေနဲ့။ ငါ့ကို ဘယ်သူမှ နားချလို့ မရဘူး။ ဒီမှာ ပို့ကဗျာကို ပြောလိုက်။ ငါဘယ်တော့မှ အလျှော့ပေးလိမ့်မယ်လို့ မထင်နဲ့လို့။ နင်နဲ့ သူ့ကို ရအောင်ခွဲမှာပဲ"





"မင်းပြောလို့ ပြီးသွားပြီလား။ တကယ်တမ်း မင်းစဉ်းစားကြည့်ပါ။ ဘယ်သူက တရစပ် ထိုးနှက်နေတာလဲ။ ဒီမှာ ယုယ … ငါနဲ့ ဗျာ့ကိုကျတော့လည်း မင်းက ဖျက်တယ်။ နေဝန်းနဲ့ ကျပြန်တော့လည်း လိုက်ကန့်ကွက်တယ်။ ငါက ဗျာ့ကို ဘယ်လောက်ချစ်ချစ် ဗျာက လက်သင့်မခံဘူး။ သူနဲ့ပတ်သက်ပြီး တော်စပ်ရမယ့် မိသားစုထက် မင်းနဲ့ပတ်သက်ပြီး တော်စပ်ရမယ့်မိသားစုက ငါ့အတွက်ပိုတန်ဖိုးရှိလိမ့်မယ်။ အဲဒါကြောင့် သူ့ကို မေ့လိုက်ပါတဲ့။ အဲဒီစကားတွေအတွက် ငါ မင်းကို လက်ခံနေရတာ"

ယုယသည် အခုချိန်မှာ ဘာပြောပြော လက်သင့်မခံစွာဖြင့် ခေါင်းကိုတွင်တွင်ခါယမ်းကာ …

"သွား … တော်တော့။ ဆက်မပြောနဲ့တော့။ နင်တို့ကို ငါက ဘယ်တော့မှ သဘောမတူဘူး။ သွားတော့ … ရွှေဘုန်းဂါ။ ငါ့စိတ်တွေကို ထပ်ပြီး အနှာတရဖြစ်အောင် မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီ။ ကိုယ် သွားတော့မယ် ယုယ။ မင်းစိတ်တွေ အမြန်ဆုံး အေးချမ်းသွားပါစေလို့ ကိုယ်ဆုတောင်းပါတယ်"

ဂါက ထွက်သွားလေသည်။ ယုယသည် ဆိုဖာပေါ်မှာ ပုံရက်သား ထိုင်လိုက်ရင်းက မျက်ရည်တွေ ကျလာရသည်။ ယုယက မိန်းမကြမ်းကြီး ဖြစ်လို့နေပြီတဲ့လား။ ဘာဖြစ်လို့များ အချစ်ကံခေရတာလဲ။ ယုယအတွက် အရှုံးတွေကသာ လက်ကမ်းကြိုဆိုနေတဲ့အချိန်မှာ ယုယဟာ အဲဒီအရှုံးကိုပဲ ရင်ဝယ်ပိုက်ပြီး အနိုင်တိုက်ဖို့ အားမွေးထားလိုက်လေသည်။

♥ ✦ ♥





ဗျာက ခုံတန်းလျားလေးပေါ်မှာ တစ်ယောက်တည်း ထိုင်ငေးနေစဉ်မှာ ဗျာနံဘေးသို့ ကပ်ထိုင်လေသော သူ့ကိုကြည့်လိုက်လျှင် ဂါဖြစ်လို့နေသည်။ ဗျာကို အပြုံးတစ်ခုပြုံးပြရင်းက ...

"မနက်ကတောင် ကိုယ် ဗျာကျောင်းကို ရောက်သေးတယ်။ ဗျာ ဒီနေ့ ကျောင်းမတက်ဘူး။ ဒီလာတယ်ဆိုလို့ ကိုယ်လိုက်လာတာ"

"သူ ဆင်းဒဝိစ်ချ်စားလားဟင်"

"ဟင့်အင်း ... မစားဘူး"

ဗျာက ကြိုတွေးထားပြီးသားမို့ ထူးထွေပြီး အံ့သြမနေပါ။ ခေါင်းတစ်ချက် ညိတ်ပြလိုက်ရင်းက ...

"သွန်ပစ်လိုက်တယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဟုတ်တယ်ဗျာ။ ဗျာ ... ကိုယ်တို့ တစ်ခုခု သွားစားကြမလားဟင်"

အဲဒါ ဂါ စကားလွှဲတယ်ဆိုတာ သိနေတာမို့ ဗျာက ခေါင်းခါလိုက်ရင်း ...

"ဟင့်အင်း ... ဒီမှာ ထိုင်နေရတာက အေးဆေးရှိတယ်။ စိတ်လည်း တည်ငြိမ်တယ်"

ဗျာက အဲဒီလိုပြောလိုက်လျှင် သူက ဘာမှဆက်မပြောတော့ချေ။ နှုတ်ဆိတ်ထိုင်နေလျက် ဗျာ့ကိုသာ ငေးကြည့်နေ၏။ မနက်က ဗျာကိုယ်တိုင်ပဲ သူ့ကိုဖုန်းဆက်၍ အကြောင်းစုံပြောပြကာ ယုယစိတ်တွေတည်ငြိမ်အောင် သူ့ကို အကူအညီတောင်းခဲ့တာဖြစ်သည်။ ဗျာ့အပေါ်ကို ချစ်နိုင်လွန်းတဲ့သူရဲ့ အဖြေကို အခုထိ ဗျာ နားထဲက မထွက်သေးပေ။

"ကိုယ့်နှလုံးသား တစ်ခုလုံးကို ချကျွေးပစ်ရအောင်တော့ ကိုယ် သဘောမကောင်းနိုင်ဘူးဗျာ။ ဗျာ့ကိုပဲ ချစ်လို့ ကိုယ် လူကြီးတွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ဖွင့်ပြောခဲ့တာ။ ဗျာ ... အခုချိန်မှာ အခြေအနေတွေ ပြောင်းနေပြီ။ ဗျာ့





ရင်ထဲမှာ ကိုယ်နဲ့ပတ်သက်တဲ့ ခံစားချက်တစ်ခုခု ရှိမယ်ဆိုတာ ကိုယ် သိတယ်။ ကိုယ့်ကို ဖွတ်မမေ့လိုက်ပါနဲ့နော်"

အဲဒီစကားကြောင့် ဗျာ့စိတ်တွေ မတည်မငြိမ်ဖြစ်နေစဉ်မှာပဲ မေမေကိုယ်တိုင်ကိုက ဗျာ့ကို လာပြောသည်မှာ ...

"အခုဆို မေမေ နောင်တရတယ်လို့ပဲ ပြောရတော့မယ်။ မနေ့က ယုယ ပြောတာတွေကို နားထောင်ရတော့ မေမေ သူ့ကို ကိုယ်ချင်းစာမိသွားတယ်။ မေမေတို့ဘက်က ခံစားချက်ရှိသလို သူ့ဘက်မှာလည်း ခံစားချက်ရှိမှာပေါ့၊ ပြီးတော့ မေမေ့သမီးလေးမှာလည်း ခံစားချက်ရှိတာ ပဲ။ သောရီးပါ သမီးရယ်။ မေမေ့ရဲ့လောဘ၊ ဒေါသတွေ အတ္တတွေကြောင့် မေမေ့သမီးလေး ခံစားနေရပြီ။ အခုဆို နေဝန်း ကိုယ်တိုင်ကိုက နားလည်သွားပြီပဲ။ သမီးကို မေမေ သမီးဆန္ဒအတိုင်း အရာရာကို ဆုံးဖြတ်ခွင့်ပေးလိုက်ပြီ"

အဲဒီလိုမျိုး ဗျာ့စိတ်နဲ့ဗျာ ဆုံးဖြတ်ခွင့်ရတော့လည်း ဗျာ့မှာ ပျော်ရွှင်မှုမရှိဘဲ တွေဝေတုံ့ဆိုင်းနေရတာပဲဖြစ်၏။ ဗျာ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အေးတိအေးစက်ပုံစံကို သူက ကြည့်နေရင်းကမှ ဗျာ့လက်လေး တစ်ဖက်ကို ဆုပ်ကိုင်လာကာ ...

"စိတ်တွေ ပင်ပန်းနေပြီ။ နားပါတော့ ဗျာရယ်။ ကိုယ် ဗျာ့ရှေ့ကနေ ရပ်တည်ပါရစေ ... နော်"

"မဖြစ်နိုင်ဘူးထင်တယ်"

"ဘာကို မဖြစ်နိုင်ရတာလဲဗျာ။ အခုဆို တစ်ယောက်စိတ် တစ်ယောက် မြင်နေပြီပဲ။ ဟန်ဆောင်ထိန်းချုပ်တာဟာ ပင်ပန်းပါတယ် ဗျာရယ်"

"ဟင့်အင်း ... ဗျာ ဟန်မဆောင်ချင်တော့ဘူး ဂါ။ ယုယ က ရှင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ဗျာ သိတယ်။ သူချစ်မြတ်နိုးတဲ့ အရာတိုင်းကို ဗျာ လုထားပါတယ်ဆိုတဲ့ စွပ်စွဲချက်တွေကြားမှာ ဗျာ မျက်နှာမငယ်ချင်ဘူး"

ဗျာ ရှေ့က ရှောင်ထွက်သွားဖို့ ထရပ်ကာ သွားဖို့ ပြင်လိုက်လျှင် သူက ဗျာ့လက်ကို လှမ်းဆွဲထားလိုက်သည်။

"ဗျာ ... ကိုယ်က ဘယ်တော့ပဲဖြစ်ဖြစ် ဗျာတစ်ယောက် တည်းကိုပဲ ချစ်မယ့်သူပါ"





ဗျာသည် မကြားချင်တော့အောင် နားကျင်ပင်ပန်း လှသော နှလုံးသားကို တစ်ချက်လေးတောင် ငဲ့ကြည့်မနေတော့ဘဲ သူ့ကို ကျောခိုင်းထားခဲ့လိုက်တော့သည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



ဗျာ့ရဲ့ပင်ပန်းကြီးလှသော ခံစားချက်တို့အတွက် ဗျာ့ကို ငဲ့ညှာသနားတယ်ဟု ယူဆရသော ကံကြမ္မာသည် ဗျာ့ကို လက်ဆောင်တစ်ခု ပေးလေသည်။ တစ်ကျောင်းလုံးမှာမှ သုံးယောက်ပဲရွေးကာ နိုင်ငံခြားမှာ full scholar ပညာသင်ဖို့ လူစာရင်းမှာ ဗျာက အလွန်ကံကောင်းစွာ ရွေးချယ်ခံရလေသည်။ ဗျာ့အတွက်တော့ ဒါဟာ ဘုရားလည်းဖူး လိပ်ဥလည်းတူးဆိုသလို အခွင့်အရေးပဲဖြစ်၏။ ဗျာ သွားမယ့်ကိစ္စအတွက် သဘောသိပ်မတူချင်သော မေမေ့ကို ဗျာက နားဝင်အောင် ဖျောင်းဖျရလေသည်။

"ဒါ လူတိုင်းမရနိုင်တဲ့ အခွင့်အရေးပါ မေမေရယ်။ ဗျာ့အနာဂတ်လည်း ဒီ့ထက်မက တိုးတက်မယ်။ ပြီးတော့ ယုယ သူ့စိတ်ကို သူပြန်တည်ဆောက်နေတဲ့ အချိန်မှာ ဗျာ မရှိတာဟာ သူ့အတွက် ပိုပြီးရင့်ကျက်သွားစေမှာပါ။ မေမေ သူ့ကို မမုန်းပါနဲ့တော့နော်"





"သမီးလေးရယ်"

ဗျာက ချစ်ရသော မေမေ့ရင်ခွင်မှာ ပါးအပ်ထားရင်းက ကြည်ကြည်နူးနူး ပြုံးမိသွားသည်။ တစ်ဆက်တည်းမှာပဲ ဗျာ့ကိုချစ်သော သူ့အတွက် မေမေ ထွက်သွားချိန်မှာ စာတစ်စောင် ကောက်ရေးလိုက်လေသည်။

"ဂါရေ ...

ဒီစာကို ဖတ်နေရချိန်မှာ ဗျာ ရှင်တို့နဲ့ဝေးတဲ့ တစ်နေရာကို ရောက်နေလောက်ပါပြီ။ ဗျာ့အတွက် အပင်ပန်းခံပြီး ရှင့်အချိန်တွေ မကုန်စေချင်ဘူး။ ဟိုတုန်းကလို နောက်နောက်ပြောင်ပြောင်နဲ့ ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းတဲ့ ရွှေဘုန်းဂါအဖြစ်နဲ့ပဲ မြင်ချင်ပါတယ်။ အချစ်ဆိုတာ ခဏလေးပါပဲ။ အချိန်တွေ ပြောင်းလဲလာတာနဲ့အမျှ ဂါရဲ့ ခံစားချက်တွေ ပြောင်းလဲမှာပါ။ ဗျာ့ကို နားလည်ပေးခဲ့တဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။

Good Bye ...

နှုတ်ဆက်ပါတယ် ဂါ"



www.burmeseclassic.com

www.burmeseclassic.com



ဗျာက စာခေါက်လေးကို စာအိတ်ထဲထည့်ပြီးနောက်မှာတော့ မျက်ရည်တစ်စက်က ပေါက်ခနဲ လိမ့်ဆင်းသွားတော့သည်။

♥ ✦ ♥

ရဲတနှဝေဝေပေ






# သုံးနှစ်ကြာပြီးနောက် ...

www.burmeseclassic.com

www.burmeseclassic.com







## ၁၈

"သမီးလေး ... ကြည့်စမ်း လှလာလိုက်တာ"

လေဆိပ်မှာ ဗျာ့ကို မေမေ လာကြိုသလို ဗျာမထင်ထားသော သူတွေပါ လာကြိုတာကြောင့် ဗျာ အရမ်းပဲအံ့သြရလေသည်။ ဗျာက တအံ့တသြဖြင့် ယုယကို ကြည့်လိုက်လျှင် ယုယက ဖော်ရွေသော အပြုံးတစ်ခုဖြင့် နှုတ်ဆက်လေသည်။

"နေကောင်းတယ်နော် ဗျာ။ နင့်ကို မတွေ့ရတာ ကြာလို့လားမသိဘူး၊ ပိုလှလာသလိုပဲ"

"ကျေးဇူး ယုယ။ နင်လည်း အရမ်းရင့်ကျက်သွားတယ်နော်။ ဟော ... နေဝန်း၊ ဘယ်လိုလဲ၊ အားလုံးအဆင်ပြေသွားတယ်မှလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြေတာပေါ့။ နေဝန်းက နင်ထွက်သွားပြီးကတည်းက အရင်နဲ့ကို မတူတော့ဘူး။ ပြီးတော့ သူလည်း မကြာခင် ဖွဲ့တော့မယ်လေ"

ဗျာက အဲဒီစကားကြောင့် ကျေနပ်စွာ ပြုံးမိသွားသည်။

ဒီလိုပဲ ဖြစ်သင့်တာကြာပြီပဲ။

နေဝန်းက ချစ်စရာကလေးငယ်လေးကို ချီပွေ့ထားလေသည်။

"ဒါ ငါ့သားလေးလေ။ အဖေတူလေးပေါ့။ ပေး ... သားကို ယုပေး"

နေဝန်းလက်ထဲကနေ ယုယက ကလေးကို လှမ်းယူလိုက်တာကို ဗျာက တမေ့တမော ငေးကြည့်ရင်းကမှ သူ့ နှုတ်ဆက်မှ ဗျာ အသိပြန်ဝင်လေသည်။

"နေကောင်းတယ်နော် ဗျာ။ ကိုယ် ဗျာပြောသလိုမျိုးပဲ အများကြီး ပြောင်းလဲသွားပြီ သိလား"





"အင်း ... ဟုတ်တယ်။ Congratulation ပါ နေဝန်း"

"ကဲပါ ... အိမ်ပြန်ရောက်မှ အေးဆေးစကားပြောကြမယ် ဟော့။ လာ ... သမီး၊ ကား အဆင်သင့် ရောက်နေပြီ"

ဗျာတို့တွေက လေဆိပ်ထဲကနေ ထွက်လာခဲ့ကြတော့သည်။ ဗျာသည် ကားပေါ်မှာ စကားများများမပြောနိုင်ဘဲ ပတ်ဝန်းကျင်ကိုသာ ငေးကြည့်နေမိသည်။ အရမ်းကို ပြောင်းလဲလာသော ပတ်ဝန်းကျင်တွေကသာ ဗျာ့ကို အထူးဆန်းဖြစ်တာမဟုတ်။ အခြေအနေတွေကပါ ဗျာ့ကို ထူးဆန်းစေလေသည်။ အဲဒီထဲက ဝမ်းသာစရာကတော့ ယုယတစ်ယောက် ဗျာ့တင်မကဘဲ အရာရာကို အပြုံးနဲ့ ဆက်ဆံတတ်လာတာပဲဖြစ်သည်။ မေမေနဲ့လည်း အရမ်းအဆင်ပြေပုံ ရလေသည်။ အိမ်ပြန်ရောက်ပြီး ခဏနေတော့ ယုယက ပြန်လေ၏။

"ဗျာရေ ... အေးဆေး နားနေလိုက်ဦး။ ည ဒင်နာမှပဲဆုံမယ်ဟော့။ ဖေဖေကလည်း ဗျာ့ကို တွေ့ချင်နေတာ"

"သွားပြီနော် ဗျာ၊ ညနေမှ ဆုံမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

ဗျာက ယုယ ထွက်သွားတာကို မျက်စိတဆုံး ငေး နေတာကို ကြည့်နေသော မေမေက ...

"ယုယတို့လင်မယားက ဟိုဘက်လမ်းခြမ်းမှာ နေကြတာလေ"

"ဪ ... သူတို့တွေ တော်တော်အဆင်ပြေကြတယ်နော်"

"ဟုတ်တယ် သမီးရေ။ ကောင်လေးက တော်တော်ချစ်ရှာ တယ်လေ။ အခု ကလေးပါရှိလာတော့ ပိုပြီး အိမ်ထောင် ရေး နိုင်မြဲတာပေါ့"

ဗျာက ကြည်နူးစွာ မှုဒိတာပြုံး ပြုံး၍ ခေါင်းညိတ် လိုက်လေသည်။ ဝမ်းသာပါတယ် ယုယရယ်။ နင် အဲဒီလိုမျိုး အခြေကျနေတာကို မြင်တာ ဗျာ တကယ်ကို ဝမ်းသာပါတယ်။

"သမီး ... နားလိုက်ဦး။ ညနေကျရင် ဒင်နာစပါယ်ရှယ် လုပ်ထားတယ်။ တစ်ခါ သမီးကိုဖုန်းပြောတုန်းက မေမေ ပြောထားတာ မှတ်မိလား"

"ဘာလဲ မေမေ"





"သမီးကို သဘောကျနေတဲ့ တစ်ယောက် ဆိုတာလေ။ သူ့ကိုပါ ညနေ ဒင်နာလာဖို့ ဖိတ်ထားတယ်။ သမီးလည်း လေ့လာလို့ ရတာပေါ့"

"အာ ... မေမေရယ်။ ဗျာ မစဉ်းစားဘူးလို့ ပြောထားပြီး သားပဲဟာကို"

"ဪ ... ဒီလိုပဲ ထမင်းစားဖိတ်လိုက်တဲ့ သဘောပါ။ ကဲ ... ကဲ ... သမီး အေးအေးနားဦး။ ခရီးပန်းလာတယ် မှုလား"

ဗျာ့အနားက မေမေ ထွက်သွားလေသောအခါ ဗျာ သည် ဟူးခနဲ လေပူမှုတ်ထုတ်လိုက်ကာ ဆိုဖာကို နောက်ကျောမှီ ၍ မျက်ဝန်းတွေ အသာမှေးမှိတ်ထားလိုက်သည်။ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်လျက် ဆို့နင်နင် ဝေဒနာကြီးသည် အရှမ်းကို အီလည် လည်ဖြစ်ရလေသည်။

ဗျာကိုယ်တိုင် မေ့လိုက်ပါလို့ ပြောခဲ့ပေမယ့်လည်း မပြတ်နိုင်သေးတဲ့ စိတ်တို့သည် တစ်ခါတလေမှာ သူ ဗျာ့ကိုမှုး



www.burmeseclassic.com

www.burmeseclassic.com



စောင့်နေလေမလားလို့ မျှော်လင့်နေမိသေးတာပင်။ ဒါတော့လည်း ဒါပေါ့လေ။ အခုဆိုရင် သူ ဘယ်ရောက်နေမလဲ။

ဘာပဲဖြစ်ဖြစ် ဒီအခြေအနေလေးက ကောင်းတယ်လို့ပဲ ပြောရပေမည်။ နေတတ်ဖို့ပဲ လိုအပ်တဲ့ လောကကြီးမှာ ဗျာလည်း စာတွေအများကြီး တတ်လာသလို အရမ်းလည်း နေတတ်သွားပြီဖြစ်သည်။

♥ ✦ ♥





ဗျာ ဟိုမှာနေတုန်းက ရိုက်ထားတဲ့ ဓာတ်ပုံတွေကို facebook ပေါ်မှာ တင်ထားတာကို ကြည့်မိရင်း ဗျာ့ကို အသည်းအသန်ကြီး ကြွေကျသွားပါတယ်ဆိုသော သူကပါ ဗျာတို့မိသားစု ဒင်နာကို ရောက်လာသောအခါ ဗျာသည် သူ့ကို အကဲခတ်ခွင့် ရလေသည်။ ခပ်အေးအေးဒီနိုင်း နေတတ်ပုံ ပေါ်လေသည်။ ဗျာတို့ ထမင်းစားပြီး အချိုတည်းနေချိန်မှာတော့ အန်ကယ် ကိုယ်တိုင်ကိုက သူနဲ့ အေးဆေး စကားသွားပြောဖို့ တိုက်တွန်းလေသည်။

“သမီး ဗျာ ... ခြံထဲမှာ အေးဆေးစကားသွားပြောလေ”

“အေးလေ ... ဟုတ်သားပဲ။ ဒီအချိန်ဆို ခြံထဲဆင်းစကားပြောရင် အရမ်းမိုက်တာ”

အဲဒီစကားကို ပြောလာသူက မေမေကိုယ်တိုင်ဖြစ်နေတာကြောင့် ဗျာက ဆက်မငြင်းချင်တော့ဘဲ ခြံထဲဆင်းဖို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခဲ့သည်။ မေမေဟာ ဗျာ့ကို အိမ်ထောင်မြန်မြန်ပြုစေချင်ပုံရသည်။ ဒါမှပဲ မေမေ စိတ်အေးမယ်ဆိုတာ ဗျာက သိလို့နေပြီး မေမေ ဘာကို စိုးရိမ်နေလဲဆိုတာကိုပါ သိ၏။

"အသီးစားပြီးရင် ခြံထဲဆင်းလာခဲ့လေ"

"ဟုတ်ကဲ့ဗျ"

ဗျာ့အနောက်ကနေ ကုပ်ချောင်းချောင်းလိုက်လာသော သီဟဆိုတဲ့ တစ်ယောက်ကို ခြံထဲရောက်တာနှင့် ဗျာက ခပ်စူးစူးတစ်ချက် ကြည့်လိုက်၍ ...

"ဒီမှာ ... ကိုသီဟ၊ မေမေ့ဆီကနေ ကြားရတာကတော့ ရှင်က ကျွန်မကို ပတ်သက်ချင်တယ်တဲ့"

"ဟုတ် ... ဟုက်ပါတယ်။ ဗျာ့ကိုလေ ကျွန်တော်မြင်မြင်"

"ဟိုး ... ခဏလေး။ ကျွန်မ ပြောပြစရာလေး ရှိပါသေးတယ်။ ကိုသီဟကို ကျွန်မ ဘယ်တော့မှ လက်ခံဖြစ်မှာမဟုတ်ပါဘူး။ အဲဒီတော့ အပင်ပန်းခံပြီး ကြိုးစားမနေပါနဲ့"

"ဟို ... ဗျာရယ်"





ဗျာက ထပ်ပြီး စကားဆက်ခွင့်မပေးဘဲ အမြန်စကားဖြတ်ချပစ်လိုက်တော့သည်။

"ရပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ဆုံးဖြတ်ချက်တွေ မပြောင်းလဲပါဘူး။ လူကြီးတွေရှေ့မှာ ပြောရတာ အားနာလို့ ဒီမှာ လာပြောတာပါ။ ဒြော် ... ပြန်ရင် လူကြီးတွေကို နှုတ်ဆက်သွားလိုက်ပါဦးနော်"

အဲဒီ သီဟ ဆိုသော တစ်ယောက်က ရှက်ရှက်နဲ့ အိမ်ထဲပြန်ဝင်ကာ ခဏနေ ပြန်ထွက်လာကာ တစ်ချိုးတည်း လစ်သွားတော့တာဖြစ်သည်။ ဗျာက ခြံထဲကနေ အစအဆုံးထိုင်ကြည့်နေကာ ပြုံးမိသွားလေသည်။ အိမ်ထဲပြန်ဝင်ရင် အပြောခံနေရမှာစိုးလို့ မဝင်သေးဘဲ ဗျာက ခြံထဲမှာပဲ ခဏဆက်ထိုင်နေတုန်းမှာ ဗျာ့နံဘေးသို့ နေဝန်းက ရောက်လာလေသည်။

"ဘယ်လိုလဲ ... မေမေ ဗျာ့ကို အိမ်ထဲမှာ ကောင်းကောင်းကောနေပြီလား"

"နည်းနည်းပါ။ အန်တီက ဗျာ့ကို ပေးတွေ့ရုံသက်သက်ပါ။ ဟင်း ဟင်း ... ဗျာ အချစ်ကို သစ္စာရှိရှိ ရင်ဆိုင်ရဲနေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



နေဝန်း စကားကြောင့် ဖျာက နေဝန်းကို တစ်ချက် ငဲ့ကြည့်လိုက်သည်။ ပြီးတော့ မေးဆတ်ပြလိုက်ရင်း ...

"ဘာကိုမေးတာလဲ နေဝန်း"

"ဩော် ... ဘာရယ်တော့ မဟုတ်ပါဘူး။ မေးလိုက်တာပါ။ ဒါနဲ့ ဖျာ ဟိုတစ်ယောက်နဲ့ contact ရလား"

"ဘယ်သူလဲဟင်"

"ရွှေဘုန်းဂါကို ပြောတာလေ"

ဖျာက အဲဒီနာမည်ကြောင့် နှလုံးသားတစ်ခုလုံး ပူနွေးသွားသလို ခံစားရလေသည်။ ဒါပေမဲ့ ဒီလောက်အချိန် လောက်ဆို သူ အပြောင်းအလဲတွေ ဖြစ်နေလောက်ပါပြီ။ ယုယနဲ့ နေဝန်းတောင် အခြေအနေတွေ နေရာတကျ ဖြစ်နေပြီပဲဟာ။ ဖျာက ခပ်လေးလေး အပြုံးတစ်ခုဖြင့် ခေါင်းယမ်းပြရင်း ...

"မရှိပါဘူး။ သူနဲ့ ပတ်သက်စရာ အကြောင်းမှမရှိတာ"

"ဩော် ... အင်း။ သူ့ကို ပြီးခဲ့တဲ့နှစ်က တွေ့လိုက်သေးတယ်။ ယုယ ကလေးမွေးတဲ့အချိန်တုန်းကလေ။ ဧကလေးပါပဲ။ ဆရာဝန် round check နဲ့ အတူလိုက်လာတာ။ စကားတောင် မပြောလိုက်ရဘူး"





"ဟုတ်လား ... အင်း"

"ကဲပါ ... အိမ်ထဲဝင်ရအောင်လေဖျာ။ နောက်ရက်မှ နင့်ကို ငါ့ကောင်မလေးနဲ့ မိတ်ဆက်ပေးမယ်"

"အင်း ... ဝင်ကြမယ်လေ"

ဖျာက နေဝန်းနဲ့အတူတူ အိမ်ထဲဝင်လာခဲ့တော့သည်။ ဖျာ့ကို မေမေက ခုနကကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောပေမယ့် ဖျာက စိတ်ထဲမလုံတာကြောင့် စောစောစီးစီးပဲ အခန်းထဲဝင်ကာ အနားယူလိုက်တော့သည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



ဗျာက ဒီနေ့မှာ နေဝန်းတို့စုံတွဲ၊ ယုယတို့လင်မယား နဲ့အတူ ဆိုင်မှာဆုံကာ စကားပြော စားသောက်ပြီးနောက်မှာ ဗျာ တစ်ယောက်ပဲ ပြန်လာရသည်။ သူတို့စုံတွဲတွေက ကိုယ့်လမ်း ကြောင်းနဲ့ကိုယ်မို့ ဗျာက ကြားထဲက အရှုပ်ထုပ် မဖြစ်ချင်တာ ကြောင့် ကိုယ့်ဘာသာ Taxi ပဲငှားလိုက်တော့သည်။ ဗျာက Taxi အလာ စောင့်နေချိန်မှာ ကားတစ်စီးက ထိုးရပ်၍ ...

"အစ်မ ... ဘယ်သွားမလဲ"

Taxi လည်း မဟုတ်ဘဲ။ ဗျာက ဒါ သက်သက်ရိ တာဆိုတာသိလို့ ကားသမားကို ကောဖို့ကြည့်လိုက်လျှင် သူ ... သူဟာ။ ဗျာက အံ့သြမှင်တက်နေတုန်းမှာ သူက ပြုံးဖြဲဖြဲမျက်နှာ ဖြင့် ...

"သြော် ... ဘယ်သူများလဲလို့။ ကဲ ... ဘယ်သွားမှာလဲ ပြော"





"ရတယ် ... Taxi တွေ ရှိတယ်"

"ဈော် ... ကျွန်တော့်ကားကလည်း Taxi ပဲဗျ။ ဒီမှာ အစ်မကြီး ... ကားပေါ်တက်မှာလား မတက်ဘူးလား။ ဒီနေရာက ကားအကြာကြီးရပ်လို့ မရဘူး။ မြန်မြန်တက် စမ်းပါ"

"မတက်ဘူး ... ကိုယ့်လမ်းကိုယ်သွား"

ဗျာက ခပ်ပြတ်ပြတ်ပြောကာ ရှောင်ထွက်ဖို့ ကြိုးစား လေလျှင် သူက အသည်းအသန် လှမ်းအော်လေ၏။

"ဟော့ ... ဟော့ ... ဒီကို ယုယနဲ့ နေဝန်းက လွှတ်လိုက် လို့လာတာ။ မင်း ကားပေါ်မတက်ရင်တော့ မင်းကို လမ်း လယ်ကောင်မှာ ချုပ်ပြီးကားပေါ်တင်ရမှာပဲ"

ဗျာက အဲဒီစကားကြောင့် အံ့လည်း အံ့သြသွားရ သလို သူ တကယ်လုပ်ရင် ဒုက္ခဆိုပြီး နောက်ခန်းတံခါးကိုဖွင့် ကာ ကားထဲဝင်ထိုင်လိုက်တာနှင့် သူက ဝေါခနဲ မောင်းထွက် လိုက်လေသည်။ သူက ကားပေါ်မှာ ဗျာ့ကို စကားတစ်ခွန်းမှမဆို ဘဲ ကမ်းနားဘက်သို့ မောင်းချလာခဲ့၏။ ကားရပ်လိုက်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူက လျင်မြန်သွက်လက်စွာ ကားပေါ်ကဆင်း၍ နောက်ခန်းတံခါးဖွင့်ကာ ဗျာ့ဘေး ဝင်ထိုင်လိုက်သည်။ ဗျာက သူ့ရဲ့အပြုအမူအတွက် သူ့ကို အူကြောင်ကြောင် ကြည့်မိနေစဉ်မှာ သူက ဗျာ့မျက်လုံးတွေကို စူးစူးစိုက်စိုက် ကြည့်၍ ...

"ဘယ်လိုလဲ ဒေါက်တာမကြီး၊ အရမ်းကို ရက်စက်တတ်တဲ့ပညာတွေ ပိုတတ်လာခဲ့လား"

ဗျာ့ကို ခနဲ့နေတဲ့စကားမို့ ဗျာက မျက်နှာကို တစ်ချက်မဲ့လိုက်ကာ ...

"ကျွန်မ ပြန်မယ်"

BURMESE CLASSIC .com

ကားတံခါးကို ဖွင့်မယ်အပြုမှာ သူက Auto lock ကို လှမ်းချကာ ဗျာ့ရဲ့လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး ...

"ဗျာရယ် ... ကိုယ့်မှာ ဘာတွေများ လုပ်ခဲ့မိလို့ ဒီလောက်ထိ မင်း ရက်စက်တာကို ခံနေရတာလဲ။ အခု မင်းကို ယုယတို့ နေဝန်းတို့ကပါ ကိုယ်နဲ့သဘောတူနေပါပြီ။ မင်း ပှိုရောက်နေတဲ့အချိန်တွေမှာ ကိုယ် သူတို့နဲ့ အရမ်းကို အဆင်ပြေခဲ့တယ်။ သူတို့တွေ ဆိုင်သူကိုယ်စီ ရှိသွား





တာတောင် မင်း ကိုယ့်ကို သိရတယ်လို့ တစ်ခါလောက်များ လွမ်းဖူးရဲ့လားဟင်"

ဗျာက အဲဒီစကားတွေကြောင့် သူ့မျက်ဝန်းတွေကို ငေးမိသွားလေသည်။ ဗျာ့ကို အရမ်းလွမ်းနေတဲ့ အရိပ်တွေကို မြင်နေရသည်။ ဗျာလည်း လွမ်းခဲ့တာပေါ့။ ပြီးတော့ သူက ဗျာ့အကြောင်းတွေကို ဒီကနေစုံစမ်းနေတဲ့သူပဲ။ အဲဒါကြောင့်မို့ ဒီနေ့ယုယက ဗျာ့ကို အပြင်ထွက်ဖို့ ဖွတ်ဘာလို့ ခေါ်ရတာလဲဆိုတာ သဘောပေါက်တော့သည်။ ဗျာသည် ငိုအားထက် ရယ်အားသန်ဖြစ်ရလေသည်။ ပြီးတော့ သူက ဗျာ့ကို ဒီအချိန်ထိစောင့်နေတယ်။

"ဗျာ ... ကိုယ့်မှာ မင်းကလွဲပြီး လက်ထပ်ရမယ့်သူ မရှိပါဘူး။ ဗျာ့ကိုပဲ ကိုယ် မျှော်လင့်စောင့်နေခဲ့ရတာ ဗျာရဲ့"

"အပိုတွေ ... တော်ပါပြီ အချစ်ဆိုတာ ခဏလေးပဲ။ တော်တော့ ကျွန်မ အိမ်ပြန်တော့မယ်"

ဗျာက ကားပေါ်ကဆင်းဖို့ ဟန်ပြင်လျှင် သူက ဗျာ့လက်ဖဝါးနှစ်ဖက်ကို တင်းနေအောင် ဆုပ်ကိုင်ထားကာ ဗျာ့မျက်ဝန်းတွေကို စိုက်ကြည့်၍ ပြုံးမြမြ မျက်နှာထားဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ခဏလေး မဟုတ်ဘူး ဗျာရဲ့။ အချိန်တွေပြောင်းလည်း မပြောင်းလဲတဲ့ အချစ်တွေရှိတယ်။ For example ကိုယ်လေ။ ကိုယ့်အချစ်တွေကို အခုချိန်မှာ မင်းရဲ့မိသားစုတစ်စုလုံးက လုံးဝယုံကြည်လက်ခံလိုက်ပြီ။ မနေ့က ဗျာနဲ့ ပေးတွေ့တဲ့ တစ်ယောက်က ကိုယ့်သူငယ်ချင်းလေ။ ဗျာ့ကို တမင်တကာ စချင်လို့ အားလုံးနဲ့ပေါင်းပြီး ဒုက္ခပေးတာ။ ဟဲ ဟဲ ... Just kidding နော်။ ချစ်လို့စတာ"

ဟယ် ... ကြည့်စမ်း။

ဗျာဟာ တကယ်ပဲ အံ့သြမိလေသည်။ ဒါကြောင့်မို့ကို မေမေက ဗျာ ရောက်ရောက်ချင်း အဲဒီ သီဟာဆိုတဲ့လူနဲ့ ဖွတ်ပေးတွေ့တာကိုး။ ဗျာ အဲဒီလူကို ပြောပစ်တော့လည်း မေမေ မဆူပါဘူးမှတ်တယ်၊ လက်စသတ်တော့ ဒီလိုကိုး။

"ကိုယ် ဗျာ့ကို တစ်နေ့မှ မေ့မရဘူး။ ပြီးတော့ တစ်နေ့မှလည်း အချစ်မလျော့ခဲ့ဘူး၊ ဗျာကောဟင် ... အဲဒီလိုပဲ မဟုတ်လား"





ဗျာက အဲဒီစကားကြောင့် သူ့ကို မျက်စောင်းတစ်ချက် ထိုးမိသွားသည်။ ဒါဟာ ဘာကိုဆိုလိုတာလဲ သိတဲ့သူက အပြုံးတစ်ခုနဲ့အတူ ဗျာ့လက်ဖဝါးလေးကို တစ်ချက်ဖျစ်ညှစ်လိုက်ရင်း ...

"အခုဆို အမုန်းတွေအားလုံးလည်း ပြယ်ကုန်ပါပြီ ဗျာရယ်။ ကိုယ့်ကို မငြင်းတော့ဘူးမှလားဟင်"

ဗျာ့ရဲ့ရင်ခုန်သံတွေက ဓာဒုတ်ဒုတ်နှင့် ထိုးခုန်ထွက်လာလေသည်။ ဗျာအတွက် ဒီလောက်တောင် ကံကောင်းလိမ့်မည်ဟု ထင်မထားတာကြောင့် ပိုပြီးလည်း အံ့သြရလေသည်။ သူက ဗျာ့ကို မငြင်းတော့ဘူးမှလားတဲ့၊ ဗျာသည် ငံ့လင့်နေသော မျက်ဝန်းတို့ဖြင့် ငေးကြည့်နေသော ငြင်းချင်စရာ တစ်ကွက်မှမရှိလေသော သူ့ကို ဗျာက ကြည်ကြည်နူးနူး ပြုံးကြည့်မိရင်းက သူ့ကို စိတ်ချယုံကြည်စွာ ခေါင်းညိတ်ပြလိုက်တော့သည်။

♥ ✦ ♥



www.burmeseclassic.com

www.burmeseclassic.com



လေးစားစွာဖြင့်

**မယ်မင်းဘုံ**

27th August 2012 (Mon)

11:22 A.M

BURMESE CLASSIC .com

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
မယ်မင်းဘုံ
အမှတ်-၃၉(မြေညီ)၊ ဓမ္မစိန္တာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊
သို့ လိပ်မူ၍ ရေးသားပေးပို့နိုင်ပါသည်။

**Facebook on "Mae Min Bon"**

www.burmeseclassic.com